
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ▭ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၁၆၊ ဩဂုတ်လ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ▭ *Maw Maw (New Idea)*
အတွင်းဖလင် ▭ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
(ဖြိုးဝေလှုံ့ပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ ကျပ်

၈၉၅ ● ၈၃

ညီညွှန့်မှိုင်း၊ မောင်(သန်လျင်)
တိုက်ပုံရင်ကွဲငန်းတော်ကျား၊ခိုက်တယ်၊သုဘ/
မောင်ညီမှိုင်း၊(သန်လျင်)။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၆။
၁၃၉–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) တိုက်ပုံရင်ကွဲငန်းတော်ကျား၊ခိုက်တယ်၊သုဘ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တိုက်ပုံရင်ကွဲဝန်းတော်ကျား | ၁ |
| ၂။ | ခိုက်တယ် | ၄၄ |
| ၃။ | သုဘ | ၉၉ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တိုက်ပုံရင်ကွဲနဲ့ လူကြီး။

တိုက်ပုံက အညာဖျင် ပင်နီကြမ်းတိုက်ပုံနှင့်။

ရင်ဖွင့်ပြီး ဝတ်ထားတော့ အောက်ခံရင်ဘတ်ကို အထင်းသား မြင်နေရတယ်။ ရင်ဘတ်ပေါ်မှာ အင်းကွက်တွေပြည့်လို့။ လက်ဖျံနှစ်ဖက်မှာလည်း ပါဠိလို ရေးထားတဲ့ စာတန်းတွေလည်း ပြည့်နေတာပဲ။

လက်ခုံပေါ်မှာလည်း အင်းကွက်ရှိရဲ့၊ လက်ဝါးပေါ်မှာလည်း အင်းကွက်ရှိရဲ့၊ လူကြီးက အသက် (၇၀)ကျော်မည့် ရုပ်မျိုးဗျ။

ဆံပင်တွေက ဂုတ်ထောက်လို့။

မျက်နှာကလည်း အကြွေဆယ်ပြားစေ့လိုပဲ လေးထောင့်ကျကျကြီး။ ရုပ်ရည်ကို ခန့်မှန်းရရင်တော့ ကရင်တိုင်းရင်းသား မျက်နှာကျရုပ်မျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com



နွတ်ခမ်းမွေး ဖြူဖြူထူထူတွေက ပါးစပ်ထဲပါ ကုပ်ဝင်နေသလိုဖြစ်လို့၊ ကွမ်းဝါးနေပုံကလည်း ရွံစရာပါပဲဗျာ။

ကွမ်းတံတွေးတွေက နှုတ်ခမ်းမွေးဖြူဖြူတွေကို ပေကျံရုံမျှမက ပါးစပ်ကနေ စီးကျနေလိုက်တာ ဖျင်ကြမ်းတိုက်ပုံ ရင်ဘတ်ပါ ပေကျံနေတာပဲ။

ကချင်ပုဆိုးအကွက် ချေးလက်လေးသစ်နဲ့ ပုဆိုးအောက်နားကွဲကို မချုပ်ဘဲ ထုံးထားသေးရဲ့။

ပြီး . . . ယောဂီရောင်လွယ်အိတ် ဖောင်းဖောင်းကြီးလွယ်လို့၊ လူကြီးပုံစံက အရူးလိုလို၊ ဘာလိုလိုပုံကြီး။

စီးထားတဲ့ ရွာလွတ်လုပ် ရာဘာဖိနပ်ကလည်း အမြီးတိုပြီး သဲကြိုးပြတ်နေတဲ့နေရာကို ကြေးနန်းကြိုးနဲ့ ချည်ထားတာ မြင်ရတယ်။

လူကြီးက ချမ်းသာကြီး လက်ဖက်ရည်ဆိုင်က ထိုင်ခုံမှာ ထိုင်ရင်းက စားပွဲထိုးကောင်လေးကို လှမ်းခေါ်လိုက်တယ်ဗျ။

"ချာတိတ် . . . လာဦး"

စားပွဲထိုးကောင်လေးက လှည့်ကြည့်ပြီး မကြားယောင်ပြုလို့ ထွက်သွားရော။

နောက်ထပ် စားပွဲထိုးကောင်လေးတစ်ယောက်ကို လှမ်းခေါ်ပြန်တယ်။

"ဟေ့ကောင်လေး . . . လာဦး"

ဒုတိယမြောက် စားပွဲထိုးကောင်လေးကလည်း အရူးလိုလူကြီးကို လှည့်ကြည့်ပြီး လျှာထုတ်ပြလို့ လှည့်ထွက်သွားပြန်ပါရော။

ဒီလိုနဲ့ တိုက်ပုံရင်ကွဲနဲ့ လူကြီးဟာ စားပွဲထိုးငါးဦးကို လှမ်းခေါ်ပါသော်လည်း တစ်ဦးမှ သူ့ကို အရေးမလုပ်ကြတော့ အံကြိတ်ပြီး စားပွဲထိုးတွေကို လိုက်ကြည့်နေရဲ့ဗျ။

ဆိုင်ထဲက စားသောက်နေသူတွေကလည်း လူကြီးကို စိတ်မနှံ့သူလို့ ထင်နေကြပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးကို စားပွဲထိုးကောင်လေးတွေက လုံးဝ အရေးမလုပ်ကြဘူးဗျ။ လူကြီးက ဒန်ရေနွေးကရားထဲက ရေနွေးကြမ်းတွေကို တစ်ခွက်ပြီးတစ်ခွက် သောက်နေတော့တယ်။

ကျွန်တော်ကလည်း စပ်စပ်စုစုသမားလေဗျာ။

စာတိုပေစလေး မတောက်တခေါက် ရေးနေသူဆိုတော့ ပုံပန်းသဏ္ဍာန်ထူးခြားတဲ့လူကြီးကို စိတ်ဝင်စားသွားတာပေါ့ဗျာ။

ဒါနဲ့ သူ တစ်ဦးတည်းထိုင်နေတဲ့ စားပွဲကိုသွားလိုက်ပြီး သူနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်တယ်။

သူက ကျွန်တော့်ကိုလည်း ဂရုမစိုက်ပါဘူးဗျာ။

ရေနွေးကြမ်းပဲ တစ်ခွက်ပြီးတစ်ခွက် သောက်၊ ရေနွေးအိုးထဲက ရေနွေးကုန်တော့ အိုးဖုံးကိုခေါက်ပြီး စားပွဲထိုးကို ရေနွေးကြမ်းလှမ်းတောင်းတယ်။

ဘယ်သူမှ မလာကြဘူး။

နောက်ဆုံး ကျွန်တော်က စားပွဲထိုးတစ်ဦးကို လှမ်းခေါ်လိုက်တော့မှ ရောက် လာတယ်။

"ဆရာ . . . ဘာသောက်မှာလဲခင်ဗျ"

"ပေါ့ဆိမ့်"

"ရှယ်လား၊ ရိုးရိုးလားခင်ဗျ"

"ရှယ်ပေါ့ကွာ"

"ရမယ် . . . ဆရာ၊ ခဏလေးစောင့်"

ကောင်လေးက လှည့်ထွက်မလို့အလုပ်မှာ . . .

"ချာတိတ် နေဦး"

"ဘာစားချင်လို့လဲ . . . ဆရာ ပြောပါ"

ကျွန်တော်က အရှုးလိုလို တိုက်ပုံရင်ကွဲနဲ့လူကြီးကိုကြည့်ပြီး . . .

"အဘက ဘာသောက်မှာလဲခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော...ငါ့ကို ပြောတာလား"

"ဟုတ်တယ်...အဘ။ အဘ ပေါ့ဆိမ့်လား၊ ချိုကျလား၊ ပုံမှန်လား ပြောပါ...အဘ"

"ငါ့လူက တိုက်မလို့လား"

"ဟုတ်ကဲ့ပါ ခင်ဗျ။ အဘ သောက်ချင်တာမှာပါ ခင်ဗျား"

ဒီမှာ လူကြီးက စားပွဲထိုးကောင်လေးကို လှမ်းကြည့်ပြီး...

"ဟေ့ကောင်လေး...မင်းတို့ဆိုင်မှာ ဘာသောက်စရာတွေရတုန်း ပြောစမ်းဟေ့"

စားပွဲထိုးကောင်လေးကအရှုးလိုလူကြီးကိုအဖက်မလုပ်ချင်ပါသော်လည်း ကျွန်တော်က တိုက်မှာကိုသိနေတော့ ရနိုင်တာတွေကို ပြောပြတယ်။

"လက်ဖက်ရည်၊ ကော်ဖီ၊ မိုင်လို၊ အိုဗာတင်း၊ နွားနို့ ရတယ်"

"နက်(စ်)ကော်ဖီ မရဘူးလား"

"နက်(စ်) ဟုတ်လား"

"ဟုတ်တယ်...ပြင်သစ်နိုင်ငံကထုတ်တဲ့ နက်(စ်)ကော်ဖီ ကြားဖူးလား အဲဒါ ရမလား"

"ရတယ်"

"ရရင် နက်(စ်)ကော်ဖီတစ်ခွက်၊ သကြားနည်းနည်းပဲထည့်။ စားစရာက ရော ဘာတွေရှိတုံး"

လူကြီးက ခပ်တည်တည် မေးနေတာခင်ဗျ။

စားပွဲထိုးကလည်း မထီလေးစားမျက်နှာနဲ့ ပြောတယ်ဗျ။

"ပေါင်မုန့်ကြက်ဥကြော်၊ ထမင်းကြော်၊ စမူဆာ၊ နံပြား၊ အီကြာကွေး၊ ဝက်သား၊ ကြက်သားပေါက်စီ၊ ကိတ်မုန့်၊ ပဲမုန့် ရတယ်"

"ဆင်းဒဝစ်(ချ်) မရှိဘူးလား"

"ဘာဗျ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်ဘာဂါ မရှိဘူးလား"

"အဘိုးကြီး . . . ခင်ဗျားက မြင်ဖူးစားဖူးလို့လား"

"ရှိရင် ချကွာ"

"ခင်ဗျားပြောတဲ့ ဟမ်ဘာဂါတို့ ဆင်းဒဝှစ်(ချ်)တို့ စားချင်ရင် ဒီဆိုင်ကို မလာနဲ့ဗျ။ အင်းလျားလိတ်တို့ စထရင်းဟိုတယ်တို့မှာ သွားစား။ တန်ရာတန်ရာ မပြောဘူး"

"ဒါဆို ပေါင်မုန့်ကြက်ဥကြော် ဆယ်ခုလုပ်ခဲ့"

"အဲဒါ ဘယ်သူ့ရှင်းမှာလဲ"

စားပွဲထိုးကောင်လေးက အရှုးလိုလူကြီးနဲ့ ကျွန်တော့်ကိုကြည့်ပြီး မယုံသလို မေးပါရောဗျာ။

ကျွန်တော်ကလည်း လူကြီး နောက်ပြောင်ပြောနေတယ် မှတ်တာပေါ့ဗျာ။ ဒီမှာပဲ အဘိုးကြီးက ဖြတ်ပြောလိုက်တယ်၊

"ငါရှင်းမှာ"

"ခင်ဗျားရှင်းမှာ . . .အဘိုးကြီး ပိုက်ဆံရော ပါလို့လားဗျ"

"ပိုက်ဆံ . . . ဟုတ်လား"

"ဟုတ်တယ် . . . စားပြီးရင် ငွေရှင်းနိုင်ဖို့ အရေးကြီးတယ်။ မရှင်းနိုင်ရင် ခင်ဗျား မလွယ်ဘူးနော်"

ဒီမှာပဲ အရူးလို နှုတ်ခမ်းမွေးစုတ်ဖွား ဆံပင်ကုပ်ထောက် ဖျင်ကြမ်းတိုက်ပုံရင်ကွဲနှင့် လူကြီးက ယောဂီရောင် လွယ်အိတ်ကြီးထဲ လက်နှိုက်ပြီး ဆွဲထုတ်လို့ စားပွဲပေါ် ပစ်ချလိုက်တယ်ဗျ။

"ဘုန်း"

"အဲဒါ စက္ကူစုတ် . . . . မဟုတ်ဘူး . . . ပိုက်ဆံ။ ဟေ့ကောင် . . . စားပွဲထိုး မင်း ဒါမျိုး ကိုင်ဖူးလား၊ မြင်ဖူးလား ပြော"

စားပွဲပေါ်ပစ်ချလိုက်တာ တစ်ထောင်တန်ငွေစက္ကူ ဘဏ်စည်း ငါးစည်းဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ တစ်အုပ်ကို ရွက်ရေတစ်ရာစည်းဗျ။

စားပွဲထိုးရော၊ ကျွန်တော်ရော အံ့ဩသွားပါရော။

နံဘေးမှာ စားသောက်နေတဲ့ လူတွေလည်း လှည့်ကြည့်ကြလို့။

"ဟေ့ကောင် . . .စားပွဲထိုးစုတ်၊ ရှိသမျှ မုန့်မျိုးစုံ ခုချက်ချင်း လာချစမ်း။ ခွေးမသားလေး . . . လူကို မထေမဲ့မြင်လုပ်လို့။ ငါ ငွေထုတ်နဲ့ ကောက်ပေါက်လိုက်ရင် သေသွားတော့မယ်ကွာ။ သွား . . . မြန်မြန်လုပ်"

စားပွဲထိုးလည်း ငွေစက္ကူပါကင်ထုပ်တွေမြင်ရော ပြန်မပြောရဲတော့ဘူး။ နက်(စ်)ကော်ဖီ အပါအဝင် မုန့်မျိုးစုံလာချလိုက်တာ။

စားပွဲခုံကို ပြည့်လျှံသွားတာပဲ။

ဆိုင်ရှင်ကလည်း မုန့်မျိုးစုံချပေးရတဲ့ ဝိုင်းမို့ အံ့အံ့ဩဩ ရောက်လာကြည့်ရောဗျ။

"စားကွာ . . . ဒါနဲ့ မင်းက ဒီမြို့သားပဲလားကွ"

"ဟုတ်ပါတယ် . . . အဘ"

"အလုပ်ကရောကွ"

"စာရေးဆရာပါ ခင်ဗျ"

"သူဌေးဖြစ်ပြီလားကွ . . . စားနော် သား"

"ရရစားစားပါ အဘ"

"မင်း ငါစားတဲ့တန်ဖိုး ရှင်းနိုင်လား"

"ရှင်းနိုင်ပါတယ် အဘ။ စားသာစားပါခင်ဗျ"

"ဟုတ်ရဲ့လား . . . စာရေးဆရာ"

"အဟုတ်ပြောတာပါ . . . အဘရဲ့ စားပါ"

ဒီလိုနဲ့ အရူးလိုလူကြီးက နက်စ်ကော်ဖီသုံးခွက်သောက်တယ်၊ ကြာဇံ ပေါင်မုန့်ကြော်ဆယ်ခုကို ပလုပ်ပလောင်း စားပစ်လိုက်တယ်။

ပြီး . . . နံပြားငါးချပ်ကို ပဲပြုတ်ဆီဆမ်းနဲ့ အကုန်စားပစ်လိုက်ပြန်ရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်သုပ်ပဝါနဲ့ လက်သုတ်တယ်ဗျ။

စားလို့ပြီးပြီ မှတ်တာ။

ဘယ်ပြီးမှာလဲဗျာ ... ဝက်သားပေါက်စီငါးလုံးကို ရေနွေးကြမ်းနဲ့ တီးပစ်လိုက်ပြန်ပါရောဗျ။

ဆိုင်ရှင် ကုလားကြီးကလည်း အံ့ဩတဲ့မျက်နှာနဲ့ကြည့်လို့ ပတ်ဝန်းကျင် စားပွဲက စားနေတဲ့လူတွေကလည်း ရှုဇကာပုဏ္ဏားကြီး ရောက်နေတယ်ပေ့ါဆိုပြီး လာရပ်ကြည့်ကြပါရောဗျို့။

"ဝပြီလား ... အဘ"

"ခဏလေးပါကွာ"

ပြီးနောက် ကြက်သားပေါက်စီငါးလုံးကို အချဉ်နဲ့ တို့ပြီးစားလိုက်ပါရောဗျာ။

ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် ဒီလို အစားကြီး၊ အစားကြမ်းတာမျိုး မတွေ့ဖူးပါဘူးဗျ။

"ဝရဲ့လား အဘ"

"ဝပြီကွ ... စားမယ်ဆိုရင်တော့ ကိတ်မုန့်နှစ်လုံးလောက် ဝင်နိုင်သေးသကွ"

"ဗျာ ..."

ဒီမှာ လူဝဝကြီးတစ်ဦးက မယုံလို့ ဝင်ပြောပါရော။

"ဘကြီး"

"ဘာတုံးကွ"

"နောက်ထပ် ကိတ်မုန့်နှစ်လုံး စားနိုင်ပါ့မလားဗျ"

"မင်းက လောင်းကြေးစားကြေး လုပ်ချင်လို့လား"

"အဘ ဝမ်းဗိုက်ပွင့်သွားမှာစိုးလို့ ပြောတာပါဗျ"

"ဟင်း ဟင်း ဟင်း ... ဒါလေးများ ... ဒါလေးများ"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ပြောရင်းကနေ လှီးထည့်ထားတဲ့ ကိတ်မုန့်(၁၀)ချပ်ကို ငါးချပ်စီ စုပြီး ပါးစပ်ထဲသွင်း ရေနွေးနဲ့ မျှောချလိုက်တာ ပန်းကန်ထဲ ပြောင်သွားပါရောဗျ။

"ယံ့လား"

"ရှားပါတယ် ... ဘကြီးရာ"

"ရှင်းမယ်ဟေ့ လာ ..."

ဒီမှာ ကျွန်တော်က စကားခံထားပြီးမို့ ငွေရှင်းဖို့ ပြောရတာပေါ့ဗျာ။

"အဘ ... ကျွန်တော် ရှင်းပါ့မယ်ခင်ဗျ။ ချာတိတ် ... အားလုံး ဘယ်လောက် ကျလဲဟေ့"

"လေးထောင့်သုံးရာ ကျတယ်ခင်ဗျ"

"ရော့ ..."

ဒီမှာ လူကြီးက ကျွန်တော်ပေးနေတဲ့ပိုက်ဆံကို သူ့လက်နဲ့ဖယ်ပစ်ရင်း ...

"ငါရှင်းပါ့မယ်ကွာ ... ရော့ ... ရော့"

ပါကင်အုပ်ထဲက တစ်ထောင်တန်ငါးရွက်ကိုအမြန်ထုတ်ပေးပြီးလွယ်အိတ်ကြီးလွယ်လို့ ထရပ်လိုက်ပါရောဗျ။ ဒီမှာ ဆိုင်ရှင်ကုလား ဗိုက်ရွှဲက ဝမ်းသာအားရ မျက်နှာနဲ့ ပြောလိုက်တယ်။

"အာရေ ... ဘကြီး မကြာခဏ လာစားပါနော်။ ခုလိုပဲ အားရပါးရ စားပါ ဘကြီး"

"အဘ"

"ဘာတုံးကွ"

"အဘနာမည် ဘယ်လိုခေါ်ပါလဲ ခင်ဗျ"

"ငါ့နာမည် ..."

"ဟုတ်ကဲ့ပါ ... ခင်ဗျား"

"ဒီမှာ ... ငါ့လူရဲ့ မင်းက စာရေးဆရာပီပီ တယ်အလေ့အလာ ရှိအစပ် များပေသကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

"ကျေးဇူးတင်ပါတယ်...စာရေးဆရာလေးရယ်။ မင်းဝါ့အပေါ် သဒ္ဒါတရားကြီးတာ ကျေးချင်မွေးချင်တာ ငါအများကြီး ကျေးဇူးတင်ပါတယ်ကွာ။ မင်း အခု အသက်ဘယ်လောက်ရှိပြီတုံးကွ"

"အသက်သုံးဆယ်ပါ...အဘ"

"အင်း...အင်း...အင်း...အသက်သုံးဆယ်"

လူကြီးက လေထဲမှာ လက်ညှိုးစာရေးသလို ဂဏန်းတွက်သလို လုပ်ရင်းက...

"မင်း ဗုဒ္ဓဟူးသား မဟုတ်လားကွ"

"ဗျာ..."

"အင်း...အင်း...ငါ့လူက ရာဟုဖွားပဲ။ မင်း ထောင်ကျကိန်းရှိတယ်နော် စာရေးဆရာ"

"ဗျာ..."

"မိန်းမရှိရင် ကွဲလိမ့်ဦးမယ်ဟေ့"

"အ...ဘ"

"အိမ်ထောင်ကွဲပြီး လူလုံးမလှဖြစ်ဦးမယ်"

"..........."

သူ့ကို ကျွန်တော် ဗေဒင် မမေးပါဘူးဗျာ။ သို့သော် သူက အရှုးလိုလို၊ အကောင်းလိုလိုနဲ့ ပါးစပ်ကနေ ဗေဒင်ဟောနေသလို အားမနာတမ်း ပြောနေတာဗျ။

"မင်း အသက် (၅၅)နှစ်ရောက်ရင် ငွေကို သိန်းနဲ့သန်းနဲ့ရှိပြီး ကိုင်ရသုံးရမှာ...ငါ့လူရ။ မင်းရုပ်ရည်နှင့် မတန်တဲ့ မိန်းမချောနဲ့ အိမ်ထောင်ကျဦးမှာကွ၊ ပြီး...မြန်မာပြည်မှာ မင်း နာမည်ကြီးဦးမှာဟေ့။ နာမည်ကြီးပြီးတော့မှ လက်ထဲ ပိုက်ဆံတစ်ကျပ်မှ မရှိတဲ့ဘဝကို ရောက်ဦးမှာဟေ့။ ပိုက်ဆံမရှိတာကြောင့် မင်းက

www.burmeseclassic.com



အရမ်းစိတ်ချမ်းသာနေမှာ . . . စာရေးဆရာလေးရေ၊ ငါပြောတာ မှတ်ထားနော် လွဲသွားရင် ငါ့ကို နေ့တိုင်း မင်းဆဲလို့ရတယ် . . . ငါ့လူ။ ငါပြောတာ မှန်ခဲ့ရင် လက်အုပ်ချီပြီး ကျေးဇူးတင်ပါတယ် အဘလို့ပြော။ ဒီစကားတွေက မင်းငါ့ကို လက်ဖက်ရည်နဲ့ မုန့်ကျွေးပါရစေလို့ ပြောတဲ့ကျေးဇူး စေတနာကို ငါဆပ်တာပဲ၊ အရက်မသောက်နဲ့။ အရက်သောက်ရင် မင်း စီးပွားပျက်လိမ့်မယ် . . . သွားပဟေ့"

သို့ကလို တစ်ယောက်တည်း စကားတွေ အမျှင်မပြတ်ပြောပြီး ချမ်းသာကြီး လက်ဖက်ရည်ဆိုင်ထဲကနေ လှစ်ခနဲ ပြေးထွက်သွားပါရောဗျာ။

ဒီအဘိုးကြီးကို ကျွန်တော် ခုမှမြင်ဖူးတာပါ။

မူလက အရူးလို့ပဲ ထင်ခဲ့တာပါ။

အကဲခတ်နေရင်းက သနားလို့ လက်ဖက်ရည်တိုက်မယ် လုပ်ရင်းက ငွေစက္ကူထုပ်တွေ စားပွဲပေါ်ပစ်ချပြီး စားပွဲထိုးနဲ့ ဆိုင်ပိုင်ရှင်ကို အံ့ဩစေခဲ့သူပါ။

လူငါးယောက်မက စားနိုင်တဲ့အစားအစာတွေကို အကုန်စားသွားတဲ့ လူကြီးပါ။

သူ့နာမည် ကျွန်တော် မသိဘူး။

ကျွန်တော့်အလုပ်ကို သူ သိနေတယ်၊

ပြီး . . . စားသမျှကို အကုန်ရှင်းသွားတယ်။

သူက အရူးသူဌေးလား။

သူဌေးအရူးလား။

ကျွန်တော်ရဲ့ရှေ့ဖြစ်တွေကို အံ့မခန်းလိလိ ကြောက်ခမန်းလိလိ မမေးဘဲ ပြောသွားလိုက်တာ။

[မှတ်ချက်။ ။ ဘတိုက်ပုံကြီး လွန်ခဲ့သည့် အနှစ်သုံးဆယ်က ကြိုပြောခဲ့တဲ့ နိမိတ်ပုံစကားများ ကျွန်တော်အသက်(၅၀)ကျော်ခန့်မှာ အမှန်ကြုံခဲ့ရပါတယ်၊ နိုင်ငံရေးပုဒ်မနှင့် ထောင်ကျပြီး အိမ်ထောင်ပြိုကွဲသွားပြီး သမီးလေးရော . . . ရော ကွယ်လွန်ခဲ့ပါတယ်၊ ဒုက္ခဆင်းရဲမျိုးစုံရင်ဆိုင်ပြီးမှ အောင်မြင်မှုရခဲ့ပါတယ်။]



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နိုင်ပါ့မလားဗျာ။

သူ ဘယ်အရပ်သားပါလိမ့်။

သူ့နေရပ်လိပ်စာ ဘာများပါလိမ့်။

ဆိုက်ကားသမား၊ မြင်းလှည်းသမား၊ ကားသမား၊ ဈေးသည်တွေ့သမျှ စုံစမ်းမေးမြန်းတော့လည်း ဒီအဘိုးကြီးကို အလျင်က လုံးဝမမြင်ဖူးပါတဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ကျွန်တော်နှင့် ထို တိုက်ပုံရင်ကွဲ အရှုးလိုလူကြီးတို့ တွေ့ဆုံခဲ့တာ (၁၉၈၆) ခုနှစ်တုန်းက ခင်ဗျ။

သူနဲ့တွေ့ခဲ့ရတဲ့ဖြစ်ရပ်ကို ကျွန်တော်ရဲ့နေ့စဉ်မှတ်တမ်းမှာ နေ့စွဲနဲ့ ရေးထားခဲ့ပါတယ်ဗျာ။

သို့သော် အစွဲအလမ်းမထားပါဗျာ။

မေ့မေ့ပျောက်ပျောက် ကိုယ့်အလုပ် ကိုယ်လုပ်နေလိုက်တာပဲ။

တစ်နေ့ . . .

ကျွန်တော် တိုက်ပုံရင်ကွဲနဲ့ အင်းစမ ဆေးမင်ကြောင်နဲ့ အဘိုးကြီးကို မမျှော်လင့်ဘဲ သွားတွေ့ရပါရောဗျာ။

(........) မြို့လယ်၊ ဈေးရှေ့ မြွေအလမ္ဘာယ်ပိုင်းမှာဗျ။ သူ့ကို ချက်ချင်း မြင်လိုက်တာ မဟုတ်ဘူးနော်။

မြင်ရကြုံရတာက ဒီလိုဗျ။



www.burmeseclassic.com

www.burmeseclassic.com



မြွေအလယ်မှာယ်ပိုင်းမှာ တောသူတောင်သား၊ ရှေးဝယ်ရှေးပြန်တွေ ဝိုင်းကြည့်နေကြတာဗျ။

လူတွေနယ် အများကြီးဗျ။

အလယ်မှာယ်ဆရာရဲ့အမည်က မြွေမင်းရာဇာတဲ့။ အရပ်မြင့်မြင့် အသားညိုညိုကြီးဗျ။

သစ်သားသေတ္တာနဲ့ မြွေပခြုပ်ထဲက ထုတ်ထားတဲ့ မြွေဟောက်ကြီးသုံးကောင်ကလည်း ပါးပျဉ်းကြီးတွေထောင်ပြီး ပရိသတ်ကို လိုက်ကြည့်နေပုံများ ကြောက်စရာကြီးဗျာ။

"ဟောဒါ . . . ငန်းပုတ်လို့ခေါ်တယ်ဗျ။ ဟောဒီ ဝါဝါအကောင်က ငန်းဝါလို့ခေါ်တယ်၊ ဒီမည်းမည်းကောင်က တောကြီးမြွေဟောက်တဲ့။ ကမ္ဘာပေါ်မှာ အဆိပ်အပြင်းဆုံး မြွေဟောက်တွေပဲ၊ မြွေပွေးအမျိုးအစားထဲမှာ မြွေပွေးနဲ့အတူ ဂျပ်မြွေ၊ ပင်လယ်မြွေပါတယ်၊ အဆိပ်ပြင်းတယ်"

ဒီနေရာမှာ ကြည့်နေတဲ့ ပရိသတ်ကို အထူးပြောပြချင်တာက ဒီပရိသတ်ထဲမှာ တောသူတောင်သားတွေ အများစု ပါဝင်ကြပါတယ်။

လက်ထဲယာထဲ ချောင်းမြောင်းထဲမှာ အလုပ်ကြမ်းလုပ်ရတော့ အဆိပ်ရှိတဲ့ မြွေဆိုးတွေနဲ့ မကြာခဏကြုံပြီး စပါးရိတ်ရင်း မြွေကိုက်သေ၊ ကန်သင်းရိုးပေါ် မြွေပွေးကိုက်လို့သေ၊ ဒါတွေ မကြာခဏ ကြုံရပါတယ်။

ကျွန်တော့်အဖေလည်း လယ်သမားစစ်စစ်ပါ။

မြစ်ဝကျွန်းပေါ်က ကရင်ရွာလေးမှာ စပါးနယ်ရင်း တလင်းထဲက . . . မြွေဟောက်။ ဟောဒီ မည်းမည်းရှည်ရှည်ကောင်ကိုက်လို့ တလင်းထဲမှာပဲ အသက်ဆုံးခဲ့ရတယ်။

ဒါကြောင့် မြွေဆိုးတွေကို ကျွန်တော်စိတ်နာလွန်းလို့ တွေ့သမျှမြွေ လိုက်သတ်ခဲ့တာ မြွေကောင်ရေ နှစ်ထောင်ကျော်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြွေခေါင်းတွေကို ဆေးစိမ်ထားတာ ဖန်ပုလင်းကြီး ဆယ်လုံးကျော်ပါတယ်။

ဟောဒီပုလင်းက နမူနာပြတာပါ။ ကြည့်ကြပါ။

မြွေအလမ္ပာယ်ဆရာ မြွေမင်းရာဇာက တစ်ပေခန့်မြင့်တဲ့ ဖန်ပုလင်းကြီးကို ပရိသတ်တွေရှေ့လိုက်ပြစေတယ်။

ဟုတ်တယ်။ ဖန်ပုလင်းထဲမှာ မြွေခေါင်းတွေကို ဆေးရည်စိမ်ထားတာ အများကြီးပဲ။

"အဲဒါ မြွေဟောက်အုပ်စုဝင် ငန်းစောင်း၊ ငန်းပုတ်၊ ငန်းဝါ၊ ငန်းတော်ကြားတွေရဲ့ဦးခေါင်းတွေပါပဲခင်ဗျ။ နောက်တစ်ပုလင်း လိုက်ပြစမ်း...တပည့်။ ဟုတ်ကဲ့ အဲဒီပုလင်းက မြွေပွေးခေါင်း၊ ဂျတ်မြွေခေါင်း၊ ပင်လယ်မြွေခေါင်းတွေ ဖြတ်ပြီး ဆေးစိမ်ထားတာပါ"

ကျွန်တော်ကိုယ်တိုင်သတ်ပြီး ဆေးစိမ်ထားတာပေါ့။ ကျွန်တော့်အဖေကို ကိုက်သတ်တဲ့ နာကြည်းချက်နဲ့ ကျွန်တော် ရွာပေါင်းစုံနယ်ပေါင်းစုံ လှည့်ရှာဖွေ သတ်ဖြတ် အမှတ်တရ စုဆောင်းထားတဲ့ မြွေဆိုးဦးခေါင်းတွေပါ အိမ်မှာ ဒီလိုဆေးစိမ်ပုလင်းတွေ ဆယ်ပုလင်းရှိသေးပါတယ်။

နောင်တော့...ကျွန်တော် မြွေနိုင်ဂါထာ ရလာခဲ့တယ်။

မြစ်ဝကျွန်းပေါ်က မြွေဆိုးကိုက်ခံရတဲ့ လူနာ (၆၀၀)ကျော်၊ ကျွန်တော် ဟောဒီ ဆေးမြစ်နဲ့ အသက်ကယ်ကုခဲ့တာပါ။ ရောင်းဖို့များများတော့ မရှိတော့ဘူးဗျာ။

ခရမ်း သွန်းဘုရားပွဲမှာ အလမ္ပာယ်ပြတုန်းက ဆရာကြီးရယ်...မြွေဆိပ်နိုင်ဆေးတော်များ ဈေးမြှင့်ပါဆိုလို့ တောသူတောင်သား ဘုရားဖူးလာတွေကို သနားတာနဲ့ ပေးလှူခဲ့တာ သုံးရာကျော် ကုန်သွားခဲ့ပါတယ်၊

နည်းနည်းပဲ ကျန်တော့တယ်၊

"ဟဲ့...မောင်စိန်၊ ဘယ်နှစ်တောင့်ကျန်သေးတုံး"



www.burmeseclassic.com

www.burmeseclassic.com


"ငါးဆယ်ပဲ ကျန်တော့တယ် ဆရာ"

"ဟုတ်ပြီ . . . ငါးဆယ်ကျော်ကျန်ရင် တစ်ဝက်လောက်တော့ ကျွန်တော် လှူဒါန်းခဲ့ပါ့မယ်။ အလကားပေးမှာနော်။ လက်တွေ့အဆိပ်ကိုချပြမှာ။ ဟောဒီမြွေပောက်သုံးကောင်ထဲက အကြီးဆုံး ငန်းဝါကြီးရဲ့အကိုက်ခံပြီး အဆိပ်ထုတ်ပြမှာ။ မြွေဆိပ်ချ ဆေးတောင့်အတွက် ပိုက်ဆံတစ်ပြားမှ ပေးစရာမလိုဘူး"

"ဒီဆေးပင်ကိုရဖို့ ဟိုဘင်္ဂလားပင်လယ်ဝက ကုလားဆာဒူး ဘုန်းကြီးတစ်ပါးနဲ့တွေ့ပြီး မြွေနိုင်မန္တန်ကို ကျွန်တော် ရခဲ့တယ်။ အဲဒီ မန္တန်နဲ့ မြွေဆိပ်ကျဆေးပင်ကို ဆစ်ခွဲပြီး (၄၉)ရက် သက်သတ်လွတ် အဓိဋ္ဌာန်ဝင် မန္တန်တစ်သောင်းရွတ်ပြီး သိဒ္ဓိတင်ခဲ့တာပါ။

ဆရာသခင် ဆာဒူးကြီးကလည်း (၇)ရက် သိဒ္ဓိတင်ပေးခဲ့တဲ့အတွက် မြွေမှန်ရင် နဂါးကအစ ကြောက်စရာမလိုပါဘူး။ အခု ကျွန်တော် ငန်းဝါမြွေဆိုးကြီးရဲ့အကိုက်ခံပါ့မယ်။ ပရိသတ်ရှေ့မှာ မြွေဆိပ်ချပြမယ်။

ယုံကြည်မှ လှမ်းတောင်းပါ။

လူတိုင်းတော့ မရပါဘူး။

မရတဲ့အတွက် စိတ်မဆိုးကြပါနဲ့။

နောက် (၁၅) ရက် လကွယ်မှာ ကျွန်တော် ဒီနေရာ ပြန်လာခဲ့ပါ့မယ်။ ကိုင်း . . . ကြည့်ကြပါ။

"ဟဲ့ . . . ကုန်းနေ၊ တောနေ၊ ရေနေ၊ ကျောက်ကြိုကျောက်ကြားနေ၊ တွင်းအောင်းမြွေဆိုးအပေါင်းတို့ . . . ပညာသည်စီရင်တဲ့ တိုက်မြွေပါမကျန် မြွေပွေး၊ မြွေပောက်၊ ငန်းပုတ်ငန်းဝါ၊ ပင်လယ်ဂျပ်မြွေများနှင့် မင်းတို့ရဲ့သင်းပင်းရုံရွေ နဂါးမြွေတို့ သင်းတို့ကို ငါ အမိန့်ပေးတယ်။ ဦး . . . ဆျာရ သျှတ္တရီ၊ နာဂရေ ငါ့ကို ကိုက်ဝံ့ရင် ကိုက်စမ်း။ ပေါက်ဝံ့ရင် ပေါက်စမ်း။ ဟောဒီမှာ သိဒ္ဓိဝင်ဆေးမြစ် . . . တွေ့လား . . . မြင်လား . . . ကိုက်ဝံ့ ကိုက်စမ်း၊ မြွေမင်းရာဇာဆိုသူ အလင်္ကာယ်


www.burmeseclassic.com

www.burmeseclassic.com


ဆရာကြီးက အင်းစုံထိုးထားတဲ့ ညာဘက်လက်မှာ သိဒ္ဓိဝင် မြွေနိုင်ဆေးမြစ်ကို ဆုပ်ပြီး ငန်းဝါကြီးရှေ့မှာ လက်ထိုးပြလိုက်ရော . . .”

“ရှူး”

“ဟဲ့ . . .”

“အမလေး . . . နောက်ဆုတ်ကြဟဲ့”

“ကိုက်လေ . . . ကိုက်ဝံ့ကိုက် ရော့ . . .”

“ရှူး . . . ဖူး . . .”

ပါးပျဉ်းကြီးထောင်ထားတဲ့ ငန်းဝါကြီးဟာ ဆရာကြီး မြွေမင်းရာဇာ မြွေနိုင်ဆေးဆုပ်ထားတဲ့ လက်ကိုစိုက်ကြည့်ပြီး ပါးပျဉ်းနောက်ကို ဆုပ်လိုက်တာကိုမြင်ရော . . .

ကျွန်တော်တောင် အံ့ဩသွားရပါရောဗျာ။

ဆရာမြွေမင်းရာဇာက ရှေ့ကို တိုးဆန့်ရင်း ငန်းဝါကြီးကနောက်ကို ဆုတ်ပြေး၊ လုံးဝကိုမကိုက်ရဲတော့ဘူးဗျာ။

သည့်နောက် . . . မြွေပောက်ကြီးနဲ့ ငန်းပုတ်ကြီး မျက်နှာရှေ့ဆေးဆုပ်လက်ကို ထိုးပေးပြန်တယ်။ မြွေဆိုးကြီးတွေ လန့်ပြီး ပါးပျဉ်းချလိုက်တာကို မြင်ကြရော ဆရာကြီးရဲ့ မြွေနိုင်ဆေးမြစ်စွမ်းတယ်ဟော့ဖြစ်ပြီး လုမ်းတောင်းကြပါရော။

“ဆရာ . . . ကျုပ်ကို တစ်ခုပေးပါ”

“ဆရာ . . . ကျွန်မကို တစ်ခုပေးပါရှင်”

“ဖြည်းဖြည်းတောင်းပါ၊ မလုကြပါနဲ့။ ဒီနေ့မရရင် နောက်နေ့ရမှာပါ။ မတိုးကြပါနဲ့။ စည်းဝိုင်းထဲ မဝင်ကြပါနဲ့ခင်ဗျာ။ ဒီ မြွေနိုင်ဆေးမြစ်ရဲ့အစွမ်းကို ပဏာမ မြင်ရတာပဲ ရှိပါသေးတယ်။ မြွေဆိုးသုံးကောင် မကိုက်ရဲတာ အားလုံးအမြင်ပါ။ ဒီနေရာမှာ တောင်သူလယ်သမား ဦးကြီးများကို ဗဟုသုတအဖြစ် ပြောပြချင်တာက မြွေဆိုးအဆိပ်တက်ပုံ အကြောင်းပါခင်ဗျ။ မြွေပောက်အကိုက်ခံရရင် အဆိပ်


www.burmeseclassic.com

www.burmeseclassic.com



တက်တဲ့ လက္ခဏာက မြွေဆိပ်က အာရုံကြောတွေကို ပြန့်နှံ့သွားပြီး အသက်ရှူကျပ်လို့ ဦးနှောက်ကို ထိခိုက်သွားပါတယ်။ မြွေဟောက်ကိုက်ခံရတာနဲ့ မျက်စိတွေဝေဝါးပြီး ဦးခေါင်းထောင်လို့ မရတော့ပါဘူး။ ကမ္ဘာကြီး ချာချာလည်သလို မူးဝေနေပါ့မယ်။ ပြီး . . . ကိုယ်တွေလက်တွေ လုံးဝလှုပ်လို့ မရဘဲ ပါးစပ်မဟနိုင်တော့ပါဘူး။ အချိန်မီ မကုသနိုင်ရင် တခဏအတွင်း အသက်ဆုံးပါတယ်။

မြွေပွေးအကိုက်ခံရတဲ့ လက္ခဏာကတော့ မြွေပွေးရဲ့အဆိပ်ဟာ သွေးပြန်ကြောကိုဝင်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ချက်ချင်း အဆိပ်ပြန့်တယ်။ သွေးဥတွေကို တိုက်ခိုက်ဖျက်ဆီးခံရပြီး အစွယ်နေရာဝန်းကျင်ဟာ ရောင်ကိုင်းဖူးရောင်ပြီး အလွန်နာကျင်ပါတယ်။ မြွေကိုက်ခံရတဲ့နေရာကနေ သွေးနဲ့ရည်တွေ ထွက်လိမ့်မယ်။ သည့်နောက် တဖြေးဖြေးပျို့အန်ပြီး ရပ်တည်လို့မရအောင် မူးဝေပြီး ခြေတွေလက်တွေပါ အေးစက်လာပြီး လုံးဝ သတိလစ်မေ့မျောလို့ အသက်သေဆုံးရပါတယ်ခင်ဗျ။

ဒီတော့ မြွေကိုက်ခံရရင် အရေးပေါ် ဘယ်လိုလုပ်ရမလဲဆိုတော့ အကိုက်ခံရတဲ့ နေရာအထက်ကနေ ကြိုးနဲ့ချည်ထားပါ။ ပြီးရင် ဒဏ်ရာကို ရေသန့်သန့်နဲ့ ဆပ်ပြာနဲ့ ဆေးကြောပေးရပါတယ်။

ရေမရနိုင်တဲ့နေရာမှာ ကျင်ငယ်ရေ (သို့မဟုတ်)တံတွေးနဲ့ပက်ဖျန်းပြီး ဆေးပေးရပါမယ်။

တံတွေးနဲ့ကျင်ငယ်ရေဟာ အဆိပ်ကိုပြယ်စေတဲ့ဓာတ်များ ပါဝင်လို့ပါပဲ။

အခု ကျွန်တော် ဖြန့်ဝေထားတဲ့ မြွေဆိပ်နိုင်ဆေးမြစ်ကတော့ ဆောင်ထားရုံနဲ့ မြွေကိုတန့်ဟန့်စေနိုင်သလို မတော်တဆ ကိုက်မိရင်လည်း ရေနဲ့ သွေးလိမ်းလိုက်တာနဲ့ မြွေဆိပ်များ ချက်ချင်းကျပြီး အဆိပ်ပြယ်စေပါတယ်။

အခု ကျွန်တော် မြွေပွေးတစ်ကောင်ရဲ့ အကိုက်ခံပြမယ်။ ဒီဆေးမြစ်ကို ဆုပ်ထားရုံမျှနှင့် မြွေလုံးဝမကိုက်နိုင်တာကို လက်တွေ့ပြမှာမို့...ကိုင်း...ရွာစားရဲ့ အင်္ဂလန်က ဘင်သံလေးပြတော်မူစမ်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒိန်းတပ်တပ်ဒိန်း"

"ဒိန်းတပ်တပ်ဒိန်း ဒိန်းတပ်တပ်ဒိန်း"

ဘင်တီးတဲ့လူက သားရေဘင်နဲ့ လင်းကွင်းကို ခပ်ဆူဆူတီးနေချိန်မှာ မြွေဆရာမြွေမင်းရာဇာက သေတ္တာနက်ကိုဖွင့်ပြီး မြွေပွေးတစ်ကောင်ကို သံညှပ်နဲ့ ကုပ်ယူလို့ မြေပြင်မှာ ချလိုက်တယ်။

ကျောကုန်းမှာ ကတ္တီပါရောင် အဖြူအနက် အနားသတ်ထားတဲ့ တုတ်တုတ်တိုတို မြွေပွေးကြီးတစ်ကောင်ဟာ ငွေသံလျင်းချိတ်အကွက်ရာလို မြေကြီးပေါ်မှာ ကောက်ကွေးပြီး မျက်လုံးကိုဖွင့်လို့ ကြည့်နေတယ်။

"မြွေပွေးဆိုတာ သူ့ကိုထိမှ လှည့်ပေါက်တွက်ပေါက်တာပါ။ သူ့ကိုမထိရင် ဘာမှမလုပ်ပါဘူး။ ဟောဒီမှာ ဆေးမြစ်ကိုင်ထားတဲ့လက်နဲ့ ဒီမြွေကို ထိပြပါ့မယ်။ လုံးဝမလှုပ်နိုင်ရပါဘူး။ ကြည့်ကြပါ"

မြွေရုပ်တွေ လက်မှာထိုးထားတဲ့ မြွေဆရာက မြွေနိုင်ဆေးမြစ်ဆုပ်ထားတဲ့ ညာလက်နဲ့ မြွေပွေးရဲ့အမြီးကို အသာထိလိုက်ရော...

"ဗိုး..."

"ဟာ..."

"ဟယ်...."

"အမလေး"

မြွေပွေးက ဖူးခနဲအသံပေးပြီး ညာတွက်တွက်ပေါက်လိုက်တာဗျာ။ မြွေဆရာ အရှောင်မြန်မှပေလို့သာပေါ့။

နို့မို့ မြွေပွေးကိုက်လို့ သေရော့။

မြွေဆရာ မြွေမင်းရာဇာက မြွေပွေးကိုစိုက်ကြည့်ရင်းက ဘင်တီးနေတဲ့ လူကို အတီးရပ်ခိုင်းလိုက်တယ်။

"ကျွန်တော် မေတ္တာရပ်ခံပါရစေဗျာ။ ပရိသတ်ထဲမှာ ဖိနပ်ဖင်ခုထိုင်ထားတဲ့လူရှိရင် မထိုင်ပါနဲ့ဗျာ။ ဖိနပ်ကို ဖယ်လိုက်ပါ။ ခုဖြစ်နေတာက ကျွန်တော့်ကို ပညာသည်တိုက်သလိုမျိုး ဖြစ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မြွေဆရာက ပရိသတ်ကို ဝေ့ကြည့်ရင်းက တစ်နေရာကို လက်ညှိုး ထိုးပြရင်း . . .

"ဟိုး . . . သစ်ပင်ပေါ်မှာ တက်ထိုင်ကြည့်နေတဲ့လူ အောက်ကိုဆင်းပါ ဗျာ။ အဲဒီလို မလုပ်ပါနဲ့။ ခင်ဗျားတို့က ကျွန်တော့်ကို ပညာစမ်းသလို ဖြစ်နေတယ်။ သစ်ပင်ပေါ်က ဆင်းလိုက်ပါဗျ"

ကျွန်တော်တို့လှည့်ကြည့်လိုက်တော့အသက်(၂၀)ခန့်အင်္ကျီကျောပြောင် နဲ့ လူတစ်ဦးဟာ ကုက္ကိုပင်ခွကြားကနေ ဖြုန်းခနဲ ခုန်ဆင်းလိုက်တာကို မြင်လိုက် ရတယ်။

"ဟုတ်ပြီ . . . ကျေးဇူးပါပဲဗျာ။ ကျွန်တော် ဆက်ပြပါ့မယ်။ ကျွန်တော်တို့ မြွေအလမ္ပာယ်အလုပ်ဆိုတာက အသက်နဲ့ရင်းရတာပါ။ အဆိပ်ပြင်းတဲ့ မြွေပွေး မြွေဟောက်တွေနဲ့ ကစားရတာပါ။ အချို့ပညာသည်တွေက ကျွန်တော်တို့ကို ပညာ စမ်းတာရှိပါတယ်။ ပညာစမ်းချင်ရင် ဖွင့်ပြောပြီးစမ်းပါ။ စောစောက မြွေနိုင်ဆေးမြစ် ရယူထားတဲ့သူတွေ ဒီတစ်ခါပြပြီးရင် ကျွန်တော် မြွေနိုင်ဂါထာစာရွက်နဲ့ မြွေနိုင် ဆေးမြစ်စိမ်ထားဖို့ သိဒ္ဓိဝင် မရှော့ဆီတစ်ပုလင်း ပေးပါ့မယ်။ ဆေးမြစ်ကို မရှော့ဆီ ပုလင်းထဲမှာ စိမ်ပြီး ကျွန်တော်ပေးတဲ့ဂါထာကို နေ့စဉ် သက်စေ့ရွတ်ပေးပါ။ သံဆိပ်၊ ဓားဆိပ်၊ လှံဆိပ်၊ ပုလင်းကွဲစူး၊ ကြခတ်စူး စူးရင်လည်း ဒီဆေးမြစ်ကို မရှော့ဆီနဲ့ သွေးလိမ်းလိုက်ပါ။ ချက်ချင်း အဆိပ်ကျပါတယ်၊ မယုံရင် လက်တွေ့ပြပါ့မယ် ကြည့် ပါ"

မြွေဆရာ မြွေမင်းရာဇာက ကျောက်ပြင်ပေါ်မှာဆုတ်ထားတဲ့ ဆေးမြစ် ကို ကိုင်ပြီး သွေးလိုက်တယ်။

ပြီးနောက် ဓားမြောင်ဓားဦးဖျားနဲ့ သူ့လက်ဖျံကိုထိုးလိုက်တာ သွေး ရဲခနဲ ထွက်လာတယ်။

သွေးတွေကို အဝတ်ဖြူစတစ်ခုနဲ့ ဖိသုတ်ထားရင်းက စကားပြောလိုက် တယ်။

"သံဆိပ်တက်ပြီး မေးခိုင်ပိုးဝင်သွားရင် ကျွန်တော် မေးစိပြီး သေရမှာပါ ကြည့်နေပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖိထားတဲ့အဝတ်စကိုဖယ်ပြီး ဆေးမြစ်ဆေးရည်ပျစ်ပျစ်ကို လက်ညှိုးနဲ့သပ်ယူပြီး ဓားစူးဒဏ်ရာပေါ် ဆေးလိမ်းအုံ့ပြီး လက်ဝါးနဲ့ဖိထားတယ်။

ပြီး ကုလားစာလိုလို၊ မန္တာန်ကိုရွတ်ပြီး မြေကြီးကို ဖနောင့်နဲ့ ပေါက်လိုက်တယ်။

သည့်နောက် ဖိထားတဲ့လက်ကို ရုပ်လိုက်ရော ဓားစူးဒဏ်ရာမှာ သွေးလုံးဝ မထွက်တော့ဘူး။

အားလုံး အံ့ဩသွားကြတယ်။

မယုံရင် ကြိုက်တဲ့လူဝင်ပြီး ဒီဓားနဲ့ အထိုးခံပါ။ ကျွန်တော် ဒီဆေးမြစ်နဲ့ သွေးတိတ်၊ အဆိပ်ပြယ်အောင် အားလုံးရှေ့မှာ လုပ်ပြပါ့မယ်။ ဟောဒီမြွေတွေ မကိုက်ရဲတာသာကြည့်ပါ။ ကိုင်း . . . စောစောက ဆေးမြစ်ယူထားသူများကို သိဒ္ဓိဝင်ဆီနဲ့ မြွေနိုင်ဂါထာစာရွက် ဝေပေးလိုက်ပါ။ ရယူထားတဲ့သူငါးဆယ် ပြပွဲပြီးရင် မပြန်ပါနဲ့။ စောင့်နေကြပါ။ ဒီဆေးမြစ်ရဲ့ အထူးလျှို့ဝှက်ချက်နှင့် ဆောင်ရန်ရှောင်ရန်ကို နစ်ကိုယ်ကြား ပြောပြချင်လို့ပါ။ ဘာလို့လဲဆိုတော့ အသုံးမတတ်၊ အထားမတတ်ရင် ကိုယ့်ကို တန်ပြန်ထိခိုက်မှာ စိုးရိမ်လို့ပါ။ ကိုင်း . . . ဟောဒီမြွေပွေးကို ငြိမ်သွားအောင် လုပ်ပြပါ့မယ်။ လုံးဝ မကိုက်စေရပါဘူး ကြည့်နေပါ။

မြွေဆရာကြီး မြွေမင်းရာဇာက စောစောကလိုပဲ ငြိမ်နေတဲ့ မြွေပွေးကို ဆေးမြစ်ကိုင်လက်နဲ့ နောက်ကနေ လှမ်းထိလိုက်တာ။

"ရှီး . . ."

"ဖတ်"

"ဗြီး . . . ဖျီး"

"အမလေးဟ"

"အမေရဲ့ . . ."

ပရိသတ်အားလုံး လန့်ဖြန့်အော်လိုက်ကြတာ ညံသွားပါရောဗျာ။ မြွေပွေးက သူ့အမြီးကို ထိလိုက်ရော နောက်ပြန်ပေါက်လိုက်တာ မြွေဆရာကလည်း လျင်လိုက်တာဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မြွေပွေးရဲ့လည်ပင်းကို ဆေးမြစ်မကိုင်တဲ့လက်နဲ့ လှမ်းညှစ်ဖမ်းထားလိုက်တာ။

အို … ကြောက်စရာကြီးရယ်ပျာ။

မြွေပွေးဟာ ဒေါသတွေထွက်ပြီး တဖြီးဖြီးအသံပြုလို့ ကိုင်ထားတဲ့လက်ထဲမှာ ရုန်းကန်နေတာဗျ။ သန်လိုက်တဲ့ မြွေပွေးကြီးဗျာ။

ဆရာကလည်း မလွှတ်တမ်း ဆုပ်ထားတယ်။

လူးလွန့်နေတဲ့ မြွေပွေးကို ဆုပ်ကိုင်ရင်းက ပြောရောဗျာ။

"ကျုပ် စောစောတုန်းက တောင်းပန်ထားပါတယ်ဗျာ။ မနှောင့်ယှက်ပါနဲ့လို့ ပြောထားတဲ့ကြားက ကျုပ်ကို ပညာသည်က လုပ်လိုက်တာကိုး။ တွေ့ကြသေးတာပေါ့လေ … ဟင်း ဟင်း ဟင်း ဟင်း … ဒီနေရာမှာ သူသေကိုယ်သေ ပညာပြိုင်ကြတာပေါ့။ ကိုင်း … မေးပါ့မယ် ဒီပရိသတ်ထဲမှာ ထဘီဖောက်ထိုးဝတ်ထားတဲ့ မိန်းမ ပါပါသလား"

"…………….."

မိန်းမတွေ အချင်းချင်း ပြန်ကြည့်ကုန်ကြရောဗျ။

"ဖိနပ်ဖင်ခုထိုင်တဲ့သူ ပါသလား"

"………………"

"သစ်ပင်ပေါ် တက်ကြည့်သူ ရှိလား"

"မရှိပါဘူး"

"ဆံပင်ဖားလျားချထားတဲ့သူ ပါလား"

"မပါပါဘူး"

"လက်နောက်ပြန်ထောက်ပြီး ထိုင်တဲ့လူရှိသလား"

အားလုံး အနီးကလူချင်း ပြန်ကြည့်ကြတယ်။

"ဟဲ့ … ဟိုအဘိုးကြီး လက်နောက်ပြန်ထောက်ထိုင်နေ မဟုတ်လား ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟဲ့ . . . ဟုတ်တယ်တော့"

"လက်နောက်ပြန်ထိုင်တဲ့လူ ရှိလား။ ပညာစမ်းတဲ့လူရှိလား။ ရှိရင်၊ စမ်းချင်ရင် စည်းဝိုင်းထဲ ဝင်လိုက်ပါ။ လာပါ . . . သတ္တိရှိရင် ဝင်ခဲ့ပါ"

ဒီမှာ လက်နောက်ပြန်ထောက်ပြီး တင်ပြင်ခွေထိုင်နေတဲ့ စည်းဝိုင်းရှေ့က အဘိုးကြီးကို ပရိသတ်ကမြင်ပြီး လက်ညှိုးထိုးပြကြပါရော။

"ဟိုအဘိုးကြီး ထိုင်နေတယ် ဆရာ"

"ဟုတ်တယ် . . . ဟိုလူကြီး ထိုင်နေတယ်ဗျ"

"အဘိုးကြီး နောက်ပြန်လက်ထောက် မထိုင်နဲ့လေဗျာ"

"ဒီလူကြီး နားမလည်ဘူးလား မသိဘူး"

"ဟေ့ . . . အဘိုးကြီး၊ အဲလို မထိုင်နဲ့လေဗျာ"

"ဟ . . . ထိုင်တော့ ဘာဖြစ်လို့တုံး"

"ခင်ဗျား နောက်ပြန်လက်ထောက်ထိုင်နေလို့ မြွေဆရာ မြွေမထိန်းနိုင်ဖြစ်နေတယ်ဗျ"

"ဘာဆိုင်လို့လဲကွာ . . . သွားစမ်းပါ . . . ထွီ"

ကြည့်လိုက်တော့ . . . ဘုရားရေ . . . ဟို တိုက်ပုံရှင်ကြဲ ဆံပင်ကုပ်ထောက်ရင်ဘတ်မှာ အင်းစမကွက်တွေနဲ့ နှုတ်ခမ်းမွေးကုပ်ကုပ် အဘိုးကြီးဗျာ။

ဟိုတစ်ခါ ချမ်းသာကြီးလက်ဖက်ရည်ဆိုင်မှာ လူ (၁၀)ယောက်စာ စားနိုင်တဲ့မုန့်တွေကို တစ်ယောက်တည်း စားပြီးငွေရှင်းသွားတဲ့ အရှုးလိုလို သူဌေးကြီးပါလား။

အလယ်မှာယ်စည်းဝိုင်းအနီးမှာ တင်ပျဉ်ခွေပြီး လက်နစ်ဖက် နောက်ပစ်ထိုင်နေတာဗျ။

အနီးမှာရှိတဲ့ ပရိတ်သတ်နဲ့ အငြင်းအခုံ ဖြစ်နေကြတာကိုး။

ဒီမှာ မြွေအလယ်မှာယ်ဆရာကြီး မြွေမင်းရာဇာက လူးလွန်နေတဲ့ မြွေပွေးကြီးကို ဘယ်လက်နင့်ဆုပ်ကိုင်ရင်း အရှုးလိုလူကြီးရှေ့ကို ရောက်လာပါရော။ သူ့မျက်နှာကလည်း ဒေါသထွက်နေတဲ့ မျက်နှာမျိုးဖြစ်လို့၊



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီး"

"ဘာလဲကွာ"

"ခင်ဗျား ဘာလို့ လက်နောက်ပစ်ထိုင်တာတုံး"

"ညောင်းလို့ ထိုင်တာပေါ့ကွ။ ဘာဖြစ်လို့တုံး"

"ကျုပ် အလမ္ပာယ်ပြလို့ မရတော့ဘူးဗျ"

"အဲဒါ ငါနဲ့ ဘာဆိုင်လို့တုံးဟ"

"ဘာလဲ အဘိုးကြီး ခင်ဗျားက ပညာသည်လား . . . ဟုတ်လား။ ကျုပ်ပြနေတဲ့ အလမ္ပာယ်ပွဲကို ကျုပ်ကို ကိုယ့်မြွေ ကိုယ့်ကိုပြန်ကိုက်သေအောင် ခင်ဗျားက အောက်လမ်းပညာနဲ့ လာပြုစားတာပေါ့ . . . ဟုတ်လား။ ခင်ဗျားက ကျုပ်ကို ငဆွေး ငပွေး အလမ္ပာယ်ဆရာမှတ်ပြီး ပညာစမ်းလိုက်တာပေါ့။ ကိုင်း . . . ခင်ဗျားနဲ့ကျုပ် ပညာပြိုင်ရအောင် စည်းဝိုင်းထဲ ဝင်လိုက်ဗျာ။ သူသေကိုယ်သေ ပညာပြိုင်မယ် ထလေဗျာ . . . ဘာလဲ ကျုပ်ကိုကြောက်လို့လား"

"ငါ . . . ငါ . . . ဘာမှမတတ်ပါဘူးကွာ . . ."

ဒီမှာ မြွေဆရာက ပရိသတ်ဘက်ကိုကြည့်ပြီး . . .

"အလမ္ပာယ်ကြည့် ပရိသတ်များခင်ဗျာ . . . ဟောဒီ အင်းစမတွေနဲ့ တိုက်ပုံရင်ကွဲကြီးက ကျုပ်မြွေနဲ့ ကျုပ်ဝိုင်းထဲမှာ သေအောင် အောက်လမ်းပညာနဲ့ လက်နောက်ပစ်ထိုင်ပြီး ပြုစားခဲ့ပါတယ်၊ ကျွန်တော် လျင်မြန်ကျွမ်းကျင်တာရယ်၊ ကျွန်တော့်ရဲ့ သိဒ္ဓိဝင် မြွေနိုင်ဆေးမြစ်အစွမ်းရယ်ကြောင့် ကျွန်တော် မြွေကိုက်ပြီး မသေရတာပါ။ ဟောဒီအဘိုးကြီးဟာ အောက်လမ်းပညာသည်ကြီးပါခင်ဗျာ။ ပညာပြိုင်ဖို့ခေါ်တော့လည်း စည်းဝိုင်းထဲ မဝင်ရဲပါဘူး။ ဒီအဘိုးကြီး ဒီနေရာမှာရှိနေရင် မြွေအလမ္ပာယ်ပြပွဲကို ဆက်မပြတော့ပါဘူးခင်ဗျာ"

ဒီလိုလည်း ပြောလိုက်ရော ပွဲကြည့်ပရိသတ်တွေဟာ တိုက်ပုံရင်ကွဲနဲ့ အရှုးလိုလူကြီးကို ဝိုင်းပြောကြပါရောဗျာ။

"အဘိုးကြီး . . . ခင်ဗျား ထွက်သွားတော့"

"ဘာ . . . ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူကြီး...အောက်လမ်းဆရာကြီး ခုချက်ချင်းထ"

"မထဘူးကွာ"

"ဒီအရူး အောက်လမ်းဆရာကြီး ပွဲဖျက်နေတာကွ။ ဆွဲထုတ်ကွာ"

"ဟုတ်တယ်...ထ"

ယောကျ်ားသားအချို့က အရူးလိုလူကြီးကို ကုပ်ဆွဲ၊ လက်ဆွဲ လုပ်ပြီး ဆွဲထုတ်တော့ လူကြီးက ရုန်း။

"အောက်လမ်းဆရာတဲ့ကွ"

"ဝိုင်းချကွာ...ကဲကွာ"

"ဟော့...ဟော့...ကောင်လေးတွေ...အား..."

"ဗုန်း"

"ဘုန်း...ခွပ်"

"သေဟ...အောက်လမ်းဆရာ...သေဟ"

အရူးလိုလူ တိုက်ပုံရင်ကွဲကြီးကို အောက်လမ်းဆရာဆိုပြီး ဝိုင်းကန်ထိုးကြိတ်ကြတာ အဘိုးကြီး ကုန်းကုန်းကြီး ဖြစ်နေတယ်ဗျူး

ကျွန်တော်လည်း ကြည့်မနေနိုင်လို့ ဝင်ပြောရပါရော။

"ဟော့လူတွေ...မလုပ်ကြပါနဲ့၊ အသက်ကြီးတဲ့လူကြီးပါဗျာ မလုပ်ကြပါနဲ့"

"မင်းက ဘယ်သူလဲ။ ဘာကိစ္စနဲ့ ဝင်တားတာလဲ"

"အဲဒီ ဝင်တားတဲ့ကောင်ပါ ချပစ်ကွာ။ အဲဒီကောင်လည်း အောက်လမ်းဆရာပဲနေမှာပေါ့"

"ဗုန်း"

"ထစမ်းဗျာ"

"ဖောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ငါ့ကို မရိုက်ပါနဲ့ တောင်းပန်ပါတယ်"

"ဟေ့လူတွေ ... ဥပဒေမဲ့ မလုပ်ကြပါနဲ့ဗျာ"

"မင်းကလား ... ကဲကွာ"

"ဖောင်း"

"ခွပ်"

"နှစ်ယောက်စလုံး ချပစ်ဟေ့"

"ဘုန်း"

"အား"

"ခွပ်"

"ကျား ... ကျား ..."

"ဝုန်း"

"ဟာဟာ ... ဟာဟာ"

"အမလေးဗျာ"

"ဟာ ..."

"ဟင်"

ဒီမှာပဲ အထုအရိုက်ခံနေရတဲ့ အောက်လမ်းဆရာကြီး အထင်လွဲခံလူကြီးက ပါးစပ်ကနေ ကျားဆိုတဲ့ ရင်ခေါင်းသံပါ ကြုံးဝါးသံကြီးနဲ့အတူ ဝိုင်းသမနေတဲ့လူတွေ ဖရိုဖရဲ လန့်ကျသွားသလို ...

ဟိုး ကောင်းကင်ဝါးတစ်ပြန် မရှိတရှိမှာလည်း ယောဂီရောင်လွယ်အိတ်ကြီးလွယ်ထားတဲ့ ရင်ကွဲတိုက်ပုံလူကြီး ပြောက်သွားတာကို အံ့ဖွယ် မြင်လိုက်ရပါရော။

"ဖတ်"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာဂပါလားဟေ့"

"သိုင်းဆရာနဲ့ တူတယ်ကွ"

လေထဲကို လွှားခနဲမြောက်တက်သွားတဲ့ တိုက်ပုံရင်ကွဲလူကြီးဟာ မြွေအလမ္ပာယ်ပြတဲ့ စည်းဝိုင်းအလည်မှာ ရပ်လျက်ကျလာတာမြင်ကြရော . . .

ပရိသတ်ရော၊ စောစောက ဝိုင်းထိုးကြိတ် ကန်ကျောက်တဲ့လူတွေရော မြွေအလမ္ပာယ်ဆရာကြီးနှင့် သူ့တပည့်တွေပါ အံ့အားသင့်ကုန်ပါရော။

"ဟေ့ကောင် . . . မြွေအလမ္ပာယ် . . . မင်းကများ ငါ့ကို အောက်လမ်းဆရာ ဟုတ်လား . . . ဟား ဟား ဟား ဟား . . . ကိုယ့်မြွေလည်း ကိုယ်မနိုင်၊ ကိုယ့်မြွေ ဆေးကလည်း အစွမ်းမရှိ၊ ခြင်ကိုက်ရင်တောင် လိမ်းလို့အယားမပြေတဲ့ သစ်ကိုင်းစ ရောင်းပြီး မြွေအလမ္ပာယ်ပြ ကြွားဝါဖြီးဖြန်းချင်တဲ့ကောင်၊ မင်း ငါ့ကို စော်ကား လိုက်တာကိုး။ ပြီး ပရိသတ်နဲ့ရန်တိုက်ပြီး လိမ်ဆင်တွေကို ကာချင်တဲ့ . . . ဆရာ လိမ်ရေ . . . ကိုင်း . . . အခု ငါ ပညာပေးဖို့ အချိန်ရောက်လာပြီဟေ့။ မင်းမြွေဆေး တကယ်စွမ်းလား မြွေဆရာ"

မြွေဆရာကလည်း ကနဦးတော့ ကြောင်သွားရာက အဟန့်ကောင်းတော့ မတုန်လှုပ်ဘူးဗျ။

"ခင်ဗျားက ပညာပြိုင်ချင်လို့ဝင်လာတာလား။ ကျုပ် မြန်မာပြည်တစ်ပြည်လုံးလှည့်ပြီး စုန်းကဝေပညာသည်တွေကို ဘဝတုံးအောင်လုပ်ခဲ့တဲ့ မြွေဆရာပဲ၊ ခင်ဗျား ကျုပ်ကို တောင်းပန်ရင် ကျုပ် ခွင့်လွှတ်ပေးမယ်။ မဟုတ်ရင်တော့ ပောဒီ မြွေတွေနဲ့ တွေ့သွားမယ် အဘိုးကြီး"

"မင်းမြွေက အဆိပ်ရှိလို့လားဟ . . . မြွေဆရာရ ဟေ"

"ခင်ဗျား ပွဲချင်းပီးသွားမယ် . . . အဘိုးကြီး"

"ရော့ . . . မင်းလက်ထဲက မြွေပွေးနဲ့ ငါ့ကိုတိုက်ခိုင်းစမ်း . . . ရော့"

လူတွေကလည်း မြွေအလမ္ပာယ်ပွဲကနေ ပညာပြိုင်ပွဲဖြစ်လာပြီး ဒိန်ခဲ နေကြတော့ အသံမထွက်ဘဲ စိုက်ကြည့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရှုးလိုလူ တိုက်ပုံရင်ကွဲကြီးက လက်ထိုးအပေး လွန့်နေတဲ့ မြွေပွေး တုတ်တုတ် အကွက်ကျဲကြီးနဲ့ လှမ်းပက်လိုက်တာ...

"အမလေး..."

"ဟဲ့...ဟဲ့...ဖယ်နေကြဟေ့"

"ဟင်"

"အလိုလေး..."

မြွေဆရာပစ်လိုက်တဲ့ မြွေပွေးကြီးက ဖြီးခနဲအသံမြည်ပြီး လူကြီးရှိရာကို ဝင်အလာ လူကြီးက မြွေပွေးကို ညာလက်နဲ့လှမ်းဖမ်းပြီး မြွေပွေးရဲ့ဦးခေါင်းကို ပါးစပ်ထဲထည့် သွားနဲ့ကိုက်ပြလိုက်တာများ။

"အမလေး"

"မြတ်စွာဘုရား ဘုရား..."

"ဘုရား...ဘုရား...ဘယ်လိုလူကြီးပါလိမ့်တော်"

"ကလေးတွေရော လူကြီးတွေရော ရှောင်နေကြဟဲ့။ အနားမကပ်နဲ့ နော်"

မြွေအလမ္ပာယ်ဆရာဟာ မြွေပွေးခေါင်း ပါးစပ်နဲ့ကိုက်ပြီး ဦးခေါင်းယမ်းပြနေတဲ့ တိုက်ပုံရင်ကွဲအဘိုးကြီးကိုကြည့်ပြီး ပါးစပ်ဟ အလွန်အံ့ဩ ကြက်သေ သေဖြစ်ရော။

မြွေပွေးက လူကြီးရဲ့ပါးစပ်သွားကြားမှာ လူးလွန့်နေတာမှ အသည်းယား စရာကြီးများ။

ဒီမှာလူကြီးက မြွေပွေးရဲ့လည်ပင်းကို လက်နဲ့ညှစ်ဖြတ်ပြီး မြွေအလမ္ပာယ် ဆရာရှိရာကို လှမ်းပစ်မလို့ လုပ်လိုက်တာ။

မြွေဆရာလန့်ပြီး ထိုင်ချလိုက်တာကိုကြည့်ပြီး တိုက်ပုံရင်ကွဲကြီးက တဟားဟားရယ်ပါရော။

"ဟား...ဟား...ဟား...ဟား..."



www.burmeseclassic.com

www.burmeseclassic.com



"အဟတ် ... အဟတ် ... အဟတ် ... အဟတ်"

"မင်းက မြွေနိုင်တဲ့ မြွေအလမ္ပာယ်ဆရာ ... ဟုတ်လား။ မင်းက မြွေဆိပ်ကို မင်းရဲ့သိဒ္ဓိဝင်ဆေးမြစ်သွေး ရေနဲ့ အဆိပ်ချနိုင်တယ် ... ဟုတ်လား။ မင်းမွေးထားတဲ့ မြွေပွေးမြွေဟောက်နဲ့ မစမ်းဘူးဟေ့။ ဟောဒီမြွေနဲ့ စမ်းမယ်ကွ ... ကြည့် ..."

မြွေပွေးကြီးကို မြေကြီးပေါ် အသာချလိုက်ပြီးနောက် ...

"ဟာ ..."

"အမလေးတော့် ... မြွေငန်းတော်ကြီးတော့်"

"ဘုရား .... ဘုရား ... ဘုရား"

"အကြီးကြီးပဲဟ အို ..."

တိုက်ပုံရင်ကွဲကြီးက သူလွယ်ထားတဲ့ ယောဂီရောင်လွယ်အိတ်ကြီးထဲ လက်နှိုက်ဆွဲထုတ်လိုက်ရော ...

အမယ်လေးဗျာ ...

လူကြီးလက်ဖျံလုံးလောက်ကြီးတဲ့ မြွေငန်းတော်ကျားကြီး အရှည်က လက်တစ်လံကျော် ရှည်မှာပဲဗျို့။

"ဖူး ... ဖူး ... ဖူး ..."

"ဖြီး ... ဖူး"

"ဟေ့ကောင် ... ဒီငန်းတော်ကျား အကိုက်ခံပြီး မင်း ဆေးမြစ်ကို သွေးလိမ်း အဆိပ်ချပြ။ မင်းမသေဘဲ မြွေဆိပ်ကျခဲ့ရင် မင်းကို ငါ ထိုင်ကန်တော့ပြီး ကျွန်တပည့်ခံမယ် လာပဟေ့ ... ဟဲ့ ... ငန်းတော်ကျားကြီး ဒီအလမ္ပာယ်ဆရာ စုတ်ကို ကိုက်စမ်းဟဲ့"

"ဖူး"

"အမလေး"

"ရှူး ... ဖူး ..."

"ဟား ... ဟား ... ဟား ... ဟား ... ဆေးစွမ်းတယ်ဆို မရောင် နေဖြေပြနဲ့လေကွာ ... ဟား ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ငန်းတော်ကျားမြွေကြီးက အဘိုးကြီးလက်ထဲကနေ လှမ်းလှမ်းပေါက်ရော မြွေမင်းရာဇာဆိုသူလည်း ဇောချွေးတွေပျံပြီး လှည့်ပတ်ရှောင်နေရရောဗျ။

"အကိုက်ခံပြလေကွာ"

"မ . . . မ . . . လုပ် . . . ပါနဲ့ဗျာ"

"ရှော့ . . . မင်းဆီကို လာကိုက်လိမ့်မယ် . . . ရှော့"

"အမလေး ဗျ"

တိုက်ပုံရင်ကွဲကြီးက ငန်းမြွေကို မြေပေါ်ချပေးလိုက်ရော အဝါနှင့်အနက် အဆစ်လိုက်ပတ်ထားတဲ့ အဆိပ်ပြင်းငန်းတော်ကျားမြွေကြီးဟာ မြွေအလမ္ပာယ် ဆရာပြေးရာနောက်ကို လိုက်ပါရော။

နောက်ဆုံး သူ့စည်းဝိုင်းထဲမှာ ပြေးရင်း ခလုတ်တိုက်အလဲ ငန်းတော်ကျား မြွေကြီးက သူရှိရာကို ဦးတည်ပြေးအဝင် . . .

"အား . . . ."

မြွေအလမ္ပာယ်ဆရာမျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငယ်သံပါအောင် အော်လိုက်တော့တယ်။

ကျွန်တော်တို့ ကြည့်နေတဲ့သူတွေလည်း မြွေဆရာတော့ သေပြီမှတ်တာ။

"ဟိတ် . . . ရပ်လိုက်"

ရင်ကွဲတိုက်ပုံကြီးရဲ့ ရပ်ဆိုတဲ့ ဖနောင့်ပေါက် အမိန့်ပေးသံအဆုံးမှာ ပေါက်မလို့ ပါးပျဉ်းအားယူလုပ်နေတဲ့ ငန်းတော်ကျားကြီး တုံ့ခနဲရပ်ပြီး ကျောက်ရုပ် လို ငြိမ်သက်နေပါရောဗျာ။

လုံးဝကို မလှုပ်တော့တာဗျာ။

ဘုရားရေ . . .

ဒီ အရှုးလိုလို တိုက်ပုံရင်ကွဲနဲ့ လူကြီးက ဒီလိုမျိုး ငန်းတော်ကျား မြွေဆိုး ကြီးကို "ရပ်"လို့ အမိန့်ပေးနိုင်သတဲ့လားဗျာ ဟင်။

အဆိပ်ပြင်းတဲ့ မြွေပွေးကို ပါးစပ်ထဲမှာ သွားနဲ့ကိုက်ခဲပြီး လုပ်ပြနိုင်တာ တကယ်ရောဟုတ်ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။

ကျွန်တော်အပါအဝင် အလမ္ပာယ်ပွဲကြည့်ပရိသတ်အားလုံး မျက်စိ ရှေ့မှောက်မှာ အရှင်းသားမြင်နေရတာဗျာ။

စောစောတုန်းက အဘိုးကြီးကို အောက်လမ်းဆရာလို့ပြောတဲ့ မြွေ အလမ္ပာယ်ဆရာရော . . . ဝိုင်းထိုးကြိတ်ကန်ကျောက်တဲ့ လူစုရော အကြီးအကျယ် လန့်နေကြတယ်ဗျာ

ဒီလူကြီးက တကယ်ပဲ အောက်လမ်းဆရာလား။

မှော်ဆရာကြီးလား။

မြွေမှော်အောင်နေသူကြီးလား။

မြွေအလမ္ပာယ်ဆရာ မြွေမင်းရာဇာဆိုသူကတော့ သူ့ရှေ့တစ်ပေခန့် အကွာမှာ ပေါက်တော့မလို့ ပါးပျဉ်းနောက်လှန်ချိန်အားယူပြီး ကျောက်ရုပ်လိုတန့် နေတဲ့ ငန်းတော်ကျားမြွေကြီးကိုကြည့်ပြီး နဖူးကချွေးတွေ တလိမ့်လိမ့် စီးကျနေ တယ်ဗျ။

ရှိးရှိးမြွေနှိင်ဆေးရောင်း အလမ္ပာယ်ပြပွဲကနေ မမျှော်လင့်ဘဲ စည်းဝိုင်း ထဲမှာ မြွေပညာပြိုင်တဲ့ပညာပြိုင်ပွဲဖြစ်သွားလို့ လူတွေ ပိုများများ ဝိုင်းကြည့်နေ ကြရော။

"ဟေ့ကောင် . . . မြွေမင်းရာဇာ"

". . . . . . . . . . . . ."

"မြွေမင်းရာဇာဆိုတာ မြွေတို့ရဲ့ဘုရင်လို့ အဓိပ္ပာယ်ရတယ်ကွ။ ငန်းတော် ကျားဆိုတာလည်း မြွေတို့ရဲ့ဘုရင်ပဲ။ မြွေဆိုးမှန်သမျှ ဦးခိုက်ရတဲ့ မြွေပဲ။ မင်း မြွေပေါက်တို့၊ မြွေပွေးတို့ရော အခု လှုပ်ရဲ့လား . . . ကြည့်စမ်း"

ဟုတ်တယ်ဗျာ။

လက်ဖျံလုံးမျှ တုတ်ပြီး တစ်လံနီးပါးရှည်တဲ့ ငန်းတော်ကျားကြီးကို မြင် ကြရော မြွေဆရာရဲ့ မြွေပေါက်ကြီးနဲ့ ငန်းဝါကြီးတို့ မြေပြင်မှာ ခေါင်းချပြီး ဝပ်နေ ကြပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . မြွေမင်းရာဇာကြီး မင်းမြွေတွေကိုနိုင်တယ်ဆိုရင် မင်း မြွေနိုင်ဆေးမြစ်နဲ့ အဲဒီငန်းတော်ကျားကို ခေါင်းချသွားအောင် လုပ်စမ်းကွာ . . . လုပ်လေ . . . လုပ်ပါ"

မြွေမင်းရာဇာဟာ မြွေနိုင်ဆေးမြစ်ကို ဆုပ်ကိုင်ထားပေမဲ့ . . . သူ့ရှေ့က မျက်လုံးရဲ ပြူးနေတဲ့ ငန်းတော်ကျားကို မထိရဲဘူး။ မြွေကြီးက သူ့ကို ငြိမ်ငြိမ်ပြီး ကြည့်နေတာဗျ။

နဖူးက ချွေးသီးတွေကို လက်နှင့်သပ်ပြီး ရှေ့ကမြွေကို စိုးရိမ်ကြီးစွာ ကြည့်လို့ ဒူးတုန်နေတယ်။

"ပရိသတ်ကြီးခင်ဗျား . . . ကျုပ်ဟာ မြွေဆရာမဟုတ်ပါဘူးဗျာ။ ဒါနဲ့ အတူ အောက်လမ်းဆရာလည်း မဟုတ်ပါဘူး။ ကျုပ်ဘာသာကျုပ် ညောင်းလို့ လက်ထောက်ကြည့်နေတာကို သင်းက အောက်လမ်းဆရာ အပြုအမူလုပ်တယ် ဆိုပြီး အောက်လမ်းဆရာလို့ စွပ်စွဲခဲ့တယ်။ အခု မြွေနိုင်ဆေးစွမ်းသူကြီး ဘာလုပ်နိုင်သေးလဲဗျာ။ သူ့ သိဒ္ဓိဝင်မြွေနိုင်ဆေးကို သူယုံကြည်ရင် ငန်းတော်ကျားကို ခေါင်းကျအောင် လုပ်စမ်းပါစေဗျာ"

ပွဲကြည့်ပရိတ်သတ်လည်း စုမှ သဘောပေါက်သွားကြတယ်။

သူတို့လက်ထဲက လက်တစ်ဆစ်မျှသော မြွေနိုင်ဆေးမြစ်ကိုကြည့်ပြီး ကြောက်ရွံ့နေတဲ့ မြွေအလမ္ပာယ်ဆရာကို အထင်သေးတဲ့မျက်လုံးတွေနဲ့ စိုက်ကြည့်လိုက်တယ်။

"ဟော့ကောင် . . . မြွေမင်းရာဇာ . . . မင်း ဆင်လုံးတွေကို ငါသိတယ် မြွေမင်းရာဇာ၊ မင်း ငန်းတော်ကျားကို မကိုင်ရဲတော့ဘူး မဟုတ်လား။ ကိုင်း . . . ကိုင်း . . . မြွေပွဲကြည့်ပရိသတ်များခင်ဗျား အခုလောက်ဆိုရင် သူ့ရဲ့ သိဒ္ဓိဝင် မြွေနိုင်ဆေးမြစ် အစွမ်းကို သိလောက်ပါပြီခင်ဗျား။ ကဲ . . . ပရိသတ်ထဲက ဒီ ငန်းတော်ကျား ဦးခေါင်းကို လက်ဝါးတင်ရဲတဲ့လူရှိရင် ဝိုင်းထဲဝင်ခဲ့ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက သို့ကလို ခေါ်လိုက်တယ်ဗျ။

"ဟေ့ကောင် . . . ကျောက်ခဲ၊ မင်း သွားကိုင်ကွာ"

"ဟာ . . . မင်းဘာသာ သွားကိုင်ပါလားဟ"

"ငချစ် . . . မင်းဝင်ကိုင်ကွာ"

"ငါတစ်ယောက်တည်း မကိုင်ရဲဘူး။ မင်းနဲ့အတူသွားကိုင်မယ် . . . လာ"

"ဟ . . . ဟ . . . ငါ မကိုင်ရဲလို့ မင်းကို ကိုင်ခိုင်းတာကွ"

"ဗွီ . . . သူများကျတော့ သေစေချင်တဲ့ကောင်"

"ကိုင်း . . . ဘယ်သူ ငန်းတော်ကျားခေါင်းပေါ် လက်တင်ရဲလဲ။ စောစော က ငါ့ကို ဝိုင်းထိုးတဲ့ကောင်တွေ ကိုင်ရဲလား ဝင်ခဲ့"

အဘိုးကြီးကို ဝိုင်းထိုးခဲ့တဲ့လူတွေ လန့်ပြီး နောက်ဆုတ်သွားကြတယ်။

"မင်းရော ကိုင်ရဲလား"

"ဟင့်အင်း"

"ဟို သူငယ်ရော"

"ဟာ . . . မကိုင်ရဲဘူး ဘကြီး"

"ဟေ့ . . . ဘင်တီးတဲ့ကောင် မင်းကိုင်ရဲလားဟေ့"

"မ . . . မ . . . ကိုင်ရဲ . . . ရဲ . . . ဘူးဗျ"

"ဟိုကောင် . . . ဆေးဝေတဲ့ကောင်ရော"

"အဲ . . . အဲ . . . မကိုင်ရဲဘူးဗျ"

"ကျုပ် ကိုင်ရဲတယ်ဗျ"

"ဟင်"

"ဟေ"

"အလိုလေး"

"ဟ . . . ဟ . . . ကိုရင်ငယ်လေးပါလားဟေ့"

"ကျုပ် ကိုင်ရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့အော်ပြောလိုက်တဲ့ အသံသေးသေးလေး ကြားလို့ လှည့်ကြည့်လိုက်တော့ . . .

အလို . . . သပိတ်ပိုက်ထားတဲ့ ကိုရင်ငယ်လေးတစ်ပါးဗျ။ အသက်က ရှိလှ (၈)နှစ်၊ (၉)နှစ်မျှပဲ ရှိမယ်ဗျ။ ခေါင်းတုံးကို ပြောင်နေတာပဲ။

"ကိုင်ရဲတာ ဘယ်သူတုံး"

"ကျုပ်ပဲ ဒကာကြီး"

"ဟင် . . . ကိုရင်လေး . . . ကိုရင်လေးတစ်ပါးဟ"

"ကိုရင့်ဘွဲ့မည် ဘယ်လိုခေါ်ပါသတုံး ဘုရား"

တိုက်ပုံရင်ကွဲအဘိုးကြီးက လက်အုပ်ချီပြီး ရိုရိုသေသေ မေးလိုက်တာဗျ။

"ရှင်ဝိမလလို့ခေါ်ပါတယ် . . . ဒကာကြီး။ အချို့ကတော့ ကိုရင်ညှပ်စိလို့ ခေါ်ပါတယ်"

"ကိုရင် သတ္တိကောင်းလှချည်လား။ ဒီ ငန်းတော်ကျားမြွေက အဆိပ်ပြင်းတဲ့ မြွေဘုရင်ပါ ကိုရင်။ အသက်အန္တရာယ် ရှိပါတယ်။ တကယ်ရော ကိုင်ရဲလို့လား ဘုရား"

"ကိုင်ရဲတယ် . . . ဒကာကြီး"

"ကိုရင် . . . မကိုင်နဲ့"

"ကိုရင်ညှပ်စိ၊ သေလိမ့်မယ် မကိုင်နဲ့"

"ကိုရင်လေး . . . မလုပ်နဲ့ . . . မလုပ်နဲ့"

အနီးရှိလူတွေက ကိုရင်လေးကို မကိုင်ဖို့ ဝိုင်းအော်တားကြတယ်။ ကိုရင်က လုံးဝ မတုန်လှုပ်ဘူးဗျာ။

ဘယ်ကျောင်းက ကိုရင်မှန်း မသိဘူး။ မြင်လည်း မမြင်ဖူးကြဘူး။

ဒီမှာ မိန်းမကြီးတစ်ဦးက အော်ပြီးမေးပါရော။

"ဒီမှာ ဆရာကြီးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ . . . အမေကြီး ပြောပါ"

"ကိုရင်လေးကို မြွေကိုက်လို့သေရင် ရှင် ဘယ့်နယ့်လုပ်မတုံး"

"ကျုပ် ထောင်ထဲဝင်မယ်"

"ဒကာမကြီး"

"ကိုရင်"

"ကိုရင် . . . မကြောက်ဘူး ကိုင်ရဲတယ်"

"ကိုရင် . . . ဘာလို့ သေနိုင်မှန်းသိရဲ့သားနဲ့ ကိုင်ချင်ရတာလဲ"

ဒီမှာ ကိုရင်ညွှပ်စိက အဘွားကြီးရဲ့နားနားကို ကပ်ပြီး တိုးတိုးပြောလိုက်တယ်။ အဘွားကြီး အံ့သြသွားသလိုဖြစ်ရော။

"ဟင် . . ."

ဒီမှာ တိုက်ပုံရင်ကွဲကြီးက အော်မေးတယ်ဗျ။

"ကိုရင် . . . တကယ်ကိုင်ရဲလား"

"ကိုင်ရဲတယ်"

"ကိုင်ရဲရင် ဝင်ခဲ့ပါ"

ကိုရင်ညွှပ်စိ သပိတ်လေးပိုက်ပြီး စည်းဝိုင်းထဲ ဝင်လိုက်တယ်။ လူတွေကတော့ အပြစ်ပြောကုန်ကြပြီဗျာ။

"ကိုရင်လေးသာ တစ်ခုခုဖြစ်ရင် ဒီအဘိုးကြီးကို ဒီနေရာတင် အပြတ်ရှင်းမယ်ဟေ့"

"ဘယ်လိုလူကြီးလဲကွ"

"သေချင်လို့နဲ့ တူတယ်ဟေ့"

ပြောကုန်ကြပြီဗျာ။

"ကိုရင် . . ."

"ဒကာကြီး"

"ဘာလို့ အဆိပ်ပြင်းတဲ့ မြွေဆိုးခေါင်းကို ကိုင်ရဲရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကိုရင်ညှပ်စိက တိုက်ပုံရင်ကွဲကြီးကို နားကိုကပ်ပြီး တိုးတိုးပြော လိုက်တယ်။

ဘယ်သူမှ မကြားကြဘူး။

ဘာပြောမှန်းလည်း မခန့်မှန်းနိုင်ဘူး။

သို့သော်...

တိုက်ပုံရင်ကွဲ အဘိုးကြီးက ခေါင်းတညိတ်ညိတ်လုပ်ပြီး ပြုံးနေလေရဲ့။

မူလ မြွေဆရာမြွေမင်းရာဇာကတော့ အပြုစားခံနေရသလို ငှူကြီး ရပ်ကြည့်နေတုန်းပဲ။

"ကိုင်း...ကိုရင် ကိုင်တော့"

ကျွန်တော်တို့ ကြည့်နေသူအားလုံး အသံတွေ တိတ်သွားကြတယ်။ ရင်တဖိုဖိုလည်း ဖြစ်နေကြပြီလေဗျာ။

ဒီမှာ ကိုရင်လေးညှပ်စိက ကျောက်ရုပ်လိုငြိမ်သက်နေတဲ့ ငန်းတော်ကျား မြွေကြီးရှေ့မှာရပ်ပြီး ဂါထာတစ်ပုဒ်ကိုရွတ်လိုက်တယ်။

ဝိရူပက္ခေ ဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိ မေ။

ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမ ကေဟိစ။

အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။

စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေတိ မေ...

ကိုရင်လေးက မျက်စိစုံမှိတ် သပိတ်ပိုက်ပြီး ခန္ဓသုတ်တော်က ပရိတ် ဂါထာနှစ်ပိုဒ်ကို သံနေသံထားနှင့် မြွေငန်းတော်ကျားကြီးရှေ့မှာ ရွတ်နေတာဗျာ။ အတန်ကြာတယ်ဗျ။

အဘိုးကြီးကလည်း ခေါင်းတညိတ်ညိတ်လုပ်လို့။

ပြီး အဘိုးကြီးကလည်း ပါးစပ်က တစ်ခုခုကို ရွတ်နေတယ်ဗျ။

မြွေအလမ္ပာယ်အဖွဲ့ကလည်း စူးစိုက်ပြီး ကြည့်နေကြ၊ ကျွန်တော်တို့ လည်း ဘာတွေဖြစ်ကုန်မှာလဲဆိုပြီး ရင်ထိတ်နေတုန်းမှာပဲ...



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်လေးက ကျောက်ရုပ်လို ပါးပျဉ်းထောင်ငြိမ်သက်နေတဲ့ ငန်းဖေ
ကျားကြီးရဲ့ဦးခေါင်းကို ပရိတ်တော်အဆုံး သူ့လက်ဝါးသေးသေးလေး တင်လိုဂ
ရော...

"ဟာ..."

"ဟယ်..."

"အလိုလေးတော်..."

"ရှိုး...ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ကိုရင်လေးကွ...ရှိ...ကိုရင်ညှပ်စိကွ"

"အဲဒါ ဘုရားသားတော် စစ်စစ်ပေါ့"

ကြည့်စမ်းပါဗျာ...လူဦးရေ တစ်ရာကျော်ခန့် ပရိသတ်ကြီးဟာ လက်ခ
တွေတီး၊ လက်ခေါက်တွေမှုတ်၊ ဩဘာပေးကြတာဗျာ။

ကြည့်လေဗျာ။

ပရိတ်ရွတ်ပြီး ငန်းတော်ကျားဦးခေါင်းပေါ် သူ့လက်ဖဝါးလေး တင်လိုဂ
ရော ကျောက်ရုပ်လိုတောင့်နေတဲ့ ငန်းတော်ကျားဦးခေါင်း မြေကြီးပေါ်ညွတ်ကျ
ကိုရင်လေး ခြေဖဝါးပေါ် ဦးခေါင်းတင်ငြိမ်နေတာကိုးဗျာ။

ချီးကျူးအံ့ဩသံတွေ ညံနေတယ်ဗျာ။

ကိုရင်လေး သပိတ်ပေါ်လည်း ငွေစက္ကူတွေ ဝိုင်းတင်လှူကြပါရော
တိုက်ပုံရင်ကွဲကြီးကလည်း ကိုရင်လေးကို ရိုသေစွာ လက်အုပ်ချီလို့ မြေပြင်မှာ ထို
ကန်တော့တယ်ဗျာ။

အိုဗျာ...ကြည့်စမ်းပါဦး။

မြွေအလမ္ပာယ်ဆရာ မြွေမင်းရာဇာနဲ့ သူ့တပည့်နှစ်ဦးပါ ကိုရင်လေးက
ထိုင်ကန်တော့ကြတာဗျာ။

သူတို့ ရိုသေစွာကန်တော့တာ မြင်ကြတော့ ပရိတ်သတ်ကလည်း ကိုရ
လေးကို ထိုင်ကန်တော့ကြပါရောဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ကန်တော့တာပေါ့ဗျာ။

"ပရိသတ်တို့ . . . ဟောဒီကိုရင်လေး ရွတ်ဆိုလိုက်တာ ခန္ဓပရိတ်တော်ပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့တဲ့ ပရိတ်တော်ပါ။ အဓိပ္ပာယ်က . . . .

ဝိရူပက္ခ၊ တေဇထန်ပြင်း၊ နဂါးမင်း၏၊ သင်းပင်းရံခြွေ၊ နဂါးမြွေတို့နှင့် အတူ၊ သတ္တဝါအချင်းချင်း ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။

ဧရာပထ တေဇထန်ပြင်း နဂါးမင်း၏ သင်းပင်းရံခြွေ နဂါးမြွေတို့နှင့်အတူ သတ္တဝါအချင်းချင်း ချစ်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။

ဆဗျာပုတ္တ တေဇထန်ပြင်း၊ နဂါးမင်း . . . ကဏှာဂေါတမ တေဇထန်ပြင်း၊ နဂါးမင်း၏ သင်းပင်းရံခြွေ နဂါးမြွေတို့နှင့်အတူ ငါ၏ သတ္တဝါအချင်းချင်း ချစ်ခင်ခြင်း မေတ္တာသည် ဖြစ်ပါစေသတည်း . . .

အခြေမရှိသော များစွာသော သတ္တဝါတို့နှင့်အတူ ငါ၏ သတ္တဝါအချင်းချင်း မေတ္တာသည် ဖြစ်ပါစေသတည်း။

အခြေနှစ်ချောင်း၊ အခြေလေးချောင်း၊ အခြေများစွာ သတ္တဝါတို့နှင့်အတူ ငါ၏ သတ္တဝါအချင်းချင်း ချစ်ခင်ခြင်း မေတ္တာသည် ဖြစ်ပါစေသတည်း။ မှတ်ထားကြပါ ဒီခန္ဓသုတ် ပရိတ်တော်ဟာ အဆိပ်ရှိတဲ့ မြွေနဂါးတို့ကို မေတ္တာပို့သတဲ့ . . . မေတ္တာပရိတ်တော်ပါ။ ဒီခန္ဓာပရိတ်ကို နေ့စဉ် ငါးပါးသီလ လုံခြုံစွာနဲ့ သက်စေ့ရွတ်ရင် ဘယ်လိုအဆိပ်ရှိတဲ့မြွေမှ အန္တရာယ်ပြုလို့ မရပါဘူး။ ကိုင်း . . . ကိုရင်လေးက လက်တွေ့ပြလိုက်ပါပြီ။ ခင်ဗျားတို့ သိဒ္ဓိဝင်မြွေဆေး ဆောင်ထားဖို့ လိုသေးလားဗျာ။

"မလိုပါဘူးဗျို့"

"ကိုင်း . . . မြွေဆရာ၊ မောင်ရင်ဝေထားတဲ့ မြွေနိုင်ဆေးမြစ်တွေ အကုန်ပြန်သိမ်းလိုက်။ မသိမ်းခဲ့ရင် ငါ မင်းရဲ့ဇာတိရုပ်ကို ထပ်ဖော်ပြီး လူတွေကို အလှူခံတ်နိုင်းရလိမ့်မယ် ပြန်သိမ်း"



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမျက်နှာပျက်နေတဲ့ မြွေဆရာ မြွေမင်းရာဇာက သူဝေထားတဲ့ မြွေနိုင်ဆေးမြစ်တွေကို ပြန်တောင်းပြီး သိမ်းလိုက်တယ်။

"ကိုင်း . . . ပရိသတ်တို့ ပြန်နိုင်ပါပြီ။ မှတ်ထားကြပါ ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်ကြပါ။ အနန္တော အနန္တငါးပါးကို ရိုသေလေးစားပါ။ သရဏဂုံ တည်နေရင် ကျောက်ခဲလည်း အမိဋ္ဌာန်တာနဲ့ ဆေးဖြစ်ပါတယ်။ အားလုံး သရဏဂုံ တည်တဲ့ မေတ္တာရှင်တွေ ဖြစ်ကြပါစေ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

လူအတော်များများ ပြန်ကုန်ကြပြီဗျာ။ ဘတိုက်ပုံကို ထိုးကြိတ်မိသူတွေလည်း တောင်းပန်ကန်တော့ပြီး ပြန်သွားတယ်ခင်ဗျ။

သို့သော် ကျွန်တော် မပြန်သေးဘူး။ အလမ္မာယ်ဝိုင်းမှာပဲ ရှိနေတယ်။ ကိုရင်လေးလည်း ရှိနေတယ်။ အသာအကဲခတ်နေတာပေါ့။

"မြွေဆရာ"

"ခင်ဗျာ"

"မင်း ငါ့ကို စိတ်ဆိုးသလား"

"အဲ...အဲ..."

"မင်းတို့ ကြံကွက်ဖန်ကွက်တွေကို ငါသိတယ် မြွေဆရာ။ မင်းရဲ့ မြွေပွေးတွေရော၊ မြွေဟောက်တွေရော၊ အစွယ်ချိုးထားတဲ့ မြွေတွေကွ။ မင်း ပထမ မြွေနိုင်ဆေးမြစ်ဝေမယ်။ ပြီးရင် မြွေစာဖိုးဆိုပြီး ပိုက်ဆံတောင်းမယ်။ မင်း မြွေနိုင်ဆေး



www.burmeseclassic.com

www.burmeseclassic.com



တကယ်စွမ်းရင် ငွေထောင်နဲ့သောင်းနဲ့တော့ ပေးသင့်တာပေါ့ကွာ။ မင်း လေ့ကျင့်ထားတဲ့ မြွေတွေကိုတော့ မင်းအထာကျ အမိန့်ပေးရင် လိုသလိုရတာပေါ့။

သို့သော် မင်းက မဆီမဆိုင် လက်ထောက်ကြည့်တဲ့ ငါ့ကိုပါ အသားလွတ်ရန်လုပ်ပြီး ပရိသတ်နဲ့ရန်တိုက်ပြီး လုပ်ကိုင်စားသောက် ဘော်ချက်ဖို့ ကြံတယ်။ ဒါ့ကြောင့် ငါ မလွှဲမရှောင်သာဘဲ ဝင်ပညာပြရတာပဲ။ မင်း မြွေနိုင်ဆေးစွမ်းရင် ဟောဒီ ငန်းတော်ကျား အကိုက်ခံလိုက်လေ။ ဒါ လမ်းခရီးက ရလာတဲ့ ငန်းတော်ကျားပဲ။ သတ်စားမည့်လူတွေလက်ထဲက ငါ ငွေပေးဝယ်လာတာ။ အစွယ်ရှိတယ်၊ အဆိပ်ပြင်းတယ်။ မင်း အကိုက်မခံရဲဘူး။ မင်းတို့ ဆေးကို လိမ်းညာမရောင်းပါနဲ့။ မြွေဆရာ ဘာမှမသိတဲ့ ရိုးသားတဲ့လူတွေ ယုံကြည်ကိုးစား အသုံးမှားရင် ကိုယ်ကျိုးနည်းကုန်ပါလိမ့်မယ်ကွာ။ ရိုးရိုးမြွေအလမ္ပာယ် အလုပြစားရင်ပဲ အလှူငွေရပြီး ထမင်းစားလို့ရပါတယ် ဟုတ်ရဲ့လား”

“ဟုတ်ကဲ့ပါ . . . ဆရာကြီး”

“မင်း သိဒ္ဓိဝင် မြွေဆေးမြစ်က ဘာလဲဆိုတာ ငါ ပြောပြရဦးမလား”

“ကျွန်တော် မှားပါတယ် . . . ဆရာကြီး။ ဆရာကြီးကို ပြစ်မှားစော်ကားမိတာလည်း တောင်းပန်ပါတယ် ဆရာကြီးခင်ဗျ။ နောင်ကို ကျွန်တော် မြွေဆေးရောင်းမစားတော့ပါဘူး။ မြွေအလမ္ပာယ်ပဲ ပြစားပါ့မယ်လို့ ကတိပြုပါတယ် . . . ဆရာကြီး”

သူတို့သုံးဦးက တိုက်ပုံရင်ကွဲနဲ့ ဆရာကြီးကို ထိုင်ကန်တော့ကြတယ်ဗျာ။

“သာဓု . . . သာဓု . . . သာဓု . . . အမှားကို အမှားလို့သိတာ မမှားသေးဘူး၊ မြွေဆရာ လိမ်မာရိုးသားကြပါကွယ်”

သည့်နောက် တိုက်ပုံရင်ကွဲဘကြီးက ငန်းတော်ကြားမြွေကြီးကို ကောက်ယူပြီး လွယ်အိတ်ထဲကိုထည့်လွယ်လို့ ကိုရင်လေးနဲ့ ထွက်သွားတယ်။ ကျွန်တော်လည်း ကပ်လိုက်သွားခဲ့တယ်။

သွားရင်း စကားတွေ ပြောကြတာကို ကျွန်တော် နောက်ကနေကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်လေး . . . သတ္တိကောင်းတယ်နော်"

"ဒကာကြီးကလည်း တော်တာပါပဲ။ ဒကာကြီးရဲ့ပညာကိုယုံလို့ ကိုရင်လည်း အရဲစွန့်တာပါ . . . ဒကာကြီး"

"ကိုရင်လေးက ကျူပ်အကြောင်း သိတယ်လား"

"သိပါတယ်"

"ကိုရင်က ဘယ်လိုသိတာတုံး ဘုရား"

"ဒီလိုပါပဲ . . . ဒကာကြီးရယ်"

"ကိုရင်လည်း စွမ်းတာပါပဲ ဘုရား"

"ကိုရင်လည်း ရတနာသုံးပါးကို ယုံကြည်တယ် ဒကာကြီး။ ပြီးတော့ . . ."

"ပြီးတော့ ဘာဖြစ်တုံး . . . ကိုရင်"

"အဆင့်မြင့် ဂမ္ဘီရပညာရပ်တွေကိုလည်း လေးစားတယ်။

"ဟင် . . . ကိုရင် ငယ်ငယ်လေးနဲ့ ဒါတွေကို သိတာပဲလားဟင် ကိုရင်"

"ကိုရင့်အဘိုးက အဘိုးအောင်မင်းခေါင်ရဲ့မိတ်ဆွေရင်းပထမံဦးသောကြာပါ ဒကာကြီး"

"ဟင်"

ကိုရင်လေးဟာ သို့ကလိုပြောပြီးနောက် ဘတိုက်ပုံရင်ကွဲကြီး အပါးက ဓနုလှစ်ခနဲ ထွက်သွားလိုက်တာ မြန်လိုက်တာ။ မျက်စိရှေ့တင် ပျောက်သွားတာပဲဗျာ။

ကိုရင်လေး ဘယ်ကျောင်းမှာ နေတာလဲ။

ကိုရင်လေး အဘိုး ပထမံ ဦးသောကြာဆိုတာကရော ဘယ်လိုပုဂ္ဂိုလ်လဲ။ သိချင် မေးချင်လိုက်တာ။ ငါ ညံ့လိုက်လေခြင်းရယ်။

ဘတိုက်ပုံရင်ကွဲကြီးဟာ အလွန် လျှို့ဝှက်နက်နဲလှတဲ့ ကိုရင်လေးလှမ်းသွားရာကို လက်အုပ်ချီပြီး မေတ္တာတွေ ပို့သ,နေရဲ့ဗျာ။

"အဘ . . ."

"ဟင် . . . စာရေးဆရာ မဟုတ်လားဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခေါ်သံကြောင့် အဘက လှည့်ကြည့်ပြီး မှတ်မှတ်ရရ မေးလိုက်ပါရောဗျ။

"အဘ . . . မှတ်မိသားပဲ။ အဘကို ခုလို မြင်တွေ့ရတာ ဝမ်းသာလိုက်တာ အဘရယ်။ ဒါနဲ့ အဘနာမည် ဘယ်လိုခေါ်လဲဟင် အဘ"

"လူလေး စာရေးဆရာ"

"ဗျာ . . . အဘ"

"အဘနာမည်လည်း မင်းမမေးနဲ့၊ မင်းနာမည်လည်း အဘ မမေးဘူး။ နားလည်လား . . . လူလေး"

"အဘ ဘယ်မှာနေလဲဟင်"

"မင်းမှာ အိမ်ရှိလား စာရေးဆရာ"

"ရှိပါတယ်ခင်ဗျ"

"မင်း ပိုင်သလား"

"ပိုင်ပါတယ် ခင်ဗျ"

"မင်းသေသွားရင် အဲဒီအိမ် ပိုင်သေးလား"

"အဲ . . . အဲ . . . သေသွားရင်တော့ မပိုင်ဘူး . . . အဘ"

"အိုးပိုင်အိမ်ပိုင်နဲ့ နေတယ်ဆိုတာ ခဏလေးကွ။ သေရင် မပိုင်တော့ဘူး။ ယူသွားလို့လည်း မရဘူး။ သေပြီးရင် မင်းအိမ်ပါလို့ပြောပြီး လာနေလို့ မရတော့ဘူး။ မင်းကိုယ်မင်းလည်း မပိုင်တော့ဘူး။ အဲဒါ အနတ္တပဲ။ အနတ္တ မပိုင်ပါလားလို့ သိထားရင် မင်းနေတဲ့နေရာ ငါနေတဲ့နေရာ ဘာမှတန်ဖိုးမရှိတော့ဘူး။ ကြွားစရာလည်း မလိုတော့ဘူး။ ဓားလှံကိုင်ပြီး လုံခြုံရေးယူစရာလည်း မလိုတော့ဘူး။

တကယ် တန်ဖိုးရှိတာ ရတနာသုံးပါးပဲ။ ဒီ ရတနာသုံးပါး အရိပ်မှာနေပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဒီဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားလို့ ဘဝတွေမှာ ရိုးသားစွာ ဆောင်ရွက်ကြရင် အနေလည်း မြတ်တယ်။ အသေလည်း မြတ်တယ်။ တန်ဖိုးလည်း ကြီးတယ်။ အမှန်တကယ် မင်းတို့ငါတို့ နေရမည့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရဲ့အရိပ်ဟာ ဝင်ဒါမီယာလည်း မဟုတ်ဘူး။ ရွှေတောင်ကြားလည်း မဟုတ်ဘူး။ ရတနာသုံးပါး အရိပ်ဘဲ။ မေတ္တာနဲ့ ရိုးသားစွာဖြောင့်မတ်စွာ ခိုဝင်ပြီး ဖြောင့်မှန်ကြရင် အိမ်နံပါတ်မလိုဘူး၊ လမ်းနာမည် မလိုဘူး။ မင်းတို့ငါတို့ အားလုံး မေတ္တာမြို့သား၊ သစ္စာမြို့သားချည်းပဲ။ ကိုင်း . . . သွားပဟေ့"

"အဘ . . . ဘယ်ကိုသွားမှာလဲ"


"သစ္စာမြို့"

ကျွန်တော် တရွေ့ရွေ့ထွက်သွားနေတဲ့ အမည်မသိ မေတ္တာရှင် ဂန္ထီရလူထူးဆန်း ဘတိုက်ပုံရဲ့နောက်ကျောကို လက်အုပ်ချီပြီး ဂါရဝပြုလိုက်ရင်း ပြန်ဆုံပါရစေ . . . အဘရယ်လို့။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

အယူအဆရှိတဲ့လူလည်း ယူဆယုံကြည်ကြတာပါပဲဗျာ။

အယူမရှိတဲ့သူကြတော့လည်း လုံးဝပါပဲ။

အချို့ကတော့ ဒါ ရှေးလူကြီးသူမများ ပြောဆိုသတိပေးခဲ့တာ၊ အကြောင်းရှိလို့ ကိုယ်တွေ့မို့ ပြောခဲ့တာ . . .

ရှောင်ကြ . . .

ဆောင်ကြ . . .

ဆိုကြပါစို့ဗျာ . . .

အတော်များများက ဇာဒ်ပင်တို့၊ သဘော်ပင်တို့ကို အိမ်ခြံဝန်းထဲမှာ မစိုက်ကြဘူးဗျ။ ဘာလို့ မစိုက်ကြတာလဲမေးတော့ . . .

"ခိုက်" လို့တဲ့။

ကိုင်း . . . ပြောစမ်းပါဦး ဘယ်လိုခိုက်တာတုံး။



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးရေးဌာနက သတိပေးလို့လား။

ရက္ခဗေဒအသင်းက စာထုတ်လို့လား။

အဲဒီလိုတော့ မဟုတ်ဘူးတဲ့။ ဒါဖြင့် ဘယ်သူပြောတာတုံး၊ နိက်တဲ့အကြောင်းရင်းလည်း ပြောပါဦးဗျာ။

ကိုယ်ကလည်း မြန်မာမှု ထူးထူးဆန်းဆန်းလေးတွေ လေ့လာမေးမြန်းမှတ်သား စုဆောင်းနေသူဆိုတော့ မေးရတာပေါ့ဗျာ။

"ဆရာမှိုင်းရေ . . . အိမ်ခြံဝန်းထဲမှာ ဇာဒ်ပင်၊ သင်္ဘောပင်၊ မှို့ပင်စိုက်ထားရင် အိမ်ရှင်မိသားစုကို နိက်တယ်တဲ့ခင်ဗျ။ ဘုရားဟောတော့ မဟုတ်ဘူး . . . ဆရာမှိုင်းရာ။ စိုက်ပျိုးရေးဌာနက စာထွက်သတိပေးတာလည်း မဟုတ်ပါဘူးခင်ဗျ။ ရှေးလူကြီး အတော်များများရဲ့ အတွေ့အကြုံအရသိလို့ နောက်လူတွေကို သတိပေးတာပါခင်ဗျ"

"ဇာဒ်ပင်တို့၊ သင်္ဘောပင်၊ မှို့ပင်တို့ ခြံဝန်းထဲစိုက်တော့ အသီးမစားရဘူးလားဗျာ။ မှို့သီးခြောက်သွားရင် မှို့မရဘူးလား။ ဒီမှို့နဲ့ ခင်ဗျားတို့ကျွန်တော်တို့ခေါင်းအုံး၊ မွေ့ရာ ချုပ်လုပ်ကြတာပဲ မဟုတ်လားဗျ။ သင်္ဘောသီးရဲ့ အာဟာရတန်ဖိုးကြီးပုံကို ဆရာဝန်တိုင်း၊ လူတိုင်း သိကြတယ်ဗျာ၊ သင်္ဘောပွင့် အသုံးဝင်ပုံကို မြန်မာတိုင်းရင်းဆေးဆရာတွေ ပိုပြီး သိကြ အသုံးပြုကြညစ္စာ။ ခြံထဲစိုက်တာ ဘာကြောင့် နိက်တာတုံးဗျ"

"ဒီလို ဆရာမှိုင်းရ . . . အထူးသဖြင့် ဇာဒ်ပင်နဲ့ မှို့ပင်ကို ကိုယ့်ခြံဝင်းထဲ စိုက်ရင် အဲဒီအပင်ရဲ့ ပည်စည်လုံးပတ် ပေါင်းစပ်လို့ရတဲ့ ပျဉ်(ဆိုက်)အနေအထား ကြီးထွားလာရင် စိုက်မိတဲ့အိမ်ရှင် နေရာပြောင်းရင် ပြောင်း၊ မပြောင်းရင် အိမ်သားတစ်ဦးဦး အကြောင်းတစ်ခုခုနဲ့ သေရောတဲ့ဗျ။ တစ်ခါ သင်္ဘောပင် အိမ်ခေါင်းရင်းမှာ မစိုက်ရဘူးတဲ့။ စိုက်ခဲ့မိလို့များ အဲဒီ သင်္ဘောပင်ရဲ့အမြစ်က အိမ်ဦး (ဥယျာဉ်တိုင်)ကို ထိုးမိရင် အိမ်ရှင်သေရောတဲ့ဗျ။ ဆရာ . . . လိုက်လေ့လာကြည့်ပါဆရာ။ အိမ်မှာ မှို့ပင်၊ ဇာဒ်ပင်စိုက်ထားတဲ့ အိမ်တွေ စီးပွားမဖြစ်ကြဘူး ဆရာ။ လူသေပေါင်သေရတဲ့



www.burmeseclassic.com

www.burmeseclassic.com


အိမ်ရှိတယ် ဆရာရဲ့ အိမ်တိုင်း အိမ်တိုင်းနီးပါး ခြံဝင်းထဲမှာ မှို့ပင်၊ ဇာဒံပင် မစိုက်ကြတာများတယ်ဗျာ"

အင်း . . . အဲဒီအပင်တွေ အိမ်ခြံဝန်းထဲစိုက်လို့ အိမ်ရှင် စီးပွားပျက် သေရတာလား။

အလုပ်အကိုင် အဆင်မပြေလို့ စီးပွားပျက်တာရော မဖြစ်နိုင်ဘူးလားဗျာ။ အိမ်ရှင်မိသားစုထဲက ဖဲရိုက်အရက်သောက် အပျော်အပါး အသုံးအစွဲများ အကြွေးတင် စီးပွားပျက်တာရော မဖြစ်နိုင်ဘူးလား။

သေတာကရော . . .

မွေးလာတာ သေဖို့လေဗျာ။

မွေးတာနဲ့ သေတာကြားမှာ ရှင်သန်ချိန်က ပုံမှန်ရှိလို့လားဗျ။ ကွေးသောလက်မဆန့်ခင်နဲ့ ဆန့်သောလက်မကွေးခင်ကြားမှာ ဖြစ်တယ်၊ ပျက်တယ်လို့ ဘုရားဟောရှိဥစ္စာဗျာ။

သတ္တဝါတွေမှာ သေခြင်းလေးမျိုးရှိသတဲ့။

(၁) အသက်တမ်းကုန်၍ သေရခြင်း။

(၂) ကံအစွမ်းကုန်၍ သေရခြင်း။

(၃) အသက်နှင့်ကံ နှစ်ပါးကုန်၍သေရခြင်း။

(၄) ကံတစ်ပါးပါးက ဖြတ်တောက်၍ သေရခြင်းရယ်လို့ သေခြင်းလေးမျိုးရှိတယ်ဥစ္စာ။ ဘယ်နေ့သေမယ် အတိအကျ မသိရပေမဲ့ သေခြင်းတရားမှာ အရွယ်မရွေးဘူး။ အချိန်မရွေးဘူး။ နေရာမရွေးဘူးလေ။ အနေးနဲ့အမြန် သေရတာပဲ။

ခက်တာက ရုတ်တရက်သေရခြင်းအချို့မှာ . . .

ခိုက်တဲ့ သစ်ပင်စိုက်လို့ . . .

အိမ်ဆောက်ရာမှာ မီးကျော်သစ်ကို သုံးမိလို့။

ကိုယ်တော်နှစ်ပါးကို မရှိမသေစော်ကားမိလို့ . . .


www.burmeseclassic.com

www.burmeseclassic.com


ကွင်းပိုင်တင်မည့် ကြက်ချက်စားမိလို့ . . .

သချိုင်းကုန်းက မသန့်တဲ့ပစ္စည်း အိမ်ပေါ်ရောက်နေလို့၊ မဆောင်ကောင်း တဲ့ အဆောင် ဆောင်ထားလို့၊ ခိုက်တာ သေရတာ။ ဟော . . . ယိုးမယ်ဖွဲ့လာကြပြီ။

ရှိသေးတယ်၊

သချိုင်းကုန်းဟောင်းပေါ်မှာ အိမ်ဆောက်နေလို့ သေတာတဲ့။ သိုက်ကုန်း မြေပေါ်မှာ အိမ်ဆောက်နေပြီး မသန့်တဲ့ကိစ္စတွေလုပ်လို့ သိုက်စောင့်တွေ လုပ်လို့ စီးပွားပျက်တာတဲ့။ ရူးရတာ။ သေရတာတဲ့။

ဒီလိုနဲ့ ကျွန်တော် ညီတစ်ယောက်လည်း သူ့အိမ်နောက်ဖက်မှာ စိုက် ထားတဲ့ မှို့ပင်ကြီး ဓားနဲ့ခုတ်ပစ်လိုက်တယ်ခင်ဗျ။

မှို့ပင်ကြီးရင် တစ္ဆေသရဲ မှီနေတတ်လို့တဲ့။

တစ်နှစ် . . . တစ်နှစ် အသီးတော်တော်များများရတဲ့ မှို့ပင်ကြီးကို အရမ်း လည်း မခုတ်ရဲဘူး။

မှို့ပင်ကြီး ခုတ်ကာနီးမှာ ပါးစပ်က ပြောလိုက်သေးသတဲ့၊

"မှို့ပင်ကြီးကို ကျုပ်ခုတ်တော့မယ်။ မှို့ပင်ကြီးမှာ မှီခိုကပ်နေတဲ့ ပရသား တွေရှိရင် သင့်တော်ရာသွားနေကြ။ ဒါ အမိန့် ငါ့အမိန့်မဟုတ်ဘူး နိုင်ငံတော် အကြီး အကဲ (ဦးနေဝင်း)ရဲ့အမိန့်"

သို့ကလိုပြောပြီး အလွန်ကြီးလှတဲ့ အသီးဝေဝေဆာဆာ မှို့ပင်ကြီး ခုတ်လှဲ ရှင်းပစ်လိုက်တယ်။

မှို့သီးတက်ခူးပြီး မှို့ပင်ပေါ်က ပြုတ်ကျတဲ့အဖြစ်က မကြာခဏ ဖြစ်နေ တာကိုး။

မှို့ကိုင်းမှို့သား ဘယ်ခိုင်မှာလဲဗျာ။

တက်နင်းခူးရင်း ကျိုးကျတာပေါ့၊

အဲဒါနဲ့ မှို့ပင်ကြီးကိစ္စ ပြတ်သွားပါရော၊

ကျွန်တော် အိမ်ရှေ့မှာ သဘော်ပင်စိုက်ထားတယ်၊ အိမ်ရှေ့မှာရော စည်းရိုးအပြင်မှာရောပေါ့ဗျာ။


www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်တော့ သီးလိုက်တာ ပြွတ်ခဲနေတာပဲ။

ကျွန်တော်က ပြွတ်နေအောင်သီးတဲ့ သခော်ပင်ကြီးကိုကြည့်ပြီး ကျေနပ်အားရနေတာပျာ။ တစ်နေ့ အဘိုးကြီးတစ်ဦး တွေ့သွားပြီး . . .

"အိမ်ရှေ့မှာ သခော်ပင်မစိုက်နဲ့ . . . လူလေး"

"ဘာဖြစ်လို့တုံး အဘိုး"

"မကောင်းဘူး"

"ဘယ်လိုမကောင်းတာတုံး အဘိုး"

"ခိုက်တယ်"

ခိုက်မခိုက်တော့ မသိဘူးပျာ။ သခော်သီးတွေ ဝင်းမှည့်လာရင် သူခိုးခိုးခူးသွားရော။ ကိုယ် မစားရပါဘူးပျာ။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော် ထောင်ကျခဲ့ဖူးတယ်။

အိမ်ထောင် ပြိုကွဲခဲ့ဖူးတယ်။

စီးပွားပျက်ခဲ့ဖူးတယ်။

နောက်ဖေးမှာ စိုက်ထားတဲ့ သခော်ပင်ဆို သီးလိုက်တာမှ အလုံးကြီးမျိုးတွေ။ ကိုယ်လည်း စားတယ်။ သူများလည်း ပေးဝေလိုက်တာပဲ။

စီးပွားရေးကောင်းတယ်။ ရွှေနဲ့ငွေနဲ့ ဖြစ်လာတယ်၊ နာမည်ကျော်ကြားလာတယ်။ လူရာ တင့်တယ်လာတယ်။

သခော်ပင်အကျိုးမပေးတာလား။

အကျိုးပေးတာလား မသိဘူး။

နာဂစ်မုန်တိုင်းဝင်ရော နောက်ဖေးက သခော်ပင်ရော အိမ်ရှေ့သခော်ပင်နှင့် ဒန့်ဒလွန့်ပင်တွေပါ ပြိုလဲကျိုးကျ ကိစ္စတုံးကုန်တော့တယ်။ ခုတော့ စားချင်ရင် ဝယ်စားနေရပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ကျွန်တော့်အနေနှင့် ယုံတယ်လည်း မဟုတ်ဘူး။

မယုံတယ်လည်း မဟုတ်။

ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်တွေကို ကြုံတွေ့မျက်မြင် ဖြစ်ခဲ့ရတယ်ခင်ဗျ။

"ခိုက်တယ်"ဆိုတဲ့ ကိစ္စပေါ့ဗျာ။

ကျွန်တော်တို့ မိသားစုက အုန်းပင်ကုန်းဆိုတဲ့ရပ်ကွက်မှာ နေလာတာ ရပ်ကွက် စတည်ကတည်းကပဲခင်ဗျ။

ကျွန်တော်တို့နေတဲ့ လမ်းရဲ့သုံးလမ်းကျော်မှာ ကျွန်တော်ညီမ အိမ်ထောင် သည်မိသားစုနေကြတယ်။

ဒီတုန်းက လမ်းစဉ်ပါတီခေတ်ဗျ။

အိမ်ခြံမြေဈေး ခုလို ခေါင်ခိုက်မကြီးသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



(ပေလေးဆယ်၊ ပေခြောက်ဆယ်) ခြံတစ်ကွက်မှ တစ်သောင်း နှစ်သောင်း ဆို ကောင်းကောင်းရတယ်။

အစိုးရအောင်ဘာလေထီ တစ်သိန်းဆုပေါက်ရင် ချက်ချင်း သူဌေးအခေါ်ခံရတယ်။ ခြံရယ်အိမ်ရယ်၊ ဝီလီဂျစ်ကားတစ်စီး ဝယ်လို့ရတယ်ဗျာ။ ကောင်းလိုက်တဲ့ခေတ်ဗျာ။

ထားတော့ဗျာ ...

ပြောချင်တာက ကျွန်တော့်ညီမအိမ်ရှေ့မှာ ခြံကွက်တစ်ကွက်ရှိတယ်။ ခြံက ကြက်လျှာစွန်းခြံကွက်ခင်ဗျ။

ကြက်လျှာစွန်းဆိုတာ လေးနားညီမဟုတ်ဘူး။ မျက်နှာချင်းဆိုင် နှစ်နားညီမဟုတ်ဘူး။

ကြက်လျှာစွန်းဆိုတာ ရှေ့ကညီပြီး နောက်မှာ ထောင့်စွေသွားတာ။ ချွန်သွားတာကိုကြက်လျှာစွန်းလို့ ခေါ်ကြတယ်။

သုံးနားမညီ တြိဂံပုံမျိုးသဏ္ဍာန်ပေါ့။

ညီမအိမ်ရှေ့က ခြံကွက်က ရှေ့မျက်နှာစာကားပြီး နောက်ဘက်ကို ချွန်စူးသွားတဲ့ခြံ။

အမှန်က မြေပိုခြံလေးပါဗျာ။

ရှေ့လေးဆယ်၊ ဘေး(၆၀)၊ နောက် (၁၀)ပေခန့်ရှိတယ်။

ကြက်လျှာစွန်းဖြစ်နေလို့ ဘယ်သူမှ မဝယ်ဘူး။ မနေကြဘူး။ မြန်မာလူမျိုးရဲ့ ဓလေ့သဘာဝက ကြက်လျှာစွန်းခြံမှာနေရင် နိုက်တယ်။ စီးပွားပျက်တယ်လို့ ယူဆကြပြီး ရှောင်ကြတယ်လေ။

ပြီး လေ့ဦးတိုက်၊ လှည်းဦးတိုက်ခြံ မနေကြတာ များတယ်။ လေ့ဦးတိုက်၊ လှည်းဦးတိုက်ခြံမှာ အိမ်ဆောက်ပြီး လူနေရင် နိုက်တယ်လို့ ယူဆခဲ့တာ ကြာပြီဗျ။

လေ့ဦးတိုက်၊ လှည်းဦးတိုက်ဆိုတာက ...

ရေဆိပ်မှာ လေ့ဦးတိုက်တဲ့နေရာနှင့် တည့်တည့် မျက်နှာချင်းဆိုင် အိမ်၊ ဂိုဒေါင်ရှိနေရင် အဲဒါကို လေ့ဦးတိုက်ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းဦးတိုက်ဆိုတာက . . .

ကျွဲလှည်း၊ နွားလှည်း ဦးတိုက်သွားနေတဲ့ လမ်းကြောင်းရှေ့မှာ ပိတ်ထားတဲ့အိမ်၊ ခြံ၊ တိုက်၊ ဂိုဒေါင်ရှိရင် အဲဒါကို လှည်းဦးတိုက်ကျတယ်လို့ ခေါ်တယ်တဲ့ ခင်ဗျ။

ခုတော့ ကားဦးတိုက်၊ မြင်းလှည်းဦးတိုက် ခေါ်ပြီပေါ့ဗျာ။

ဆိုပါစို့ဗျာ . . .

လှည်း (သို့) ကားက ရှေ့ကနေ အနောက်သွားတဲ့ လမ်းအတိုင်းသွားနေတယ်။ ရှေ့ရှုသွားရာလမ်းဟာ ဆုံးပြီး၊ လမ်းဆုံးမှာ အိမ်ပိတ်ဆောက်ထားရင် အဲဒါ လှည်းဦးတိုက်ပဲ။

ရှေ့တိုးလို့ မရတော့ဘူး။

ဆက်တိုးရင်လည်း အိမ်ကိုတိုက်ရုံပဲရှိတယ်။

ယုံချင်လည်းယုံပါ။ မယုံချင်လည်း နေပါခင်ဗျာ။

ကျွန်တော့်ကိုယ်တွေ့အရ ပြောရရင်တော့ လှည်းဦးတိုက်၊ ကားဦးတိုက်ရာလမ်းကြောင်းတည့်တည့်မှာ ပိတ်၍သော်လည်းကော်း၊ မျက်နှာချင်းဆိုင်ဆုံ၍သော်လည်းကောင်း . . .

အိမ်၊ တိုက်၊ အဆောက်အဦ(ဘုရား၊ ကျောင်းကန်မှလွဲ၍) ဆောက်မိကြသည်ကို မြင်ရဖူးပါတယ်။

အဲဒီ အိမ် စီးပွားပျက်တာ တွေ့ရတယ်။

နောက်ဆုံး ရတဲ့ဈေးနဲ့ ရောင်းပစ်လိုက်တယ်။

နောက်လူ လာဝယ်နေတယ်။ လာနေတဲ့လူလည်း မကြာပါဘူး။ စီးပွားပျက် ကျန်းမာရေးထိခိုက်။

တဖြည်းဖြည်း လုံးပါးပါးပြီး မွဲတာပဲ။

ဒါနဲ့ နောက်လူကိုပြန်ရောင်း၊ နောက်ထပ်လာနေတဲ့လူကိုလည်း လုံးပါးပါး၊ လူနေမမြဲ၊ နေရင် အကျိုးစီးပွားဆုတ်ယုတ်။

www.burmeseclassic.com



ကျွန်တော့်မျက်မြင်အရ အပြောင်းအရွှေ့အရောင်းအဝယ် အကြိမ် မနည်း တော့ပါဘူးဗျာ။

အခု အလွန်ကြီးမားတဲ့ အဆောက်အဦကြီးဆောက်နေတယ်။ ကံကောင်း ပါစေလို့ ဆုတောင်းပါတယ်ဗျာ။

ဒါကြောင့် . . .

ရှေးလူကြီးသူမ မြန်မာကြီးတွေက မည်မျှပင် နေရာအကွက်အကွင်း ကောင်းတဲ့နေရာ ဖြစ်ပါစေ . . .

လှေဦးတိုက်၊ လှည်းဦးတိုက်၊ ကားဦးတိုက်ကျနေလျှင် လက်ရှောင်ကြ သည်ကများတယ် ခင်ဗျ။

ကျွန်တော် အသိတစ်ဦးက ကားဦးတိုက်မြေကွက်မှာ လူလည်းနေ၊ လက်ဖက်ရည်ဆိုင်လည်း ဖွင့်ထားတယ်။

တစ်နေ့ ကားတစ်စီး အရှိန်လွန် ဘရိတ်မမိ ထိုးဝင်တိုက်လို့ ကျိုးပဲ့ပျက်စီး ကုန်ပါရောလားဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ခိုက်တဲ့အကြောင်းပြောရင်းလက်စနဲ့ ပြောရဦးမယ်ဗျူ။

နောက်တစ်ခုက . . .

သိမ်ရိပ်ကျတဲ့မြေ၊ ခြံ၊ အိမ်ပဲ။

ရှေးမြန်မာကြီးတွေမှ လူကြီးအတော်များများက သိမ်ရိပ်ကျတဲ့ခြံမျိုးမှာ နေလေ့မရှိကြဘူးဗျာ။ ရှောင်ကြတာများတယ်။

ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းမှာ ရဟန်းတွေ သိမ်ဝင်ဖို့ သိမ်ဆိုတာ ရှိတယ်။

အချို့သိမ်က အဆောက်အဦကြီးတွေ။

အချို့က စည်းရိုးငုတ် သတ်မှတ်ထားတာလည်း တွေ့ရပါတယ်။ နေရောင်က သိမ်ရှိရာကိုထိုး။



www.burmeseclassic.com

www.burmeseclassic.com



သိမ်ရိပ်က ဒီဘက်ခြံစည်းရိုးကို ရောက်နေရင် သိမ်ရိပ်ကျတဲ့ ခြံမြေမှာ နေလေ့သိပ်မရှိကြဘူး။

ရှေးဟောင်းသိမ်တွေဆို ပိုပြီး ဘုန်းတန်ခိုးကြီးတယ်။

တွေ့ဖူးကြုံဖူးပါရဲ့ဗျာ။ သိမ်ရိပ်ကျတဲ့ခြံမှာ နေတဲ့လူလည်း ရှိတာပဲဗျ။ ဘယ်လိုအကြောင်းတွေဆိုင်လည်း မသိပါဘူးဗျာ၊ အပြောင်းအရွှေ့ဖြစ်လိုက်တာနယ် ... ဦးရေ ဘယ်နည်းမှာလဲဗျာ။ လူသေ၊ အိမ်ထောင်ကွဲ၊ အမှုဖြစ် မျိုးစုံပဲ။

အချို့လည်း နေစရာမရှိတော့ နေကြတာပဲလေ။

ဒီမှာဘက် မျက်မှောက်ခေတ်ရောက်တော့ သိပ်အယူသည်းတာ မရှိကြတော့ပါဘူး။

လှေဦးတိုက်၊ လှည်းဦးတိုက်လည်း နေကြတာပဲ။

သိမ်ရိပ်ကျတဲ့ခြံထဲလည်း နေလိုက်ကြတာပဲ။

အဲဒီမြေတွေလည်း အခု ဈေးမသေးဘူးဗျ။

ခြံဈေး၊ မြေဈေး ထောင်ဂဏန်း သောင်းဂဏန်း ရှိနေပြီ။ သချိုင်းမြေဟောင်းပေါ်လည်း နေနေကြတာပဲ။

အချို့လူနေအိမ် မဆောက်ရဲတော့ ...

ကုန်တိုက်တို့၊ အလုပ်ရုံတို့ ဆောက်ကြတာပဲဗျ။

ရွှေဈေးထက် မြေဈေးက ခေါင်ခိုက်နေပြီကိုး။

နောင် အနှစ်ငါးဆယ်ရောက်ရင် သစ်ပင်ကြီးတွေပေါ်မှာ လင့်စင်ထိုးပြီး နေရတဲ့ခေတ် ရောက်ဦးမှာလား မသိ။

နောက်ခိုက်တဲ့ အိမ်တစ်မျိုး ရှိသေးတယ်ခင်ဗျ။

နို့ညှပ်တဲ့။

နို့ညှပ်ဆိုတာ မိန်းမသားတွေရဲ့ မိခင်နို့နှစ်လုံးကြားကနေရာကို နို့ညှပ်လို့ ခေါ်တာတဲ့။

နို့နှစ်လုံးညှပ်ထားတဲ့ အကြားကို ခေါ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နို့နှစ်လုံးညှပ်ထားတဲ့အကြား ဘာအသားမှမရှိဘူးဆိုတဲ့ သဘော။ အိမ်ဆောက်ရင်တဲ့၊ အိမ်ဝယ်ရင်တဲ့ နို့ညှပ်ကြားမရောက်စေနဲ့တဲ့။ နို့ညှပ်ကြားရောက်နေရင် အကျိုးစီးပွား မဖြစ်ဘူးတဲ့။

ရှေးတုန်းက အယူအဆနော်။

ခုခေတ်တော့ လက်ခံသူလည်း ရှိတာပဲ။

လက်မခံသူလည်း ရှိကြတာပါပဲဗျာ။

နို့ညှပ်အိမ်နေရာရဲ့ သဘောက လမ်းထဲမှာ အိမ်ငါးအိမ် တစ်တန်းတည်း ရှိကြတယ်ဆိုတော့။ ထိပ်ဆုံးက ထိပ်ပိတ်ညှပ်ထားတဲ့ အိမ်နှစ်အိမ်သည် သဘောက နံပါတ်တစ်ထိပ်အစအိမ်နဲ့ ကြားသုံးကွက်ကျော် ထိပ်ပိတ် နံပါတ်ငါးအိမ်က ညီအစ်ကိုအရင်းအိမ်။ သို့မဟုတ် ညီအစ်မအရင်းအိမ် နှစ်အိမ်ဖြစ်နေရင် အဲဒါ အလယ်ကအိမ်တွေကို နို့ညှပ်လို့ ခေါ်ကြတယ်ခင်ဗျ။

ဒီလိုပဲ အိမ်ခြေ (၁၅)လုံးရှိတဲ့ အိမ်တန်းမှာ ထိပ်စနဲ့ ထိပ်ဆုံးပိတ် အိမ်နှစ်အိမ်က ညီအစ်ကိုအရင်း၊ ညီအစ်မအရင်းခေါက်ခေါက်အိမ်တွေဖြစ်နေကြရင် အဲဒါ နို့ညှပ်ပဲတဲ့။

နို့ညှပ်နှစ်အိမ်ကြားမှာ ရောက်ရှိနေတဲ့ အိမ်(၁၃)လုံးကို နို့ညှပ်ကြားကျတဲ့အိမ်လို့ ခေါ်ကြတယ်။

ရှေးအဆိုအရပြောရလျှင် . . .

နို့ညှပ်ကြား ရောက်နေ ကျနေတဲ့ အိမ်တွေ အကျိုးစီးပွား ယုတ်လျော့တတ်တယ်တဲ့။ ဟုတ်သလိုလိုရှိသားခင်ဗျ။ ကျွန်တော်နဲ့သိတဲ့ ညီအစ်မနှစ်ဦး အိမ်အကြားရှိနေတဲ့ အိမ်တွေ အကျိုးစီးပွား သိပ်မဖြစ်ကြဘူးဗျာ၊ နို့ညှပ်ကြား ရောက်နေကြလို့တဲ့။

အကျိုးစီးပွား ဖြစ်ပါသော်လည်း အကြောင်းအမျိုးမျိုးနဲ့ ပြန်ကုန်တာကို မြင်ရတာပဲခင်ဗျ။

ကံကောင်းချင်တော့ အစ်မလုပ်သူ ထိပ်ဆုံးအစအိမ်က သူ့အိမ်ကိုရောင်းပြီး အခြားနေရာ ပြောင်းသွားတော့မှ . . .

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာပဲကိုး။

ကြားအိမ်တွေ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းပြီး ပျော်ပျော်ရွှင်ရွှင် လန်းလန်းကြွကြွဖြစ်ကြတာကို ထူးခြားစွာပဲ မြင်တွေ့ရဖူးပါတယ်ခင်ဗျ။

အချို့ဝိဇ္ဇာပညာရှင်တွေ ပညာပိုင်းအရ ဒီ နို့ညှပ်ကြားရောက်နေရင် တားပုံ၊ ရှင်းပုံလေးကလည်း ရှိတယ်ခင်ဗျ။

ဗဟုသုတအဖြစ်ပေါ့ဗျာ။

အဲဒီလို နို့ညှပ်အိမ်ကြား ရောက်နေခဲ့ရင် . . .

ကိုယ့်အိမ်ရဲ့ လက်ဝဲဘက်ခြံစည်းရိုးနံဘေးမှာ ရေမြောင်းလေးလုပ်ပါတဲ့။ ဖြစ်နိုင်ရင် အုတ်ရေမြောင်းသေးသေးလေးလုပ်ပြီး ရေဖြည့်ပါ။ ပြီးရင် သစ်သားလှေ (သို့) ဖောင်လှေလေးလုပ်ပြီး ရေမြောင်းရေထဲ ချထားပါတဲ့။

ပြီးရင် ပါးစပ်ကပြောပါ။

ငါတို့နေတဲ့ နို့ညှပ်အိမ်ကြားမှာ ရေစီးတဲ့ မြောင်း၊ ချောင်း၊ မြစ် ခြားသွားပြီ။ ဒီနေ့ကစ နို့ညှပ်ကြား ငါတို့အိမ်မကျတော့ဘူးလို့ ပြောလိုက်ပါတဲ့။

အဲဒါ နို့ညှပ်ကျတဲ့အိမ်ကိစ္စ ရှင်းတဲ့နည်းပါတဲ့။ ယုံကြည်မှုပေါ့။ ယတြာလို့ခေါ်မလား မသိ။

ကျွန်တော့်အတွေ့အကြုံအရ ပြောရလျှင်

လွန်ခဲ့သည့် ငါးနှစ်ခန့်က ( . . . . . . . . . . )ရပ်ကွက် ကျွန်တော်သမီးအကြီးရဲ့ ဆန္ဒပြုချက်အရ ခြံတစ်ကွက်ဝယ်ရန်ကိစ္စ ဖြစ်လာခဲ့တယ်ခင်ဗျ။

သည်တုန်းက မြေခြံဈေး သိပ်မတက်သေးဘူး။

ရောင်းမည့် အိမ်ရှင်ခြံရှင်ကလည်း ငွေလိုနေရာက ကျွန်တော့်သမီးအကြီးမနေတဲ့ အိမ်ခြံရဲ့ ခေါင်းရင်းဘက်က နှစ်အိမ်ကျော်ခင်ဗျ။

လက်ထဲငွေလေးရှိတုန်း ဝယ်ထားအဖေတဲ့။

ကိုယ်မလိုချင်လို့ ပြန်ရောင်းရင် အရှုံးမရှိဘူးတဲ့။

ကိုယ့်မှာ သားတစ်ယောက် လူပျိုရှိသေးတယ်။ သမီးနှစ်ယောက်ကတော့ သူ့အိုးသူ့အိမ်၊ သူ့ခြံနဲ့ဖြစ်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



သားလုပ်သူ အိမ်ထောင်ကျရင်နေလို့ရအောင် ငွေရှိတုန်း ဝယ်မယ်။ ဝယ်ပြီးသားလုပ်သူ အိမ်စောင့်ခြံစောင့်နေပေါ့။

ဒီရည်ရွယ်ချက်နဲ့ သွားကြည့်ကြတယ်။

ဈေးစကားပြောကြတယ်။ အဆင်ပြေတယ်။

ငွေချေဖို့ကိစ္စပဲ ရှိတော့တယ်။

ဒီမှာ လာပြီးမေတ္တာရပ်တဲ့လူ ပေါ်လာပါရောဗျာ။

"ဦးညိုမှိုင်း ရှင်"

"ပြောပါ...အစ်မကြီး ဘာပြောချင်လို့ပါလဲ ခင်ဗျ"

ကျွန်တော့်ကို လာရောက်ပြောဆိုသူက သမီးရဲ့အိမ်ခေါင်းရင်း ကပ်ရက်က အိမ်ရှင်အမျိုးသမီးကြီး။

"ဦးညိုမှိုင်းရယ်...အခု ဦးညိုမှိုင်းတို့ ဈေးဆိုင်ထားတဲ့ခြံက ဦးညိုမှိုင်းသား နေမှာဆို"

"ဟုတ်ပါတယ်ခင်ဗျ...ဘာဖြစ်လို့ပါလဲ အစ်မကြီးခင်ဗျ"

"ဦးညိုမှိုင်းသားကို ထားမယ်ဆိုရင် မဝယ်ပါနဲ့လို့ မေတ္တာရပ်ခံပါရစေ ဦးညိုမှိုင်းရယ်"

"ဗျာ...ဘယ်လိုကြောင့်ပါလိမ့်ဗျာ"

"ဒီလိုပါ...ဆရာကြီးဦးညိုမှိုင်းရယ်။ ဒီဘက်ထိပ်က အစ်မနေပြီး ဟိုဘက် ထိပ်က မောင်အရင်းနေရင် ကျွန်မတို့အိမ်တွေ နို့ညှပ်ကြားရောက်သွားသလို ဖြစ်နေလို့ပါ ဦးညိုမှိုင်းရယ်။ ကျွန်မတို့အားလုံးကလည်း နို့ညှပ်ကြားမှာနေရမှာ စိုးရိမ် ပူပန်နေကြလို့ပါရှင်။ တောင်းပန်ပါရစေ ... ဦးညိုမှိုင်းရယ် ဝယ်မယ်ဆိုရင်လည်း အခြားသူထားပေးပါ။ ဖြစ်နိုင်ရင် သားလေးနေဖို့ဆို မဝယ်ပါနဲ့လို့ မေတ္တာရပ်ခံပါရ စေ...ဆရာကြီးရယ် နော်"

အင်း...နောက်ဆုံးတော့...

သူတို့မျက်နှာကိုငဲ့ပြီး ကျွန်တော် အဲဒီခြံကို မဝယ်တော့ပါဘူးခင်ဗျ။ သူတို့ရဲ့ယုံကြည်စွဲလမ်းမှုကို မဆန့်ကျင်ချင်လို့ ရှောင်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း ကျေးရူးတင် ဝမ်းမြောက်သွားကြလေရဲ့လေဗျာ။ ကျွန်တော်တို့ မြန်မာရိုးရာဓလေ့မှာ ယုံကြည်စွဲလမ်းမှုတွေ ရှိကြတယ်။

ရှောင်ဖို့ ဆောင်ဖို့ ပြောခဲ့တာတွေ ရှိကြတယ်။

အချို့အကြောင်းတွေက အကြောင်းမဲ့ပြောခဲ့တာ မဟုတ်ဘူး။ သူတို့ တွေ့ကြုံခဲ့ရတဲ့ ကိုယ်တွေ့တွေနဲ့ ယှဉ်ထိုးပြီး ပြောခဲ့တာတွေရှိတယ်။

ယူသင့်၊ ဆောင်သင့်တာ ဆောင်ရမှာပဲ။

မယူသင့်၊ ရှောင်သင့်တာဆိုရင် ရှောင်ရမှာပါပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ဒါ့ကြောင့် ကျွန်တော်တို့ မြန်မာလူမျိုးအတော်များများတို့သည် နိုက်မှာကို စိုးရိမ်ကြတယ်။ သတိထားပြီး လုပ်ကိုင်ဆောင်ရွက်ကြတယ်။

ကျွန်တော် နိုက်တာ ကြုံဖူးတယ်ခင်ဗျ။

လွန်ခဲ့သည့် ပါတီခေတ်တုန်းက ကျွန်တော် စင်တင်ပြဇာတ်တွေရေးတယ်။ ကိုယ်တိုင်လည်း စင်တင်ကတယ်။ ဝတ္ထုဇာတ်ညွှန်းရေး၊ ဒါရိုက်တာလည်း လုပ်ခဲ့တယ်။

ကျွန်တော့်ဇာတ်ဆရာက ကိုသောင်းညွှန့်ဦး (သန်လျင် ညွှန့်ဦး)

သူက စီစဉ်သူ။ ကိုယ်ပိုင်ဇာတ်လည်း ထောင်ထားတယ်ဗျ။

ကျွန်တော်တို့ နှစ်ဦးတွဲပြီး ကိုးမုန်ရှင်ဒီပါအေးစေတီဘုရားပွဲမှာ နှစ်တိုင်း ဇာတ်ကကြတယ်ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးတုန်းက ကိုးမှစ်ရှင်ဘုရားပွဲမှာ စိန်မာဒင်ဇာတ်၊ အောင်ကျော်မြိုင်ဇာတ်၊ မင်းသားစိန်အောင်ကြည်ဇာတ်၊ ဂီတပဒေသာဇာတ် စသည့် ဇာတ်ကြီးတွေ သွင်းကပြီး ဘုရားပွဲကျင်းပခဲ့တာပါ။

နောင်တော့ ဇာတ်ကြေးတွေကြီးလာလို့ မငှားနိုင်တော့ပါဘူး။

ဒီမှာ ဘုရားပွဲအစဉ်အလာ မပျက်ရအောင် ကျွန်တော်နဲ့ ဆရာသောင်းညွန့်ဦးက ကိုယ်ပိုင် ပဒေသာကပွဲကို စီစဉ်ကြတာ။

ဂီတဖြေဖျော်ရေး

ရှေ့ပိုင်းအော်ပရာ။

အငြိမ့်ခန်း။

ဟာသပြဇာတ်တို့။

ပြဇာတ်ရှည်တို့နဲ့ မိုးအလင်း စီစဉ်ခဲ့ကြတာပါ။

ဒီလိုနဲ့ အခြားမြို့ရွာများက လာငှားတဲ့ ပွဲချီတွေ လိုက်ကကြပေါ့။ ကျွန်တော်တို့ရဲ့ပြဇာတ်တွေဟာ ကျွန်တော်တို့မြို့နယ်ဒေသမှာ တစ်ခေတ် ထူခဲ့ဖူးပါတယ်။

တစ်နေ့ . . .

ရွာတစ်ရွာက ပြဇာတ်စီစဉ်ပေးဖို့ ကျွန်တော့်ကို လာအပ်တယ်။

"ဆရာရေ . . . ကျွန်တော်တို့ရွာမှာ အပြိုင်ကရမှာ ဆရာ။ ကောင်းကောင်းလေး ရေးပေးပါ ဆရာ"

"ဘယ်လို အပြိုင်ကရမှာတုံးဗျ"

"ဇာတ်စင်တစ်စင်ပေါ်မှာ သူတစ်ည၊ ကိုယ်တစ်ည ပေါင်း နှစ်ည ကကြရမှာပါ ဆရာ"

"ပြိုင်ဘက်အဖွဲ့က ပြဇာတ်စီစဉ်တာ ဘယ်သူတဲ့တုံးဗျာ"

"မြို့ပေါ်က ဆရာတစ်ယောက်ပါ ဆရာ"

"အေးလေ . . . ရေးပေးရမှာပေါ့ဗျာ"

"ရေးပေးပြီးရင် ဆရာကိုယ်တိုင် သင်ပေးပါ ဆရာ၊ ကျွန်တော်တို့ ကျေးဇူးမမေ့ပါဘူး . . . ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကတ္တရာလမ်းနံဘေးက ရွာကြီးမှာ ကျွန်တော် ပြဇာတ်တစ်ထုပ် စီစဉ်ပေးခဲ့လိုက်တယ်။

အဲဒီကာလတုန်းက သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ ဝါကျွတ်ရောက်ရင် ရပ်ကွက်တိုင်း၊ ရွာတိုင်း၊ မြို့တိုင်းမှာ ကပွဲတွေ အပြိုင်ကျဲကြတာပဲခင်ဗျ။ တန်ခူးလ သင်္ကြန်ရောက်ရင် ကျွန်တော်တို့နေတဲ့မြို့ပေါ်မှာ ရပ်ကွက်တိုင်း ဧည့်ခံဖျော်ဖြေရေး မဏ္ဍာပ် လုပ်ကြတယ်။

အချို့က မြန်မာ့ဆိုင်းဝိုင်းကြီးနဲ့။

အချို့က ခေတ်ပေါ်တီးဝိုင်းနဲ့။ အပြိုင် ကကြ၊ ဆိုကြ တီးကြတယ်။

ထားပါလေ ... လွမ်းစရာတွေ ကျန်ခဲ့ပါပြီဗျာ။

စာစကာ ရွာပွဲ။

အခြား ဇာတ်ဆရာစီစဉ်တဲ့ပွဲ ကျွန်တော် မကြည့်ဖြစ်ပါဘူး။ ကျွန်တော့် လူတွေကမည့်ညရောက်မှ ကျွန်တော် ရောက်သွားခဲ့တယ်။

ပွဲခင်းထဲမှာ ပရိတ်သတ်က ဖွေးနေတာပဲကိုး။

သူတို့ရွာသူရွာသားတွေကတဲ့ ပြဇာတ်ကပွဲကို သူတို့ရွာသူရွာသားသာ မကဘူး ရွာနီးချုပ်စပ်ကပါ တစ်ခဲနက် အားပေးကြတာကိုးခင်ဗျ။ လှည်းတွေနဲ့ ပါ လာကြည့်ကြတာပဲ။

ပြဇာတ်မင်းသားလုပ်သူက သူတို့ရွာသား။

လူချောလူဖြောင့်။ သရုပ်ဆောင်ကောင်းလေးခင်ဗျ။

ပြဇာတ်မင်းသမီးက ရန်ကုန်ကငှားလာတဲ့ မင်းသမီး။

တောင့်တောင့်ဖြောင့်ဖြောင့် ဖြူဖြူဖွေးဖွေး။ ချောကလည်းချောဗျာ။ ပြဇာတ်တိုက်တုန်းက မင်းသမီးကို မဆွဲရမကိုင်ရ၊ မထိရတဲ့ ဇာတ်လူကြမ်းတွေက ပြဿနာရှာသေးဗျာ။

အဲဒါ အသားထိခွင့်လေး ကိုယ်က ဖန်တီးပေးရတယ်။

သူတို့လည်း ဝေစုငွေ ထည့်ထားရတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်မင်းသမီးချောလေးက နားလည်မှုရှိပါတယ်ဗျာ။ သူမက အတွေ့အကြုံ ကြွယ်ဝနေသူဆိုတော့ ကျွန်တော် တိုင်ပင်ပြောပြသမျှကို လက်ခံပါတယ်ဗျာ။

လူကြမ်းကပဲ လက်ဆွဲဆွဲ၊ ဇာတ်လိုက်အဖေကပဲ ပခုံးလာပုတ်ပုတ် စိတ်မဆိုးပါဗျာ။ (ကျူးဖူးတင်လိုက်ရပါဘိ နှမလေးရယ်။)

ဒီလိုနဲ့ ညဥ့်ဦးမှာ တီးဝိုင်းက ချေ့ခံတီးနေတယ်ခင်ဗျ။

တီးနေတုန်း လျှပ်စစ်မီးပျက်သွားလို့ မှောင်မည်းသွားပြီး အသံချဲ့စက်ဖွင့်လို့မရတော့ဘူး။

ဒါနဲ့ လမိုင်းပွဲကို မီးထွန်းသူကထွန်းပေါ့။

လမိုင်းစွဲပေါ် ထွန်းထားတဲ့ မီးက ငြိမ်းနေရလို့တဲ့။

မီးပြန်ထွန်းတယ်။ ဟော . . . လျှပ်စစ်မီးပြန်လာပြီး ပရိသတ်တွေ ပျော်သွားကြပြီ။

"ဝေး . . . ဟေး ဟေး"

"ဝေး . . . မီးပြန်လာပြီဟေ့"

"ပွဲထွက်ပါတော့ဗျို့"

ဒီလိုနဲ့ ကပွဲထုံးစံအတိုင်း ဇာတ်ခုံပေါ်မှာ ဘုရားကန်တော့တယ်။ ပြီးရင် မြို့တော်ရှင်။ နယ်တော်ရှင်တွေကိုရော ပွဲလမိုင်းဆိုင်ရာတွေပါ နတ်ကတော် ဒေါ်ထားက ဦးစီးပင့်မြောက် ကမယ်။

ပြီးရင် ပဏာမတေးဆိုမယ်။

ပြဇာတ်မင်းသမီး ခင်ထွန်းရွှေရဲ့ အငြိမ့်ခန်းထွက်မယ်။ အငြိမ့်ခန်းပြီးရင် ဟာသတစ်ခန်းရပ်ထွက်မယ်။

ပြီးတာနဲ့ ခေတ္တအားလပ်ချိန် (၁၀)မိနစ်။

အားလပ်ချိန်ပေးမှ ဈေးသည်တွေ ရောင်းရမှာကိုး။

ဈေးသည်ကလည်း အားလပ်ချိန်မပေးရင် ပြောရောဗျ။

အားလပ်ချိန်ပြီးမှ ပြဇာတ်ရှည်ထွက်ရမှာ။

"ဘုရားကန်တော့မယ် ဇာတ်စင်ပေါ် နေရာယူကြဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကပွဲအဖွဲ့ဝင်တွေရော ဦးစီးခေါင်းဆောင်တွေရော တစ်ယောက်ပြီးတစ်ယောက် ဇာတ်ခုံပေါ်တက်နေချိန် . . .

"ဝုန်း"

"အား"

"ဟ . . . ဘာဖြစ်တာတုံးဟေ့"

"အား . . . ကျွတ် . . . ကျွတ် . . . ကျွတ် . . . ထူကြပါဦးဗျာ . . . အား"

ပြဇာတ်မင်းသား မောင်သိန်းဆွေဖြိုး ဇာတ်စင်ပေါ်တက်တဲ့ သုံးထစ်ယာယီလှေကားကနေ ချော်ကျတာတဲ့။

အနီးရှိ အဖွဲ့သားတွေ အမြန်ဆွဲထူကြရတယ်။

ပြဇာတ်မင်းသားလေးရဲ့ ခြေသလုံး ညိုသကြီး ချက်ချင်းရောင်ကိုင်းပြီး တော်တော်နဲ့ ရပ်လို့ထောက်လို့ မရဘူးဗျာ။

"မောင်သိန်းဆွေ . . . အဆင်ပြေရဲ့လား ညီလေး"

"နာ . . . နာ . . . အား . . . ရပါတယ် ဆရာ။ ရပါတယ်ခင်ဗျ"

"အား . . . အမလေး"

"ဟဲ့ . . . ဟဲ့ . . . ဘယ်သူအော်တာတုံးဟေ့"

"ပြဇာတ်မင်းသမီး . . . ဆရာမှိုင်းရေ"

"ဟေ . . . မင်းသမီး ခင်ထွန်းရွှေ ဘာဖြစ်လို့တုံး"

"ဗိုက်အောင့်လို့တဲ့ ဆရာ။ ဆရာ လာကြည့်ပါဦး"

ဒါနဲ့ ကျန်လူတွေကို ဘုရားကန်တော့ခန်းဝင်ခိုင်းပြီး ကျွန်တော် ပြဇာတ်မင်းသမီး မခင်ထွန်းရွှေရှိတဲ့ ဇာတ်ခုံနောက်ကို လာခဲ့လိုက်တော့ . . .

မခင်ထွန်းရွှေ သူ့အလှပြင်ဖျာပေါ်မှာ ဗိုက်ကို လက်နှင့်နှိပ်ပြီး လူးလိမ့်အော်ဟာစ်နေလိုက်တာ။ မျက်ရည်ပေါက်ပေါက်ကျပဲဗျာ။

"မင်းသမီး ညည်း ဘာဖြစ်လို့တုံးဟင်"

"ဗိုက် . . . အောင့် . . . အမလေး သေပါပြီတော်"

"ဝေါ့ . . . အော့ . . . ဝေါ့ . . . အား . . . အား . . . ဆရာ ကျွန်မကို ကယ်ပါ . . . ကူညီပါ . . . အ . . . အ . . . အား မလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးမှူး သွားခေါ်စမ်းပေါ့"

မကြာပါဘူးဗျာ . . . ကျေးရွာဆေးခန်းက ဆေးမှူး ရောက်လာကြည့်ရှုစမ်းသပ်ပြီး . . .

"ဆေးရုံကို အမြန်ပို့ပါဗျာ"

"ဗျာ . . . ဘယ်လိုကြောင့်လဲ ဆရာ"

"အူအတက်ရောင်တဲ့ လက္ခဏာမျိုးဖြစ်နေလို့ပါ။ ဆေးရုံကို အမြန်ဆုံးရောက်အောင်ပို့ပါ"

နောက်ဆုံး အသင့်ရှိနေတဲ့ကားနဲ့ မြို့ဆေးရုံကို တင်လိုက်ရတယ်။ ဆေးရုံရောက်တော့ ဆရာဝန်ကြီးခွဲခန်းမှာ အရေးပေါ်လူနာဝင်ကြည့်နေလို့ လက်ထောက်ဆရာဝန်တွေရဲ့ စမ်းသပ်မှုနဲ့ အရေးပေါ်တိုက်တဲ့ဆေးသောက်ပြီး အမလေး . . . အဘလေးအော်ရင်း မကြာခင် အိပ်ပျော်သွားပါရောဗျာ။

အဓိက ကတော့ . . .

ဒီည ရွာမှာ ပွဲမကလိုက်ရဘဲ ဖျက်သိမ်းလိုက်ရတယ်။

ပရိသတ်ကိုလည်း အနူးအညွတ် တောင်းပန်ရတာပေါ့။

ပြဇာတ်မင်းသမီး အရေးပေါ်နေမကောင်းလို့ ဆေးခန်းသွားနေရလို့ပါ။ နက်ဖြန်ညများမှာ ပြန်ကပြပါ့မယ်လို့ တောင်းပန်ကြေညာခဲ့ရတယ်။

အချို့ကလည်း ခရီးဝေးကလာရတော့ . . .

မကျေမချမ်းဖြစ်ပြီး ဒေါပွတာလည်း ရှိပေါ့ဗျာ။

ရွာထဲမှာ ပြောကြဝေဖန်ကြတာလည်း ကြားရရဲ့ဗျာ။

မနေ့ညတုန်းက (ပထမည)က.သွားတဲ့အဖွဲ့က ပြဇာတ်လည်း ညံ့၊ သရုပ်ဆောင်လည်း ဖျင်း၊ ငှားလာတဲ့ မင်းသမီးကလည်း သီချင်းဆိုတာ အသံမကောင်းဘူးပေါ့။

အချင်းချင်းလည်း အရက်မူး ရန်ဖြစ်ကြလို့တဲ့။

ဒုတိယည သိန်းဆွေဖြိုးတို့ကတဲ့ ပြဇာတ်ကြည့်မလို့ အားခဲလာတာ အချိန်ကုန်လူပန်းဖြစ်ရတယ်။

နောင်ကို သုံးကားပေါင်း မိုးအလင်းရုပ်ရှင်ပဲ ငှားပြ ဖြစ်ကုန်ပါရော။

www.burmeseclassic.com

www.burmeseclassic.com



ကပွဲတာဝန်ခံ ကိုကျောက်ပြားလည်း စိတ်ညစ်။

ကျန်အဖွဲ့သားတွေလည်း အားခဲထားသမျှ စွမ်းရည်မပြရလို့ တဖျ
တောက်တောက်။

ပြဇာတ်မင်းသားလည်း ထော့နင်းထော့နင်းဖြစ်။

"ဆရာမှိုင်း"

"ပြော . . . ကိုကျောက်ပြား"

"အကယ်လို့များ မင်းသမီး အူအတက်ခွဲစိပ်ရရင် ဘယ်လိုလုပ်မတုံး . .
ဆရာမှိုင်းရယ်"

"နက်ဖြန်မိုးလင်းပြီးအထိ စောင့်ကြည့်ရမှာပေါ့ဗျာ။ အကယ်လို့ မ
သမီးကို ခွဲစိတ်ကုသဆေးရုံတင်ထားရရင် တစ်ခုခုလုပ်ရမှာပေါ့ ကိုကျောက်ပြား"

"ဘယ်လိုလုပ်ရမှာတုံး ဆရာ"

"ရန်ကုန်ကိုသွားပြီး ပြဇာတ်မင်းသမီး အသစ်တစ်လက်ထပ်ငှား။ ဒီ
မင်းသမီး ဇာတ်ဝင်ခန်းတွေ အရေးပေါ်တိုက်ပြီး ညကိုပြဇာတ်ကဖြစ်အောင် လု
ရမှာပေါ့"

"ဖြစ်ပါ့မလား ဆရာ"

"ဖြစ်ပါတယ် ကျွန်တော် ဖြစ်အောင်စီစဉ်ပေးပါ့မယ် ကိုကျောက်ပြားရေ
အရေးပေါ် အစည်းအဝေးမှာ သို့ကလိုရှင်းပြလိုက်တော့ သူတို့ သော
နည်းနည်းငြိမ်းသွားတယ်။

ကျွန်တော့်မှာတော့ ခေါင်းစားနေပြီဗျာ။

ဆေးရုံပေါ်ရောက်နေတဲ့ ပြဇာတ်မင်းသမီးချော ခင်ထွန်းရွှေ အသ
အန္တရာယ်မှ ကင်းပါ့မလား။

ဆေးရုံမှာလည်း လူနာအစောင့် ရှာကလူတွေတော့ ရှိပါရဲ့

မတော်တဆများ . . .

ဘုရား . . . ဘုရား . . . လွဲပါစေ၊ ဖယ်ပါစေ။

မိုးမြန်မြန်လင်းပါစေ ဆေးရုံလည်း သွားကြည့်ရဦးမယ်၊ ရန်ကုန်ကို
ပြီး မင်းသမီးငှားရဦးမယ်၊

ပြီးရင် . . .



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ခင်းလုံး ပြဇာတ် ဇာတ်ဝင်ခန်းတွေ အရေးပေါ်တိုက်ပြီး ညက နိုင်ဖို့ စီစဉ်ရဦးမယ်။

ဟူး . . . စိတ်ညစ်ရပါလားနော်။

ဒါနဲ့ . . . ဇာတ်စင်ပေါ် ဖျာခင်း၊ ခေါင်းအုံးချပြီး မှေးမယ်လုပ်တုန်းမှာ ပဲ . . .

"စာရေးဆရာရှိလားဟေ့"

"ရှိပါတယ်ခင်ဗျ . . . ဘယ်သူများပါလဲခင်ဗျာ"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားတယ်ဗျာ။ ဖွဟဲ့ . . . ဆေးရုံပေါ်ရောက် ပြဇာတ် မင်းသမီး မခင်ထွန်းရွှေများ . . .

ဖွ . . . ဖွ . . . မဖြစ်ပါစေနဲ့ ဘုရား။

ထ,ထိုင်ကြည့်လိုက်တော့ ဒေါင်းထုံးနဲ့ အဘိုးအိုတစ်ဦးကို တွေ့လိုက်ရတယ်။ ပင်နီလက်ရှည်အင်္ကျီ ပုဆိုးကွက်နဲ့ လက်ထဲမှာလည်း စိပ်ပုတီးတစ်ကုံး စိပ်ကိုင်လို့ . . .

"အဘ . . . ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ"

"ခေတ်စာရေးဆရာက လူလေးလား"

"ဟုတ်ပါတယ်ခင်ဗျ . . . အပေါ်ကိုကြွပါ ခင်ဗျ။ လာရင်းကိစ္စ သိပါရစေ အဘ"

သူက ဇာတ်စင်တစ်ခုလုံးကို မျက်စိကစားကြည့်ရင်းက . . .

"ပြဇာတ်ကတဲ့ကလေးတွေ မကျန်းမာဘူးဆို"

"ဟုတ်ပါတယ် . . . အဘရယ်။ ပြဇာတ်မင်းသားလုပ်တဲ့ လူငယ်လေးက ဘုရားကန်တော့ခါနီး ချော်လဲကျလို့ ခြေသလုံးကြီးရောင်ကိုင်းနေသလို ရန်ကုန်ကငှားလာတဲ့ ပြဇာတ်မင်းသမီးလည်း အူအတက်ရောင်တယ်ဆိုလား၊ အရေးပေါ် ဆေးရုံတင်လိုက်ရတယ် အဘရယ်။ ဒီည လုံးဝပွဲမကနိုင်သေးလို့ ပရိသတ်ကို တောင်းပန်ပြန်လွှတ်ရပါတယ် အဘ"

"အင်း . . . အင်း . . . ဖြစ်ရမယ်လေ ဖြစ်ကြမှာပေါ့"

အဘိုးအိုကြီးက ဇာတ်စင်ကို လှည့်ပတ်ကြည့်ရင်းက ခေါင်းတညိတ်ညိတ် လုပ်နေတယ်ခင်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



"လူလေးတို့ လမိုင်းပွဲ မီးထွန်းရဲ့လား"

"ထွန်းပါတယ် ခင်ဗျ။ မီးပြန်ပြန်ငြိမ်းသွားတယ် အဘရဲ့"

"ဇာတ်ခုံပေါ်မှာ အရက်သောက်ကြသေးလားဟေ့"

"မသောက်ကြပါဘူး ခင်ဗျ"

"မင်းတို့ ပွဲမထွက်ခင် ဇာတ်ခုံကို ဆန်မန်း၊ သဲမန်းရော ပေါက်ရဲ့လား"

"မလုပ်ခဲ့ပါဘူး ခင်ဗျ"

"ဇာတ်ကလာအုံကိုရော စစ်ဆေးရဲ့လားကွယ့်"

"မစစ်ဆေးမိပါဘူး အဘ"

"မင်းတို့မှာ အခိုက်ရှိနေတယ်"

"ဗျာ . . . အခိုက်၊ ဘယ်လိုအခိုက်လဲဟင် အဘ"

"လာ . . . ဇာတ်စင်ကို လိုက်စစ်ဆေးရအောင်ကွယ့် လာ"

ဒါနဲ့ မခေါ်ဘဲရောက်လာတဲ့ အဘ (အဘိုးအို)နှင့် ဇာတ်စင်ရှေ့တိုင်တွေကနေစပြီး စစ်ဆေးကြည့်ရှုလာလိုက်ကြတာ။

ဇာတ်စင်ရဲ့နောက်ပိုင်း သရုပ်ဆောင်တွေ နားနေအလှပြင်တဲ့နောက်ဘက်ခန်းကို ရောက်လာကြတယ်။

ဇာတ်စင်ရဲ့နောက်ကို ဝါးတန်းတွေကာပြီး ဝါးထရံတွေ အလုံကာထားတာခင်ဗျ။ ဝင်ပေါက်တော့ ဖွင့်ထားတာပေါ့။

ဒီမှာ အဘိုးကြီးက နောက်ဘက်ကာထားတဲ့ ဝါးလုံးတန်းတွေကို လက်နဲ့ကိုင်လှုပ်ပြီး တစ်လုံးချင်း၊ တစ်တန်းချင်း စစ်ဆေးနေတယ်။

တစ်နေရာလည်းရောက်ရော သူ တန့်ခနဲ ရပ်လိုက်တယ်။

"တွေ့ပြီး . . . စာရေးဆရာ"

"အဘ ဘာတွေ့တာလဲဟင် . . . ဟင်"

"အပြစ်ကိုတွေ့တာပေါ့ ဟောဒါပဲ . . . စာရေးဆရာ။ ဒီမှာကြည့်စမ်း . . . ဒတ်တန်းဝါးနှစ်လုံးကို ပူးမချည်ဘဲ ဝါးလုံးပေါက်ထဲကို ဝါးဖျားစွပ်ထားကြတယ်"

"အဲဒါ ဘာဖြစ်လဲ အဘ"

www.burmeseclassic.com



"အဲဒါကို ဝါးစွပ်လို့ခေါ်တယ်။ မလုပ်ကောင်းဘူး။ အထူးသဖြင့် ဝါးအိမ်ဆောက်ရာမှာ ဇာတ်စင်၊ နတ်ကနားစင်၊ အလှူမဏ္ဍာဆောင် မဏ္ဍပ်ထိုးရာမှာ ဝါးကိုအသုံးပြုခဲ့ရင် ဝါးထဲ ဝါးမစွပ်ကောင်းဘူး။ ဝါးရင်းထဲ ဝါးဖျားမစွပ်ရဘူး။ ဝါးဖျားပေါက်ချင်းလည်း မျက်နှာချင်းဆိုင် တေ့မစွပ်ရဘူး။ စွပ်ထား၊ လုပ်ထားရင် ခိုက်ရော"

"ခိုက်တယ် ဘယ်လိုခိုက်တာလဲ . . . အဘရယ် ရှင်းပါဦးဗျာ"

"ခိုက်ပုံက ပွဲကရင် ပွဲပျက်တယ်။ အိမ်ဆောက်ရင် အိမ်ပျက်၊ လူခိုက်၊ ကျိုးကန်းထိခိုက်ရာကနေ အသက်သေတဲ့အထိ ခိုက်တယ်။ ရှေးလူကြီးတွေဟာ ဝါးအိမ်တစ်လုံးဆောက်တော့မယ်ဆိုရင် သက်ကြီးဝါကြီး အတွေ့အကြုံကြွယ်ဝ မြန်မာမှုရိုးရာဓလေ့ နားလည်တဲ့လူကို ကြီးကြပ်လမ်းညွှန်ထားရှိပြီးမှ အိမ်ဆောက်ကြတယ်။ ဇာတ်စင်၊ အငြိမ့်စင် ဆောက်ရင်လည်း နားလည်တတ်သိတဲ့ လူကြီးသူမရဲ့ လမ်းညွှန်ကြီးကြပ်မှုနဲ့ ဆောက်တာ ဘေးဥပဒ်အန္တရာယ်ကင်းတယ် . . . လူလေးရဲ့ မှတ်ထား။ အခု လူလေးတို့ ပွဲကတဲ့ အဖွဲ့ဝါသနာရှင်တွေ မနေ့ညကရော၊ ဒီနေ့ညရော ဇာတ်ခုံပေါ်မှာ ပြဿနာမျိုးစုံကြုံရတာ၊ အခက်အခဲမျိုးစုံကြုံရတာ၊ လမိုင်းကြောင့် မဟုတ်ဘူး။ ဇာတ်စင်ဆောက်ရာမှာ လုပ်တဲ့ကိုင်တဲ့လူ နားမလည်၊ မကျွမ်းကျင်၊ မြန်မာမှုရိုးရာဓလေ့မသိဘဲအလွယ်ဝါးပေါက်ထဲဝါးစွပ်ထိပ်စွပ်လုပ်ခဲ့၊ ဆောက်ခဲ့လို့ မှားပြီးခိုက်တာ။ စင်ခိုက်တယ် ခေါ်တယ်။ မင်းတို့ ခုချက်ချင်း စွပ်ထားတဲ့ဝါးကိုချွတ်၊ ဘေးကပ်ပြန်ပူးချည်လိုက်ကြ။ ဒါကို ပြန်မပြုပြင်ဘဲ ဒီည ဆက်ကကြရင် ကိုယ့်အချင်းချင်း ရန်ဖြစ်ထိုးကြိတ်၊ မီးပျက်၊ မီးလောင်၊ ပွဲလန့်၊ စက်ရင် အသံမထွက်၊ လမိုင်းမကပ်၊ ရုတ်တရက် အနာရောဂါရရာက အစန့်မသင့်ရင် လူပါသေတတ်တယ်။ ပြန်ပြုပြင်ပြီးရင် ကြည့်နေ ဇာတ်ခုံပေါ်မှာရော ဇာတ်ခုံအောက် ပရိသတ်တွေပါ ပျော်ရွှင်ဝမ်းမြောက် အောင်ပွဲခံပါလိမ့်မယ် . . . လူလေး"

"ကျေးဇူးပါပဲ . . . အဘရယ်။ ကျွန်တော်တို့က ပညာနုသေးအတွေ့အကြုံမရှိသေးတော့ ကိုယ်လုပ်ချင်တာပဲသိပြီး နည်းနာကို နားမလည်ခဲ့တာပါ အဘ၊ ကျေးဇူးအများကြီး တင်ပါတယ် . . . အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကပွဲတာဝန်ခံ ကိုကျောက်ပြားတို့ကို သွားခေါ်ပြီး ဝါးစွပ် ချုပ်တန်းတွေ ပြန်ချုတ်၊ ပြန်ပူးချည် ပြန်လုပ်လိုက်ကြတယ်။ သူတို့ကလည်း ခုမှ ဟုတ်တယ်ဟ ... မှားနေတာပဲဖြစ်ကြရော။

အဘကလည်း အနီးကနေ စောင့်ကြည့်ပေးတယ်ခင်ဗျ။

"အဘ"

"စာရေးဆရာ"

"အဘနာမည် ဘယ်လိုခေါ်ပါသလဲ အဘ"

"ဦးလင်ကွင်းလို့ ခေါ်ပါတယ် ... စာရေးဆရာ"

"ဗျာ ... ဦးလင်ကွင်း ... ဒါ ... ဒါဆို အဘက ဟို ... ဟိုနာမည် ကျော် လူရွှင်တော်ကြီး ဦးလင်ကွင်းလားဟင် ဟင် ... အဘ"

"ဟုတ်ပါတယ် ... လူလေး။ အဘ လူရွှင်တော် ဦးလင်ကွင်းပါ။ ဇာတ် လောကနေ အနားယူပြီး ဘုရားတရားအလုပ်၊ သမထဝိပဿနာအလုပ် အားထည့် လုပ်ရင်း မနေနိုင်တော့ လောကီကိစ္စတွေ အမြင်မတော်တာတွေကို ဝင်ကူညီရတာ ပါပဲ ... လူလေးရယ်။ နက်ဖြန် အဘ ဆန်မန်းသဲမန်း စီရင်ပေးမယ်။ ပွဲမကခင် ဇာတ်စင်ပေါ် ကြဲပက် မေတ္တာပို့ပေး။ ကိုင်း ... အဘသွားလိုက်ဦးမယ်ဟေ့"

ကျွန်တော်တို့အားလုံး နာမည်ကျော် လူရွှင်တော်ဟောင်းကြီး အဘ ဦးလင်ကွင်းကို ရှိသေလေးစားစွာ ထိုင်ကန်တော့လိုက်ကြတယ်ဗျာ။

အဘဦးလင်ကွင်းက သာဓုခေါ်ရင်း ဆုမွန်ကောင်းများ ချီးမွမ်းပေးခဲ့ လေရဲ့။

အံ့ဩစရာကောင်းလိုက်တာဗျာ ...

မိုးလင်းတော့ ကျွန်တော်တို့ အဖွဲ့သားတွေ ဆေးရုံတင်ထားရတဲ့ ပြဇာတ် မင်းသမီးချော မခင်ထားရွှေရှိရာ ဆေးရုံကို ရောက်သွားရော ...

ဆရာဝန်ကြီးကိုယ်တိုင် ညဦးလယ်တုန်းက လာရောက်စမ်းသပ် စစ်ဆေး သွားတယ်။ ဘာရောဂါမှ မရှိပါဘူးတဲ့။

ဆေးရုံက ဆင်းလို့ရပြီတဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အို . . . ကျွန်တော်တို့ အဖွဲ့သားအားလုံး ဝမ်းသာလွန်းလို့ဗျာ။ ချက်ချင်းကားသွားမှား . . .။

ပြုံးရွှင်နေတဲ့ မင်းသမီးကိုပါခေါ်ပြီး ရွာရှိရာ ပြန်လာခဲ့ကြတယ်။ ရွာလည်းရောက် မင်းသမီးကို ပြုံးပြုံးရွှင်ရွှင်နဲ့ မြင်ကြရော ဇာတ်အဖွဲ့သားတွေသာမကဘူး ဗျာ . . .

ရွာထဲကလူတွေရော ပွဲဈေးတန်းက ဈေးသည်တွေရော ဝမ်းသာအားရ ပြေးလာနှုတ်ဆက်လိုက်ကြတာ . . .

အင်း . . . ထူးတာပဲဗျာ။

နေဝင်တော့ အဘဦးလင်ကွင်း ဆန်မန်း၊ သဲမန်းတွေနဲ့ ရောက်လာပြီး ဇာတ်ခုံအပေါ်အောက်ကို ကြဲပက်ပြောဆိုတယ်။

ပြီး . . . ပွဲခင်းအနှံ့လည်း ကြဲပက်ပြောဆိုပေးတယ်။

နေဝင်မီးလာတော့ အဘကိုယ်တိုင် လမိုင်းပွဲ မီးထွန်းအပ်တယ်။ ကြည့်စမ်းပါဗျာ . . .

ပွဲခင်းထဲမှာ ပရိသတ်တွေ ဖွေးဖွေးလှုပ်နေတာပဲ။

ဒီည ဘုရားကန်တော့ခန်းပြီးလို့ . . . .

မြို့တော်ရှင်၊ ရွာတော်ရှင်များ လမိုင်းများ တင်မြှောက်ပြီးရော ကိုကြီးကျော်ရော၊ တောင်ပြုန်းမင်းနှစ်ပါးဆိုတာရော ဝင်ပူးပြီး ပျော်ပျော်ပါးပါး ဇာတ်ခုံပေါ်ကကြတာဗျာ။

တိုတိုပဲ ပြောကြပါစို့ဗျာ။

ဒီည ကျွန်တော်တို့ ကပွဲအောင်မြင်ခဲ့တယ်။

ပရိသတ်ရဲ့လက်ခုပ်သံကို လျှံနေတာပဲ။

မင်းသမီး ခင်ထွန်းရွှေကလည်း အသံကောင်း၊ ရုပ်ချောတော့ အငြိမ့်ခန်းဟာ တပည့်လူရွှင်တော်လေးတွေရဲ့ပြက်လုံးတွေ ဝဲပျံနေတဲ့အကနဲ့ ပန်ရလိုက်လေဗျာ။

ပြဇာတ်ထွက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲက အရပ်သား တပည့်လူငယ်လေးတွေပါဗျာ။ သွန်သင်ပြသတဲ့ အတိုင်း လိုက်သရုပ်ဆောင်နိုင်တော့...

ပရိသတ်ရဲ့ဩဘာပေးသံသာမက...

ပရိသတ်ရဲ့ ဆို့နင့်မျက်ရည်စို့ယူရတဲ့ အလွမ်းရသလို ဇာတ်ခုံပေါ်ကနေ ပရိသတ်နှလုံးသားထိရောက်အောင် ပို့ပေးနိုင်ခဲ့တယ်ဗျာ။

ပြည်ဖုံးကား ကန့်လန့်ကာချ။

ဖျော်ခေါက်ပြီးနောက်...

ကျွန်တော်တို့အားလုံး ကျေးဇူးရှင်ဆရာကြီး ရှေးဟောင်းလူရွှင်တော်ကြီး အဘဦးလင်ကွင်းကို ဝတ္ထုပစ္စည်းများ ငွေသားများနှင့် လှိုက်လှဲဝမ်းသာ ကန်တော့ ခဲ့ကြတယ်။

လူရွှင်တော်ကြီး ဦးလင်ကွင်းရဲ့ မျက်လုံးအစုံမှာ ဝမ်းသာပီတိ မျက်ရည် တွေ စိမ့်စို့လို့။

ဆရာကြီးရဲ့ကျေးဇူးကျွန်တော် တစ်သက်မေ့လို့မရဘူးလေ။ သူ့ရဲ့အကင်း ပါးမှု၊ အသိပညာကြွယ်ဝမှု၊ ရှိးရာဓလေ့ကို နားလည်မှု၊ ကူညီပေးမှု ကျေးဇူးတွေ ကြောင့်...

အခိုက်ဆိုတဲ့ အန္တရာယ်စက်ကွင်း ဒုက္ခဆင်းရဲက ထွက်ခဲ့ကြတယ်၊ ဇာတ်စင်တည်ဆောက်မှုများ မှားယွင်းလို့ခိုက်တဲ့ အခိုက်ဆိုတဲ့ အကြောင်းအရာကို နားလည်သိရှိခဲ့ရလို့ပါပဲဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

ရှေးဦးအစလောက်မှာ ရေးခဲ့ပြောခဲ့တာ ကြက်လျှာစွန်းမြို့နိုက်ပုံအကြောင်း ပြန်ပြောပါ့မယ်ဗျာ။

အနိုက်တွေအကြောင်းကလည်း ပြောစရာများသားဗျာ။

ကျွန်တော်ကလည်း လျှာရှည်ချင်သူဆိုတော့ လိုရင်းရောက်ဖို့အရေး ဥပမာတွေ၊ အတွေ့အကြုံတွေ ရေးပြောနေတာနဲ့ စာဖတ်သူများ ငြီးငြင်နေမလား မသိ။

တောင်းပန်ပါတယ်ခင်ဗျာ။

ကြုံတုန်းကြုံနိုက် အနိုက်တွေ စုံစုံလင်လင်ကို သတိပြုမိအောင် ထိုးဇာတ်တွေနဲ့ ပြောရတာပါခင်ဗျ။

ရှိသေးသဗျ။

နာမည်အပေးမတတ်လို့ နိုက်တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရှေးတုန်းက ကျွန်တော်တို့ မြန်မာလူကြီးသူမတွေက သားသမီးမွေးလာရင် စာပေကျွမ်းဝင်တတ်တဲ့ ဆရာတော်ကြီးတွေ၊ ဗေဒင်ပညာရှင်ကြီးတွေထံ သွားရောက်ပြီး နာမည်ကောင်းကို မှည့်စေတတ်တယ်ခင်ဗျ။

နာမည်ခိုက်ရင်လည်း ထိတာပဲဗျာ။

ကျွန်တော်တို့ မိဘများပြောတာ ကြားဖူးသဗျ။

အလွန်ရိုးတဲ့ ကရင်မကြီးတစ်ယောက် ကလေးမွေးတော့ သိကျွမ်းတဲ့ လူတစ်ဦးကို ပြောသတဲ့။

"ကျွန်မ သားလေးမွေးတယ်။ နာမည်တစ်ခု ရွေးမှည့်ပေးပါဝေ့"

ဟိုလူက လူရွှတ်ဆိုတော့ ရွှတ်တီးရွှတ်တာပြောရင်း နာမည်ပေးသတဲ့။

"ဟဲ့ . . . ကရင်မ နင့်သားကို သိဒ္ဓတ္ထလို့ပေးဟဲ့"

"ကောင်းလားဝေ"

"အရမ်းကောင်းဟ"

အကောင်းအောက်မေ့ယုံကြည်ပြီး သူ့သားလေးကို သိဒ္ဓတ္ထလို့ အမည်ပေးသတဲ့။ (၇)ကျော်ပဲခံတယ်၊ ကလေး ရှိးပန်းပြီး သေရောတဲ့။

ဟုတ်တာပဲဗျာ။

"သိဒ္ဓတ္ထ" ဆို ဂေါတမဘုရားလောင်းရဲ့ လူမင်းသားဘဝက နာမည်လေဗျာ။

သာမန်လူ မမှည့်ကောင်းဘူးလေ။

အဲဒါ ခိုက်တာပဲ။

နာမည်ဆိုတာ အညွှန့်အမြစ်နဲ့ မှည့်ရတယ်။

နာမည်မှည့်နည်းဆိုတာ မြန်မာမှာ ရှိတယ်ခင်ဗျ။

ဆိုက္ကားနင်းတဲ့လူ မယားကမွေးတဲ့ကလေး ရွှေလျှောက် မဆင်းရဲရအောင် နာမည်ပေးသတဲ့။

မောင်ချမ်းသာကြီးတဲ့။

အရွယ်ရောက်တော့ မောင်ချမ်းသာကြီး ဖအေလိုပဲ ဆိုက်ကားနင်းစားရတယ်။ နာမည်စီးတယ်လို့ ခေါ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားလေးတစ်ဦး နာမည်မေးကြည့်ဖူးတယ်။

မောင်ရာဇာမင်းတဲ့။ မင်းဖြစ်နိုင်တဲ့ လက္ခဏာ သူ့ကိုယ်မှာ ဘာမှမတွေ့ရဘူး။ တောင်းစားနေရတုန်းပဲ။

ဝိန်သေးသေး . . . ကျွန်းမာအောင် နာမည်ပေးသတဲ့။

ဗလကြီးတဲ့။

အရွယ်ရောက်တော့လည်း ဝါးခြမ်းပြားပဲ။

နာမည်လှတယ်ဆိုတိုင်းလည်း မပေးပါနဲ့။ ဆန်းတယ် ညွှန့်တယ်ဆိုတိုင်းလည်း မပေးပါနဲ့။

ပညာရှိတဲ့ ဆရာကောင်းရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တွေကို မေးမြန်းပြီးမှ နာမကွ္ခရ အလိုအရ ဆရာတွေတွက်ချက်ပေးတဲ့နာမည်ကို မှည့်ခေါ်တာ မင်္ဂလာ ပိုရှိပါတယ်။

နာမည်ခိုက်ရင်လည်း လူလုံးမလှ ဖြစ်ရတတ်ပါတယ်။ နာမည်ဆိုတာ ဘဝနှင့်လည်း ဟပ်ရမယ်။ အတိတ်နိမိတ်လည်း ရှိရမယ်။ ကိုယ့်ဘဝနှင့်လည်း လိုက်လျောညီထွေ ရှိရပါ့မယ်။

ပုတိ၊ ဘင်္ဂ၊ မရဏ၊ လမ်းကြောင်းကိုရှောင်ပြီး အထွန်း၊ သိုက်၊ ရာဇာ၊ တံခွန်ဂိုဏ်း၊ မင်းဂိုဏ်း၊ ဓာတ်ဂိုဏ်း၊ သူဌေးသူကြွယ်ဂိုဏ်း . . . စတဲ့ အခိုက်အညှိ လွတ်တဲ့နာမည်ပေးတတ်ကြဖို့ လိုအပ်ကြောင်း အကြံပြုရပါတယ်။

တစ်ခုရှိတာပေါ့ဗျာ။

နာမည်ကောင်းတို့ရဲ့ကြန်အင်လက္ခဏာနဲ့တော့ ပြည့်စုံပါရဲ့ . . . လူက ဖွတ်ကျား။ ဘိန်းစား။ ဂျပိုးဖြစ်နေရတာလည်း ရှိတာပဲခင်ဗျ။

"သီရိ"လို့ နာမည်ပေးထားတယ်။

သီရိဆိုတာ ကျက်သရေလို့ အဓိပ္ပာယ်ရတယ်။

သို့သော် အဲဒီမိန်းမက မိုးလင်းကတည်းက ဆဲရေးတိုင်းထွာ နှုတ်ဝသီ ကြမ်းနေရင် လူနဲ့နာမည် မတန်ဘူး။

နာမည်ကို လူကခိုက်နေပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့် လူနဲ့နာမည်ဟပ်တဲ့ နောက်ထပ်နာမည်ပွားတွေ ပေါ်လာကြရော။

ဝမိုင့်တဲ့လူကို (ဝက်မကြီး)တဲ့။

ပိန်ညပ်နေတဲ့မိန်းမကို (ဝါးခြမ်းပြား)တဲ့။

အသားမည်းလွန်းသူကို (ကျီးကန်း)တဲ့။

ဖြူဖွေးပြီး အရပ်ပုတဲ့လူကို (ဘဲဥ)တဲ့။

ဒါကြောင့် နာမည်က လူကိုစီးရင် ခိုက်တတ်တယ်။ နာမည်ရဲ့ဒဏ်ပိ တတ်တယ်။

အချို့နာမည်က လူကို တွန်းတင်တာရှိတယ်။

မိုးတိမ်တဲ့၊ ဟုတ်တာပဲ သူ့ ထိပ်ဆုံးကို ရောက်နေတယ်ခင်ဗျ။

ရှိသေးတယ်ခင်ဗျ။ ဘာတဲ့ . . .

"မောင်သတ္တိ"တဲ့။ ကောင်းလိုက်တဲ့ နာမည်ဗျာ။

သေနတ်ပစ်သံကြားရင် ဖင်ဘူးတောင်းထောင်ပြီး ပုန်းနေပါရော။ နာမည်နဲ့လူနဲ့ မတန်တာပြောပါတယ်။

မတန်ရင် ခိုက်တာပဲ။

အချို့နာမည်ပေးတာ ရှိသေးတယ်။ ကြီးမှ ပေးတဲ့နာမည်။

"အာဇ္ဇာဝက"တဲ့။

ဘာလို့ အာဇ္ဇာဝကလို့ ပေးရလဲမေးတော့ . . . အလွန့်ကို ကြမ်းကြုတ်လွန်းလို့တဲ့ . . . အာဇ္ဇာဝက ဆိုကတည်းက ခိုက်ပြီ။

မြန်မာမှာ အယူရှိတယ်။

ဗေဒင်အယူအဆပဲ၊ အိမ်ထောင်ဘက်ရွေးတာ ရှိတယ်။

မိတ်ဘက်နှင့် ရန်ဘက်တဲ့။

မိတ်ဘက်က ဦးသာ၊ စိန်ပန်း၊ ဒန်းလှ ကိုရှာ၊

အိမ်ထောင်ဖက် အသက်ရှည်ရာတဲ့။

အမိပွာယ်က . . .


www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနှင့် သောကြာ . . .

အင်္ဂါနှင့် ကြာသပတေး . . .

စနေနှင့် ဗုဒ္ဓဟူး။

တနင်္လာနဲ့ ရာဟု အိမ်ထောင်ပြုရင် မိတ်ဖက်ကျသတဲ့၊

တနင်္ဂနွေ သားသမီးနှင့် တနင်္ဂနွေသားယူသော် . . .

ဥစ္စာပေါ်အံ့တဲ့။

တနင်္လာနှင့် တနင်္လာ နေတူထိမ်းမြားသော်။

ယခု ချမ်းသာ၍ နောင်ဆင်းရဲအံ့တဲ့။

အင်္ဂါနှင့် အင်္ဂါ . . . စီးပွားမတည့်၊ မသင့်မြတ်တဲ့။

ဗုဒ္ဓဟူးနှင့် ဗုဒ္ဓဟူး၊ ကြာရှည်မမြဲတဲ့၊

ကြာသပတေးနှင့် ကြာသပတေး ထိမ်းမြားသော် . . .

တစ်သက်လုံး အေးချမ်းမည်တဲ့

သောကြာနှင့် သောကြာဖြစ်မူ ငြင်းခုံပြိုင်ငြင်အံ့တဲ့၊

စနေနှင့် စနေ၊ ထိမ်းမြားသော် ဒေါသကြီး၊ မေတ္တာပျက်အံ့တဲ့။

အဲဒါ ထိမ်းမြားမင်္ဂလာ နေ့တူအကောင်းအဆိုး၊ တစ်နည်းအခိုက်နဲ့ မခိုက်။

ရန်ဘက်ဆိုတာ အိမ်ထောင်မှာရှိသေးတယ်၊

ဓမ္မာ၊ သောက၊ အင်း၀၊ ရာဇာ အိမ်ထောင်ဖက် အသက်မရှည်ရာတဲ့၊

စနေနှင့် ကြာသပတေး ထိမ်းမြားသော် . . .

သောကြာနှင့် တနင်္လာ . . .

တနင်္ဂနွေနှင့် ဗုဒ္ဓဟူး . . .

ရာဟုနှင့် အင်္ဂါထိမ်းမြားခဲ့သော် . . . အိမ်ထောင်သက် မရှည်ဘူးတဲ့၊ စီးပွားပျက်မယ်။ စကားများမယ်။ ရောဂါထူမယ်။ ပြိုကွဲတတ်တယ်။

အဲဒါကို ခိုက်တယ်လို့ခေါ်တယ်။

တစ်ခါ မြန်မာဗေဒင်ရိုးရာ ဓလေ့အရ မင်္ဂလာထိမ်းမြားရန် ကောင်းဟု မင်္ဂလာရက်များကတော့ . . . .



www.burmeseclassic.com

www.burmeseclassic.com



လဆန်း(၉)ရက်၊ (၁၀)ရက်၊ (၁၃)ရက်။

လဆုတ် (၂၊ ၄၊ ၆၊ ၈၊ ၁၁၊ ၁၅)ရက်တဲ့။

ခရစ်ယာန် လူမျိုးများအတွက်ကတော့ ...

အင်္ဂလိပ်လ (၃၊ ၅၊ ၆၊ ၂၁၊ ၂၄)ရက်နေ့များက သင့်တော်ကောင်းမွန်တဲ့ မင်္ဂလာရက်များ ဖြစ်သတဲ့။

မြန်မာမှာတော့ ကျန်ရက်နေ့များမှာ ထိမ်းမြားမင်္ဂလာပြုရင် အိမ်ထောင်ရေးခိုက်တယ်လို့ အယူရှိကြတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ဟိုး လွန်ခဲ့တဲ့ အနှစ်လေးဆယ်ခန့်က ကျွန်တော့်ညီမ အိမ်ရှေ့က မြေကွက်လေးကို ဈေးပေါပေါနဲ့ ရောင်းတာတောင် ဝယ်မည့်သူ မရှိဘူးခင်ဗျ။

အဲဒီအချိန်တုန်းက ပေ (၄၀၊ ၆၀) မြေကွက် မြို့တွင်းနေရာမှာမှ ရောင်းဈေး ခေါ်ဈေး ကျပ်နှစ်ထောင် သုံးထောင်ပဲရှိတယ်။

သင့်တင့်တဲ့ အိမ်ပါရင်မှ ကျပ်သုံးသောင်းကျော်ပဲ ဈေးရှိတယ်၊

ညီမ အိမ်ရှေ့ကခြံကို ဘယ်သူမှ မဝယ်ယူကြတာက အဲဒီခြံက ကြက်လျှာ စွန်းခြံကွက် ဖြစ်နေလို့ပါပဲဗျာ။

မူလ ဝယ်နေသူတွေလည်း သစ်သားအိမ်လေးတစ်လုံး လာဆောက်နေကြဖူးတယ်။ သိပ်မကြာဘူး ကလေးတွေ ညဘက် လန့်လန့်ငိုကြသတဲ့။

ဘာဖြစ်လို့ ငိုကြတာတုံးမေးတော့ . . .

မူလတန်းနေစကလေးက ပြောသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



လူမည်းမည်းကြီးနှစ်ဦး ခြေထောက်ကနေ လာလာဆွဲလို့ လန့်အော်ငိုတာ အမေတဲ့။

တစ်လလောက်ပဲ ကြာပါတယ်ဗျာ။

တစ်အိမ်သားလုံး ပြောင်းသွားကြပါရော။

ရင်းနှီးသူတွေက ဘာလို့ ပြောင်းသွားကြတာလဲမေးတော့ . . . အလုပ်နဲ့ဝေးလို့ ပြောင်းသွားတာပါပဲတဲ့။ ဝယ်သူရှိရင် ဒီအိမ်နဲ့ခြံပြန်ရောင်းချင်တယ်လို့ ပြောသတဲ့ဗျာ။

မရောင်းဖြစ်ပေမင့် အိမ်ငှားတင်ထားတယ်၊

အိမ်ငှားက ကြက်ဘဲပေါ်ရောင်းတဲ့ လူမျိုးခြား လင်မယားနှစ်ယောက်ဗျ။ ခြံရဲ့ခေါင်းရင်းမှာ ရေစီးမြောင်းရှိတော့ သူတို့က သဘောကျတာပေါ့ဗျာ။

ဈေးမှာရှာတွေက လာရောင်းတဲ့ ကြက်တွေကောက်။

စ ငှားနေတဲ့ . . . အိမ်မှာ ခြံခတ်လှောင် . . .

ကြက်ခြင်းနဲ့လှောင်မိုးမလင်းခင်ကြက်တွေသတ်ရေနွေးဖျော၊အမွေးနုတ်၊ ကြက်မွေးတွေ ရေမြောင်းထဲစွန့်ပစ်၊ ရေကတော့ ဝယ်သုံးပေါ့။

တစ်ရက်နှစ်ရက် ဘာမှမဖြစ်သေးဘူး။

သုံးရက်မြောက် အိမ်အောက် ကြက်ခြံထဲ ထည့်လှောင်လှတ်ထားတဲ့ ကြက်ဘဲငန်း အကောင်းငါးဆယ်စန့်ရယ်။

ညဥ့်သန်းခေါင် အရပ်အိပ်မောကျချိန်၊ ရုတ်တရက်လန့်ပြီး ပြေးလွှားအော်ကြတာ။

"ဂတ် . . . ဂတ် . . . ဂတ် . . . ဂတ် . . . ."

"ကတော် . . . ကတော် . . . ကတော် . . ."

"ဂုန်း . . . ဂုန်း . . . ဂုန်း . . . ဂုန်း . . ."

"ဝရုန်း . . . ဝရုန်း . . . ဝရုန်း . . . ."

"ဘဲရောငန်းရော မန်ဒါလီနင့် ကြက်တွေရဲ့ လန့်အော်စုန်ပျံ ပြေးလွှားသံကြောင့် အိမ်ရှင်ရော အိမ်နီးနားချင်းတွေရော နိုးကုန်ကြတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မွတ်တားတို့ လင်မယားလည်း လက်နှိပ်မီး ဆင်းထိုးကြည့်၊ ခွေးတွေဟောင် အူကြ။

"ဘာဖြစ်လို့လဲဟေ့ ... ဆူညံနေတာပဲ"

"မွတ်တား ... ဘာဖြစ်တာတုံးကွ"

"မာသိဘူး ... အာကို ... ခုမှ ကြည့်မလို့ခင်ဗျ"

မီးရောင်တွေ အိမ်အောက်ကြက်ခြံထဲမှာ လင်းထိန်သွားတယ်။ ကြက်၊ ဘဲ၊ ငန်း၊ မန်ဒါလီတွေ အော်ဟစ်ပြေးလွှားနေတုန်းမှာပဲ။

"ဝုန်း"

"ဝရော ..."

"ဂတ် ... ဂတ် ဂတ် ဖရူး"

"ဝရုန်း ... ဝရုန်း ... ဝေါ"

"ကတော် ... ကတော် ... ကတော် ..."

ကြက်ခြံတံခါးပွင့်ပြီး ခြံထဲကကြက်၊ ဘဲ၊ ငန်း၊ မန်ဒါလီတွေ ပြေးထွက်လန့်ပျံလိုက်တာ၊

တစ်လမ်းလုံး ဆူညံသွားပြီး နိုးကုန်ကြပါရော။

ကြက်ပျောက်၊ ငှက်ပျောက်ဆိုတာ ဒါမျိုးကိုပြောတာနဲ့ တူပါရဲ့ဗျာ။ အားလုံးဖမ်းလို့မရတော့ဘူး။ အဝေးကို ထွက်ပြေးကြတာမို့ မွတ်တားတို့ လင်မယား ... အဘား ... အဘား ... နဲ့ ထိုင်ငို အော်ငိုရတဲ့ ဘဝကိုရောက်သွားတာပဲ။

မြွေဝင်လို့လား။

မြွေပါဝင်ဆွဲလို့လား ...

သူခိုးဝင်လို့လား ... ဘာမှန်းကိုမသိရဘူး။

ကြက်ခြံတံခါး ပွင့်တာကိုကြည့်ပြီး သူခိုးဝင်တာကြောင့် ကြက်၊ ဘဲ၊ ငန်းတွေ လန့်တာလို့ပဲ တွေးရတော့တယ်။

သို့သော် ... မွတ်တား ... စိတ်ခါတ်မကျဘူး။

ငွေရင်းငွေလုံးလေးရှိနေတော့ ... ရွာတွေကိုဆင်း ကြက်၊ ဘဲ၊ ငန်း၊ မန်ဒါလီတွေ ဝယ်ပြန်လှောင်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . ထူးဆန်းပုံနှယ်။

ဟိုနေ့ကလို ကြက်ဘဲတွေ ညဥ့်နက်သန်းခေါင် လန့်အော်မပြေးကြဘူး။ သို့သော် မိုးလင်းခါနီး ရေနွေးအိုးဆူလို့ ကြက်ဘဲပေါ်ဖို့ ဝင်ဖမ်းရော . . .

အလို . . .

ကြက်ဘဲအကောင်လေးဆက်အနက်ကကြက်ဘဲကောင်ရေ(၃၉)ကောင် စင်းစင်းသေနေပြီ။ ဘဲတစ်ကောင်သာ အသက်ရှင်လို့ တဂတ်ဂတ် အော်နေတာကို မြင်ရရော . . .

မွတ်တားတို့လင်မယား ရင်ထုပြီး ငိုပါရောဗျာ။

"အမယ်ရေး . . . မစောဘုရား . . . ကယ်တော်မူပါ ဖရား"

ကြက်နာကျတာလား ဘာလဲမသိ။

ကြက်ဘဲငန်းတွေက ဘယ်အချိန်က သေနေလဲ မသိဘူး။ တောင့်နေပြီ၊ အဲဒါတွေပဲ ရေနွေးဖြောပြီး လျှော့ဈေးနဲ့ရောင်းရတယ်။

နောက်ဆုံးမှာတော့ မွတ်တားတို့လင်မယား ဒီခြံမြေကနေ ပြောင်းပြေးရမည့်ကိန်း ကြုံပါရောဗျာ။

ဝယ်လာတဲ့ကြက်တွေကို အသိအိမ်မှာ ကြက်ခြင်းနဲ့ လှောင်ထားတယ်။ မိုးလင်းကာနီး ရေနွေးအိုးပွက်ပွက်ဆူတော့မှ သူငယ်ချင်းအိမ်မှာထားတဲ့ ကြက်ခြင်းကိုသွားယူ။

ကြက်နဲ့ ဘဲတွေရဲ့ကျောကုန်းကို တုတ်တိုနဲ့နက်။

ကျောကုန်းအဆုတ်ကို တုတ်နဲ့အရိုက်ခံရတော့ ဘုန်းခနဲအသံသာ ကြားရပြီး မအော်နိုင်ဘဲ သေရရောလေ။

ကြက်ဆယ်ကောင်နဲ့ ဘဲငါးကောင် ရှင်းပြီးပြီ။

မိုးပြဲဒယ်အိုးထဲက ပွက်ပွက်ဆူရေနွေးအိုးထဲ ကြက်အသေငါးကောင် ရေနွေးဖျောဖို့ ထည့်လိုက်တယ်၊ ခဏနေတော့ ပြန်ဆယ်လိုက်ပြီး မိန်းမလုပ်သူက အမွေးနုတ်၊ ပြီးရင် ရေဆေး။

ရေဆေးပြီး တောင်းထဲထည့်ထား။

လင်က ကြက်ကို ရေနွေးဖျော။



www.burmeseclassic.com

www.burmeseclassic.com



မယားက အမွေးနုတ်၊ ဒါ သူတို့လုပ်နေကျ။

ပြောရင် ယုံပါ့မလား မသိဘူးဗျာ။ ဒီလို အဖြစ်မျိုး သူတို့လည်း ဒီတစ်ခါပဲ ကြုံဖူးသတဲ့။

ကြက်ဖအသေ ငါးကောင်ကို မိုးပြဒယ်ရေနွေးအိုးထဲထည့်ပြီး တုတ်တစ်ချောင်းနဲ့ ထိုးနှစ်လှန်နေတုန်း ..

"ဝုန်း ..."

"ဖြန်း ... ဘရမ်း ... ဖြန်း"

"ဟာ ... ဟာ ..."

"ဖြန်း ... ဖြန်း ... ဖြန်း ..."

"ဝုန်း ... ဝုန်း ... ဝုန်း ..."

"အမလေး ... လာကြပါဦးဗျ"

"အမလေး ... လာကြပါဦး တော့်"

ရေနွေးအိုးထဲမှ အနှစ်ခံရတဲ့ ကြက်ဖအသေငါးကောင် ရေနွေးအိုးထဲမှာက အတောင်တွေ ခါဆန့်ဖြန့်ပြီး မိုးပြဒယ်အိုးနှုတ်ခမ်းပေါ် ခုန်တက်အော်နေကြတာတဲ့။

"အောက်အီးအီးအွတ်"

"အောက် အီး ... အီး ... အွတ်"

"အမရေး ... ဂျ ... ဘရား ဘရား ဘရား"

အတောင်တွေ ခါလိုက်တာ အမွေးတွေ ကျွတ်ပြီး မွတ်တားတို့လင်မယားကိုထိမှန်။

ရေနွေးပူတွေ ထွက်စင်လောင်ပြီး နှစ်ဦးသား ကြောက်လန့်တကြား အော်လိုက်ချိန် အမွေးမရှိတဲ့ ကြက်ငါးကောင် လေထဲကိုခုန်ပျံပြီး မျက်စိအောက်မှာပျောက်သွားတာ မြင်ရော။ လင်မယားနှစ်ယောက် ငယ်သံပါအောင် အော်ပြီး ခြံထဲကနေ ထွက်ပြေး။ အိမ်နီးနားချင်းတွေ ရောက်လာတော့ လမ်းမပေါ်မှာ ...

သူတို့ ဂယောင်ချောက်ချား ဖြစ်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ချော့မော့ထိန်းသိမ်းမေးမြန်းတော့မှ အကြောင်းစုံ သိရတော့တယ်။

ချက်ချင်းပါပဲဗျာ။ ကားတစ်စီးသွားငှား ကားလည်းရောက်ရော အိုးခွက်ပန်းကန်ပါမကျန် ဖိနပ်စုတ်ပါမကျန်သယ်ပြီး ပြောင်းသွားကြပါရော။

"ဟာ . . . မွတ်တား . . . အားချင်းပါလားဟ . . . ဟော"

"မြန်မြန်ပြောင်းမှပဲ . . . အစ်ကိုကြီး"

"ဘာဖြစ်လို့ . . . အမိနာရဲ့"

"အာရေး . . . အာကိုကြီး . . . ဒီနေရာနော် အရမ်းကြောက်စရာကောင်းတဲ့ နေရာ အာကိုကြီး။ ချွန်မတို့ အိမ်တွေအများကြီး ပြောင်းနေဖူးတယ်။ ဒီနေရာလို အံ့သြစရာကောင်းတာမျိုး ဘယ်မှာမှ မရှိဘူး . . . အာကိုကြီး။ မစောဖရား . . . ရော . . . ချွန်မတို့ ဘရားရော ဘာမှမတတ်နိုင်ဘူး . . . အာကိုကြီး"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

အရပ်ထဲ ပြောစရာ ဖြစ်လာတယ်။ အဲဒီ ကြက်လျှာစွန်းခြံနဲ့ အိမ်ဟာ တစ္ဆေခြောက်တယ်တဲ့။ အတော်များများက မယုံကြပါဘူးဗျာ။

လာသမျှ အိမ်ငှားတွေလည်း တစ်လမကြာဘူး။

ပြောင်းပြေးရတာပဲ။

လူမနေဘဲ ပစ်ထားတာ ကြာလာပေါ့။ ရောင်းတော့လည်း တစ္ဆေခြောက်သလိုလိုမျိုး ပြောသံကြားတော့ မဝယ်ကြဘူး။

အဲဒါ တစ်နေ့ . . .

လမ်းထဲက ဆင်းရဲလွန်းတဲ့ လင်မယားမိသားစု . . .

အိမ်ငှားလည်း မနေနိုင်တော့ မူလခြံပိုင်ရှင်ကို ခြံစောင့်သဘော နေပါရစေပြောပြီး နေကြတာပေါ့ဗျာ။

လင်မယားနာမည်က ငသောင်းနဲ့ မိစိန်မြတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငသောင်းက ရေစည်တွန်းရောင်းတယ်။

သူတို့မှာ တစ်နှစ်သားကလေးတစ်ယောက်ရှိတယ်ဗျ။ သင်းတို့လင်မယား က ဘုရားတရားလည်း မမြဲကြဘူး။

အိမ်ပေါ်ရောက်ပြီး နောက်နှစ်ရက်မြောက်ညကစလို့ ငသောင်းမိန်းမ မိစိန်မြ ညဘက်ရောက်ရင် တစ်ကိုယ်လုံးယားတာ။ အဲဒါ အိပ်ရာတို့၊ ဖျာတို့ နေလှမ်း ရိုက်ခါပြန်ခင်း ကုတ်မရနိုင်အောင်ကို ယားရော။

ညဘက်ရောက်ရင် ယားရော။ အိပ်လို့မရဘူး။

နောက်နေ့ညရောက်တော့ လင်ရောမယားရော ယားရုံတင်မကဘူး။ ကလေးပါယားပြီး ငို။ ထထိုင်ကုတ်။ အချိန်မတော် ရေချိုး။ ယားတာမှ ခွေးလေး ယားသီးထိလို့ ယားသလို ယားတာတဲ့။ ကုတ်လွန်းလို့ သွေးပါစို့ရော။

မကြာဘူး။ ယားပုံက အင်ပြင်ထသလိုပဲ။ အပုအဖိန့်တွေ ဖူးရောင်ယား တာမှ ဘယ်လိုအိပ်လို့မရဘူး။ အိပ်ခန်းထဲအိပ်ရင်ယားလို့ အိမ်ရှေ့ထွက်အိပ်လည်း ယားတာပဲ။

ထူးခြားတာက နေ့ခင်းဆို လုံးဝမယားဘူးပဲဗျ။

ကြတော့ . . . နေ့နဲ့ညမှားသလိုဖြစ်ပြီး အလုပ်ပျက်၊ အကိုင်ပျက်၊ အစား ပျက်ဖြစ်၊ ပိုဆိုးတာက . . .

ညဘက်ရောက်ရင် အိမ်မြောင်အကောင်များစွာတို့ရဲ့ စုတ်ထိုးသံတွေ မနားတမ်း ကြားနေရတာပဲ။ အိပ်ရင်ယားရော။ ဝုတ်တုတ်မိုးလင်းရပေါင်းများတော့ သုံးယောက်စလုံး လူရုပ်မပေါ်တော့ဘူး။

နောက်ဆုံး ကြာရင် လုံးပါးပါးနိုင်တယ်မှတ်ပြီး ပြောင်းသွားရတဲ့အဖြစ် ရောက်ခဲ့ရတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

ဟော . . . မူလပိုင်ရှင် ကံကောင်းသွားပြီဗျာ။

မြေကြမ်းတယ်၊ တစ္ဆေခြောက်တယ်လို့ ပြောနေတဲ့ ကြက်လျှာစွန်းမြို့ ရောင်းထွက်သွားပါရောခင်ဗျ။

အိမ်နဲ့ခြံမှ အဲဒီခေတ်ငွေ (၇၀၀)ကျပ် ရလိုက်တယ်။ ဝယ်တဲ့သူတွေက ဘာသာခြားခင်ဗျ။

ဘိုဆန်ဆန်နေတဲ့လူတွေ၊

လင်ရော၊ မယားရော၊ ခေတ်မီမီ တွေးခေါ်နေထိုင်ကြတာ၊ ယောကျ်ား နာမည်က ကိုထွန်းမောင်တဲ့၊ ဇနီးနာမည်က မရှယ်လီတဲ့၊

သားသမီးသုံးဦးပါတယ်။

ပီတာ၊ မေရီ၊ ဒေးဗစ်တဲ့၊

ကလေးတွေက အင်္ဂလိပ်စာ အလွန်တော်တယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ညီတွေနဲ့လည်း ခင်မင်ရင်းနှီးနေကြဗျ။ သူတို့က မူလတုန်းက ရှေ့တစ်လမ်းကျော်မှာ နေကြတာကိုး။ ညီတွေနဲ့ သူငယ်ချင်းတွေပေ့ါ။

ဦးထွန်းမောင်က လုပ်ငန်းကောင်းတယ်။

စုမိတုန်း ကိုယ်ပိုင်ခြံလေး အဖတ်တင်အောင်ဝယ်နေကြတာ။ တစ္ဆေတို့ သရဲတို့ လုံးဝမကြောက်ပေါင်ဗျာ။

"ကိုထွန်းမောင် ... အဲဒီခြံကို မဝယ်ပါနဲ့ဗျာ"

"ဘာဖြစ်လို့တုံး ... ကိုကံမြင့်"

"ကြက်လျှာစွန်းခြံဗျ။ ခိုက်တတ်တယ်"

"ကျွန်တော် ဒါတွေမယုံပါဘူးဗျာ"

"တစ္ဆေခြောက်တယ်လို့လည်း ပြောကြတယ်ဗျ"

"မယုံပါဘူး ... ကိုကံမြင့်ရာ"

"ခင်ဗျားက မိသားစုများလို့ ပြောတာ ... ကိုထွန်းမောင်"

"ကိုကံမြင့်ရာ ... ခုခေတ်၊ အခုချိန်မှာ ငွေ(၇၀၀)နဲ့ အိမ်ရောခြံရော ရဖို့ဆိုတာ မလွယ်ဘူးဗျ။ ခု ရတာဟာ ကံကောင်းလို့ပဲ။ တစ္ဆေတို့၊ သရဲတို့၊ ခြံခိုက်တာတို့တော့ ကျွန်တော်တို့ မယုံကြည်နိုင်ပါဘူးဗျာ။ နေရမှာပဲ"

ဒီလိုနဲ့ သူတို့မိသားစု မပြောင်းခင်မှာ ခြံထဲရေတွင်းတစ်တွင်း လူငှားနဲ့ တူးတယ်။ ရေကလည်းကောင်းလိုက်တာနယ်ဗျာ (၁၅)ပေကျော်ကျော်နဲ့ ရေရတယ်ဗျာ။

သူတို့ ဝမ်းသာလို့ပေ့ါဗျာ။

ဒီလိုနဲ့ အဲဒီခြံကို ပြောင်းလာကြတယ်။ တစ်ရက်၊ နှစ်ရက် ဘာမှမဖြစ်ဘူး။ အိမ်နီးချင်းတွေကတော့ နားစွင့်စောင့်ကြည့်ကြတုန်းပဲ ...

ဒီလိုနဲ့ သုံးရက်မြောက်မှာ ကိုထွန်းမောင် ရုတ်တရက် စကားလုံးဝမပြောတော့ဘူးဗျာ၊ ဘာဖြစ်မှန်း မသိဘူး။ မိန်းမရော၊ သားသမီးတွေရော ဘာလို့ စကားမပြောတာလဲ မေးတာပေ့ါ။

"မောင် ... ဘာဖြစ်လို့ စကားမပြောတာလဲဟင်၊ ရှယ်တို့ကို စိတ်ခုလို့လား ဟင်လို့"

www.burmeseclassic.com



ပြန်မပြောဘူး။ ခေါင်တောင်တောင် ကြည့်နေတယ်။

"ဒက်ဒီ"

"ဒက်ဒီ"

ဘယ်လိုခေါ်ခေါ် စကားလုံးဝမပြောဘူး။ အဲဒါ သုံးရက်တိတိပဲ။ အစား တော့ စားတယ်။ အလုပ်သွားရင် အင်္ကျီ၊ ဘောင်းဘီရှည် လဲမဝတ်ဘူး။

ညအိပ်အဝတ်အစားနဲ့ သွားမလို့လုပ်လို့ ဇနီးလုပ်သူက အတင်း လဲဝတ် ပေးရတယ်။

ထင်တာက အလုပ်ထဲမှာ စကားများစိတ်ဆိုးဖြစ်ခဲ့လို့ စိတ်မကျေနပ်တာ လို့ ထင်တာပေါ့။ နောက်နေ့ကျတော့ အလုပ်မသွားတော့ဘူး။ ထမင်းလည်း မစား ဘူး။ လက်ဖက်ရည်လည်း မသောက်ဘူးဗျာ။

"ရှင် အလုပ်သွားရမယ်လေ . . . မောင်"

ခေါင်းယမ်းတယ်။ မသွားဘူးတဲ့။

"အလုပ်ထိခိုက်သွားမယ် . . . မောင်ရဲ့"

ခေါင်းပဲယမ်းနေတယ်၊ စကားမပြောဘူး။ အချိန်ရှိသမျှ ရေတွင်းနားမှာ ရပ်ပြီး ရေတွင်းကိုပဲ ငုံ့ငုံ့ကြည့်နေတယ်တဲ့ဗျာ။ မယားလုပ်သူက အလုပ်ထဲ သွားခွင့် တိုင်ရတယ်။ နေမကောင်းဘူးလား၊ ဆေးခန်းသွားပြမလား။

မေးလည်း မပြောဘူး။

သားသမီးတွေ စကားပြောလည်း ပြန်မပြောဘူး။

ရှင် မကျေနပ်တာရှိရင် ပြောပါဆိုလည်း မပြောဘူး။

တစ်နေ့ . . .

မရှယ်လီ နောက်ဖေးမှာ ထမင်းဟင်းချက်နေချိန် . . .

"ဝုန်း"

"ဟင် . . . မာမီ . . . မာမီ မြန်မြန်လာပါ လာပါ"

"ဟဲ့ . . . မေရီ သမီး ဘာဖြစ်လို့တုံး"

"ဒက် . . . ဒီ . . . ဒက် . . . ဒီ ရေ . . . ရေ တွင်းထဲခုန်ချသွားပြီ၊ မြန်မြန်ကူညီ ပါ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး . . ."

ရေတွင်းရှိရာ ပြေးငုံ့ကြည့်တော့ ဟုတ်တယ်။ ရေတွင်းထဲမှာ သူ့ယောက်ျား မြုပ်လိုက်ပေါ်လိုက် မွန်းလိုက်ဖြစ်လို့။

"လာကြပါဦးရှင့် . . . ကျွန်မယောက်ျား ရေတွင်းထဲ ပြုတ်ကျလို့ လာကြပါဦး . . . ကယ်ကြပါဦး"

ကြားတယ်ဆိုအနီးအနားအိမ်ကယောက်ျားတွေထွက်လာကြပြီးရေတွင်းထဲငုံ့ကြည့်၊ ဟုတ်တယ်။ ကိုထွန်းမောင် ရေတွင်းထဲမှာ။

မြုပ်လိုက်ပေါ်လိုက်၊ တဖူးဖူးဖြစ်လိုက်။

ကြိုးတွေ တိုင်မှာချည်ပြီး ဆင်းဆယ်ကြတယ်။ ကိုထွန်းမောင်ချိုင်းကို ကြိုးချည်ဆွဲတင်ကြတယ်။ ကိုထွန်းမောင် မသေဘူး။ မိသားစု ဝမ်းသာသွားကြတာ ပေါ့ဗျာ။

ဒါနဲ့ ဝိုင်းမေးကြတာပေါ့ဗျာ။

"ကိုထွန်းမောင် . . . ဘယ်လိုဖြစ်တာလဲဗျာ"

"မပြောဘူး။ ခေါင်းပဲ ယမ်းနေတယ်"

"ငုံ့ရင်း အရှိန်လွန်ကျတာလားဟင်"

မပြောဘူး။ ဘယ်လိုမှ မေးမရတာနဲ့ ပြန်ခဲ့ကြတယ်၊ တိုတိုပြောရရင် ကိုထွန်းမောင် အလုပ်မသွားဘူး၊ ရေမချိုးဘူး။ ဘယ်သူ့မှ စကားမပြောဘူး။ ထမင်း မစားဘူး။ ရေ၊ လက်ဖက်ရည်၊ လုံးဝမသောက်ဘူး။

နေ့ခင်းဆို ငေးငိုင်နေတယ်၊ မျက်လုံးက မျက်ရည်ကျနေတယ်၊

ညဘက်ရောက်ရင် တောက်ခတ်နေတာ တစ်ညလုံးပဲ၊ ကြောက်ကြောက်နဲ့ သူ့ကို အနီးကပ်စောင့်ကြည့်နေရတယ်ဗျာ။ ဆေးရုံဆေးခန်းသွား ပြဖို့ခေါ်လည်း ခေါင်းပဲယမ်းနေတယ်။

အိမ်နီးနားချင်းတွေကတော့ မရှယ်လီကို အကြံပြုကြတယ်။

မြန်မာ ပယောဂဆရာနဲ့ ခေါ်စစ်ဆေးကြည့်ပါတဲ့။

မရှယ်လီတို့က အဲဒါမျိုး လက်မခံဘူးလေ။

ဟော . . . ဖြစ်ပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူလစ်တာနဲ့ ရေတွင်းထဲခုန်ချပါရော။ ကယ်ကြပါဦး . . . လာကြပါဦး အော်သံကြားရင် ကြားတဲ့လူက ဆယ်ရကယ်ရပြန်ပါပြီဗျာ။ ဒီလိုနဲ့ လေးကြိမ်မြောက် ကိုထွန်းမောင် ရေတွင်းထဲခုန်ချ သေကြောင်းကြံ။

အိမ်နီးနားချင်းများက ဝိုင်းကယ်ဆယ်။

မရှယ်လီ စဉ်းစားရပြီ။ အိမ်နီးများချင်းများ ပြောသလို ဒီရွာက နိဂုံနေ ရော့လား။ နောက်ဆုံး ရတဲ့ဈေးနဲ့ရောင်းပြီး ရန်ကုန်ကို ပြောင်းသွားကြတယ်။

ကိုထွန်းမောင် ကံကောင်းပါတယ်ဗျာ။

ရန်ကုန်ပြောင်းသွားရော လူလည်း နဂိုအတိုင်း လူကောင်းကျန်းမာ ပြန်ဖြစ် သွားသတဲ့။ အံ့ဩစရာပဲဗျို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

❑

လာပြန်ပြီဟော့ ... ဟော ... အော့ ... ဝါး ဆိုရမလိုပဲ။

ကိုထွန်းမောင်တို့ ကြက်လျှာစွန်းအိမ်နဲ့ခြံကို ပြန်ဝယ်လိုက်တာက ဒွာန ဆိုင်ရာက အရာရှိတစ်ဦးခင်ဗျ။

လမ်းထဲက လူတွေကလည်း အကဲခတ်နေကြတုန်းပဲ။

ဘာညာသာရကာ ဖြစ်တယ်လို့ မပြောကြတော့ဘူး။

တော်ကြာ ... မလိုလို့ပြောတယ် ထင်ဦးမယ်လေ။ အရာရှိကြီးလင်မယာ ကားအကောင်းစားနဲ့ လာကြည့်တယ်။ ဒီနေရာလေးမှာ သူကယောကျ်ာမ မိသား ကို တိုက်ပုလေးဆောက်ပေးမလို့တဲ့။

တပည့် အလုပ်သမားငါးဦးလည်း ပါလာတယ်။

အိမ်ဟောင်းကိုဖျက်ပြီး ခြံပြင်မှာ ပုံကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခြံထဲက မြက်တွေ၊ ဆူးပင်တွေကို ပေါက်တူး၊ ပေါက်ပြား၊ ဓား တွေနဲ့ ခုတ်ထွင်ရှင်းလင်းကြတယ်။ မြေပြင်ညှိကြတယ်။ ပျော်ပျော်ပါးပါးပဲခင်ဗျ။

ခြံရှင်းနေတုန်းပဲမှာ အလုပ်သမားတစ်ဦးက ဓားသိုင်း ထကပါလေရော ဗျာ။ အရာရှိကြီးက ပြောလိုက်တယ်။

"ဟေ့ကောင် . . . မောင်မျိုး မဆော့နဲ့"

ဒီလိုလှမ်းပြောတုန်းမှာပဲ နောက်ခြံရှင်းသမားတစ်ဦးက ပေါက်တူးကြီး ထမ်းပြီး ဓားသမားနှင့် အပြိုင်ကပါရောဗျို့။

အရာရှိခြံပိုင်ရှင်က အော်ငေါက် . . .

အော်ငေါက်လို့မှ မဆုံးသေးဘူး မြေတူနေတဲ့ အလုပ်သမားသုံး ဦးပါ ငန်းပြားတွေ၊ ဂေါ်ပြားတွေထမ်းပြီး ဇော်က ကသူကက၊ ဓားသိုင်းကသူက,က။

ဘယ်လိုမှ ပြောလို့မရ၊ တားလို့မရ။

ကလေးတွေ၊ မိန်းမသားတွေလည်း ခြံပြင်ကနေ ဝိုင်းကြည့်နေကြ။ အလုပ် သမားငါးယောက်ဟာ ပါးစပ်က သီချင်းမဆိုဘဲ ကွေးနေအောင် ကနေတာဗျ။

ခါးကပုဆိုးတွေကျွတ်။

အချို့က အတွင်းခံမပါ။ အရာရှိကြီးလည်း တပည့်တွေကိုဆဲ။ ဝင်ပြီး နားပန်ကျင်း။ ဆောင့်ကန်။ ဒါလည်း မရပ်ကြဘူး။ ပုဆိုးမပါဘဲ ချွေးဒီးဒီးကျ ကွေးနေ အောင်ကကြတာ။ တစ်ခြံလုံး ရှုတ်ရှုတ်သဲသဲဖြစ်ကြ။

အရာရှိကြီးလည်း ရှက်လွန်းလို့ဆဲ။

နောက်ဆုံး ပတ်ဝန်းကျင် အိမ်နီးနားချင်းတွေကို အကူအညီ တောင်းရ ရော။ ဓာတ်သိတွေက မနေနိုင်တော့ ဝင်ကူညီရတာပေါ့ဗျာ။

အကုန်ဝင်ဆွဲ ဖမ်းချုပ်၊ ပုဆိုးဝတ်ပေးပြီး ခြံပြင်ကိုဆွဲထုတ်တော့မှ သူတို့ အကရပ်သွားကြတယ်။

အရာရှိကြီးကလည်း ဆဲဆိုဆူပူပေါ့ဗျာ။

"မျိုး . . . မင်းတို့ ဘာဖြစ်ကုန်တာလဲ။ ဟင် . . . ခွေးမသားတွေ . . . ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဘာဖြစ်လို့ လဲ ဆရာ"

"မင်းတို့ငါးယောက်လုံး ခြံမရှင်းဘဲ ကနေတာ နာရီဝက်လောက်ရှိပြီကွ။ ဖွီး...ငါကွာ...တယ်"

"ဗျာ..."

သူတို့ငါးဦး ကလို့ကမှန်း မသိဘူး။

ဒီမှာပဲ ဖြုန်းဆို ငါးဦးသား ထ,ကကြာပြန်ပါရောဗျာ။ လမ်းထဲက လူတွေ လည်း ပြန်ဝိုင်းချုပ်ကြ။ သူတို့ကလည်း ရုန်းကန်ပြီး ပြန်ကကြ။ ရူးသွားသလိုပဲဗျာ။

"အန်ကယ်ကြီး..."

"ဗျာ...ပြောပါဗျာ"

"ဒီလိုလုပ်လို့တော့ မရတော့ဘူးဗျာ"

"ဒါ...ဒါဆို ဘယ်လိုလုပ်ရမလဲဗျာ ဟင်"

"ဟောဟိုရပ်ကွက်မှာ နာမည်ကျော်ဗေဒင်ဆရာ ပယောဂဆရာကြီး ဦးအောင်စိန်ဆိုတာ ရှိတယ်ဗျ။ အန်ကယ်ကြီးတပည့်တွေ ဖြစ်နေပုံက မရိုးဘူး။ ပယောဂပညာရှင် ဆရာကြီးထံ ခေါ်သွားမှရမယ်"

"ဒါ...ဒါဆိုလည်း...ကူ...ကူညီကြပါဗျာ"

အဲဒါ ရူးသလိုဖြစ်ပြီး ကနေတဲ့လူငါးဦးကို ကားနဲ့တင်လို့ ပယောဂဆရာကြီး ဦးအောင်စိန်ရဲ့ အိမ်ကို ခေါ်သွားကြတယ်။ ပါးစပ်ကလည်း ဘာတွေပြောနေမှန်း မသိ။

အိမ်ဝိုင်းထဲလည်းဝင်ရော...

နှုတ်ခမ်းမွေးကားကားနဲ့ အသက် (၇၀)ခန့် အရက်ပုပုဆရာကြီးက လှမ်း ကြည့်ပြီး...

"ဩော်...မင်းတို့ပါ ပါလာကြတာကိုး ဝင်ခဲ့ကြ"

ကနေတဲ့ အလုပ်သမားငါးဦးက ဆရာကြီးရှေ့မှာ ဂနာမငြိမ်ဘူး။ ကမလို့ လုပ်နေလို့ ပါလာတဲ့လူတွေက ဝိုင်းချုပ်ဖိထားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"က,ချင်နေတာလား လွှတ်ပေးလိုက်"

လွှတ်လည်းပေးလိုက်ရော ဆရာကြီးအိမ်ပေးမှာ ဝုန်းဒိုင်းကျဲ ပုဆိုးကျွတ်ကလိုက်တာ ပါးစပ်က အမြှုပ်ထွက်နေရဲ့ဗျာ။

"ကိုင်း . . . ရပ်တော့"

"ရပ်လို့ ငါပြောနေတယ်လေ . . . ကိုင်းဟာ"

ဆရာကြီးက မရပ်ဘဲကနေတဲ့ လူငါးဦးကို ရေမန်းနဲ့ လှမ်းပက်လိုက်ရော ငါးဦးလုံး အကရပ်ပြီး ဆရာကြီးရှေ့ဒူးထောက်လျှက် ဖြစ်နေရောဗျို့။

"ပြော . . . မင်းတို့ ဘယ်သူတွေလဲ"

"ဟူး ဟူး ဟူး ဟူး"

"ဟင်း ဟင်း ဟင်း ဟင်း"

"ကျိ ကျိ ကျိ ကျိ"

အံ့မယ် . . . သွားကြိတ်တဲ့သူနဲ့၊ ယိမ်းထိုးနေတဲ့သူနဲ့၊ မျက်လုံးတွေ ပြူးကြည့်ကြလို့ဗျာ။

"မင်းတို့ကို ငါ မနှိပ်စက်ပါဘူး။ မင်းတို့ ငါမေးတာကိုပြော မင်းတို့ ဘယ်သူတွေလဲ"

"သိုက် . . . သိုက် . . . သိုက် . . . က . . ."

"သိုက် . . . ဘာသိုက်ကတုံး ပြောပါဦး"

"ဥစ္စာသိုက်က"

"ခု ဘာဖြစ်ကြလို့တုံး ကွယ်"

"ဟူး ဟူး ဟူး ကျိ ကျိ ကျိ"

"ဥစ္စာသိုက်ကဆိုတာ သေချာလား"

"အင်း အင်း အင်း"

"ဒါဆို ထင်ရှားအောင် . . . ပြကွာ . . . ပြစမ်း"

ဒီအချိန်မှာပဲ ထိုင်နေတဲ့ ဝန်းကျင်မှာ ပန်းရနံ့မျိုးစုံ ရနံ့တွေ ကြိုင်မွှေးလာတာကို အံ့သြရှုရှိုက်မိကြပါရော။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ . . . ယုံပါပြီ ခု သင်တို့ ဘာများမကျေနပ်လို့ လုပ်တာတုံး ပြောပြပါဗျာ"

"ငါတို့နေရာမှာ နေတာ မကြိုက်ဘူး"

"နေရင်ရော ဘာဖြစ်မှာတဲ့တုံးဗျာ"

"အားလုံး သေရမယ်ဟေ့ . . . ဟေ့ ဟေ့"

"မနေဘူးဆိုရင်ရော . . ."

"မနေရင် ကောင်းတယ်။ ငါတို့ နေရာမှာ လာမနေနဲ့။ မရှုပ်နဲ့။ ငါတို့ သတိပေးတာ ဒဏ်ခတ်တာလည်း သူတို့ ဂရုမစိုက်ဘူး။ အကုန်ထွက်သွားကြ . . . ဟူး ဟူး ဟူး . . . ကျိ ဟကျိ ကျိ . . . ဟင်း ဟင်း ဟင်း ဟင်း"

ငါးဦးထဲက တစ်ဦးကပူးပြီး ပြောနေတာဗျ။

အလို . . . ယောက်ျားသံ မဟုတ်ဘူးဗျာ။ မိန်းမသံဗျား။

အသက်ကြီးကြီးမိန်းမရဲ့မာတင်းတဲ့အသံဗျ။

"ကိုင်း . . . ကာယကံရှင်တွေ ကြားပြီလားဟေ့"

"ဟုတ် . . . ဟုတ်ကဲ့ပါ . . . ဆရာကြီး"

"သိုက်မြေတဲ့။ ဥစ္စာစောင့်တွေနေတဲ့ ခြံမြေပဲ။ ဒီတော့ မောင်ရင်တို့ မနေကြပါနဲ့။ သူတို့ သိုက်ပြောင်းတော့မှ နေလို့ရမှာပဲ။ ကိုင်း . . . ပိုင်ရှင်က မောင်ရင်လား"

"ဟုတ်ပါတယ် . . . ဆရာကြီး"

"ဖြစ်ပုံကို ပြောပြပါဦး"

ဒါနဲ့ အရာရှိကြီးက ခြံဝယ်တဲ့အကြောင်း ခြံရှင်းရင်း ဖြစ်တဲ့အကြောင်းကို ပြောတယ်။

ပါလာတဲ့ အိမ်နီးနားချင်း လူကြီးတွေကလည်း ဒီခြံမှာနေသွားတဲ့ လူတွေရဲ့ဖြစ်ပျက်ခဲ့ပုံတွေကို ပြောပြရော၊ အရာရှိကြီး လန့်သွားပါရောဗျာ။

"ကိုင်း . . . ခင်ဗျား ဆက်နေချင်သေးလား ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မ...မနေတော့ပါဘူး...ဆရာကြီးခင်ဗျာ"

"အခု သူတို့ကနေတာဟာ ဥစ္စာသိုက်စောင့်တွေက နှောင့်ယှက်ဒဏ်ခတ်လိုက်တာပဲ။ ကိုင်း...ဒါဆို ပြောရတော့မှာပေါ့။ သိုက်စောင့်၊ နမကြီးတို့မသိလို့နေမိ၊ ဝယ်မိ၊ လုပ်မိတာပါ။ နမတော်ကြီးတို့ သိုက်စောင့်တွေ ပုဂ္ဂိုလ်တွေနေထိုင်ရှိနေတဲ့မြေမှန်း သိရပြီဖြစ်လို့ ဒီမြေမှာ သူတို့မနေတော့ပါဘူးလို့ ကတိပြုနေပါပြီ။ နမတော်ကြီးတို့လည်း သည်းခံနားလည်ပြီး ခွင့်လွှတ်လို့ မူလနေရာကိုပြန်ကြပါတော့။

"ဟီး..."

"ဟီး..."

"ဟီး..."

"ဟီး..."

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ယိမ်းထိုးနေတဲ့ ဥစ္စာစောင့် ဝင်ပူးနေသူ လူငါးဦးဟာ ပါးစပ်ကနေ ဟီးလို့ သံပြိုင်တူအော်ပြီးနောက်...

လက်ခုပ်ငါးချက် အသံကျယ်ကျယ်တီးပြီး ထွက်သွားကြရော။ ပူးခံနေရတဲ့ အလုပ်သမား ငါးဦးလည်းဖုံးခနဲ ကြမ်းပြင်ပေါ်လဲကျ သတိလစ်သွားတော့တယ်ဗျာ။

ဒီမှာ ဆရာကြီးက ရေစင်ရေမန်းနဲ့ တောက်ပေးလိုက်မှ သူတို့ ပြန်သတိရလာပြီး ရှက်နေကြပါရောခင်ဗျ။

"ရှင်းပြီလားဟေ့"

"ရှင်းပါပြီ...ဆရာကြီးခင်ဗျာ"

"အဲဒါမြို့ ခိုက်တယ်၊ မြေခိုက်တယ်လို့ ခေါ်တယ်။ မောင်ရင်တို့ ပြောသလိုဆိုရင် မြို့မြေက ကြက်လျှာစွန်းလည်း ဖြစ်နေတော့ မြန်မာအယူအဆအရ အခြောမကြိုက်ဘူး။ ခိုက်တယ်လို့ ယူဆကြတယ်။ ခုတစ်ခါ သိုက်ရှိတဲ့မြို့မြေ သိုက်ကုန်း

www.burmeseclassic.com



ဆိုတော့ လှူနေလို့ မရဘူးပေါ့။ လှူနေရင် ခိုက်တာပေါ့။ ခိုက်တာကြမ်းရင် လှူပါသေးရော။ အခိုက်ကို ရှောင်ရင် အန္တရာယ်ကင်းတယ်ကွယ့်။ အခိုက်တွေက လုပ်ငန်းတိုင်း၊ နေရာတိုင်းမှာလည်း အနည်းနဲ့အများ ရှိကြတယ်။ မယုံမကြည် မခန့်လေးစားလည်း မလုပ်ကြနဲ့။ မယုံလို့ ခံရတဲ့လူတွေလည်း မနည်းဘူး။

ကိုင်း . . . ဘယ့်နှယ့်ရှိစ။

ခိုက်တဲ့ မြေလည်းရှိတာ ကြုံပါပြီဗျာ။

အခြားသော အခိုက်တွေလည်း ကျွန်တော်တော့ ကြုံခဲ့မြင်ခဲ့ရဖူးပေါ့ ဗျာ။

ယုံသည်ဖြစ်စေ၊ မယုံသည်ရှိစေ အခိုက်ရဲ့ဆိုးချက်ကို မျက်မြင်မို့ ရေးသားလိုက်ရပါတယ်။

အားလုံး ကံကောင်းကြပါစေ။

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကျွန်တော်တို့ မြန်မာလူမျိုး အတော်များများဟာ နာရေးကိစ္စနဲ့ စပ်လျဉ်း လာရင် ရှေးရိုးထုံးစံဓလေ့အရ အထိအခိုက် အပြစ်မရှိရအောင် ပြုလုပ်လေ့ရှိကြ တယ်။ နည်းတွေ စနစ်တွေက တစ်ရွာတစ်ပုဒ်ဆန်းလည်း ရှိကြတယ်။

ဆိုကြပါစို့ . . .

အိမ်တစ်အိမ်ရှိ မိသားစုထဲက တစ်ဦးတစ်ယောက် ကွယ်လွန်အနိစ္စ ရောက်သွားရင် ဦးစွာ အိမ်တွင်းအုန်း (မင်းမဟာဂီရိမောင်နှမများ)ကို အလျင်ဖြုတ် ပြီး ခြံစည်းရိုးမှာ သွားချိတ်ထားလေ့ရှိတယ်။

အဲဒါ . . . ဘာလို့လုပ်ရတာလဲလို့ သက်ကြီးဝါကြီးအချို့ကို မေးကြ တော့ . . .

"နာမှု (လူသေဆုံးခြင်း)ဖြစ်သွားရင် အိမ်က မသန့်တဲ့သဘောမျိုး သက် ရောက်သွားတယ်။ အဲဒီမြင်ကွင်းကို အိမ်တွင်းမမြင်စေချင်လို့ အိမ်တွင်းဆွဲအုန်



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ပြီး အိမ်တွင်းနတ်ကို ခေတ္တရှောင်ခိုင်းတာလည်း ပါတဲ့သဘောပါပဲ။ ဒါ့အပြင် အခြားအကြောင်းတွေလည်း ရှိသေးတာပေါ့"

ကျွန်တော်တို့တရားသဘောနှင့် တွေးကြည့်လျှင် သက်ရှိမှန်သမျှ သေမျိုး ဖြစ်တယ်ဗျာ နော်။

ဒါ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့တဲ့ တရားအနှစ်ချုပ်ပဲ။ ရုပ်နဲ့နာမ်နဲ့ ပြတ်စဲသွားတာပဲ။

အနိစ္စ ... မမြဲဘူးဆိုတာကို။

သခ်ီရတရားကို သက်ရှိတွေ ရှောင်လို့မှမရဘဲ။

မမြင်ချင်လည်း မြင်ရမှာပဲ။

မကြုံချင်လည်း ကြုံရမှာပဲ။

အဲဒါ အိမ်တွင်းနတ် မမြင်စေချင်လို့ ...

နတ်မသန့်မှာစိုးလို့ အိမ်မသန့်တော့လို့ဆိုပြီး နတ်ကို လျှင်ဦးစားပေးပြီး ခေတ္တရှောင်ခိုင်း၊ ရက်လည်ပြီးမှ အိမ်ကို သန့်သွားအောင် ရေဆေး။

အိမ်တွင်းအုန်းကို ဖောင်းတော်ပါမကျန် အကုန်အသစ်လဲပြီး လက်ဖက် အမွှေးနံ့သာနဲ့ ...

"အိမ်သန့်သွားပါပြီ ကိုယ်တော်ကြီး ကိုယ်တော်ကြီးတို့ ဤအိမ်သို့ ပြန်ကြွ တော်မူပါ။ ယခင်လိုပဲ စောင့်ရှောက်တော်မူပါ။ အုန်းအသစ်၊ ဖောင်းတော်အသစ်၊ အမွှေးနံ့သာ ပန်းသပြေလက်ဖက်တို့ဖြင့် အသစ်ပြုပြင် ပင့်ဖိတ်ပါသည် ...အိမ်တွင်း ဖခင်ကြီး"

ဒီလိုလုပ်ကြတာကို ...

ကျွန်တော့်အဖေ ကွယ်လွန်တော့ အမေက ခုပြောတဲ့အတိုင်းလုပ်တာပဲ။ တစ်ခါ အမေကွယ်လွန်ပြန်တော့ ကျွန်တော့်အစ်မကြီးက အမေလုပ်သလို အုန်း အသစ်လဲ ပြန်ပင့်ဖိတ် ...

ကျွန်တော်တို့လူနေမှုပတ်ဝန်းကျင်မှာ အဲဒီလိုလူသေရင် ဆွဲအုန်းကိုဖြုတ်၊ ရက်လည်ပြီးနောက်နေ့ အုန်းအသစ်ပြန်လဲ ပင့်ဖိတ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် သမီးလေး ဖွေးဖွန်သင် ကွယ်လွန်တော့လည်း လူကြီးပိုင်းက အဲဒီလိုပဲ လုပ်ပေးကြ။

ကျွန်တော်လည်း ဘာသိဘာသာနေ ဝင်မကန့်ကွက်။

အသေအချာ စဉ်းစားကြည့်လျှင် . . .

ထေရဝါဒနှင့်တော့ ဖီလာဆန့်ကျင်ပြီး . . .

အိမ်တွင်းဖခင်ကြီး မင်းမဟာဂီရိ မောင်တင့်တယ်လည်း သေဖူးသူစစ်စစ်ပဲ။ သေတာမှ ရိုးရိုးသေတာမဟုတ်။ တကောင်းမင်းက မောင်တင့်တယ် ခွန်အားကြီးတာကို စိုးရိမ်ကြောက်ရွံ့ပြီး ကလိန်ညာက်ပြီး စံကားပင်မှာ ကြိုးတုတ် ဖိုကျင်ထိုးပြီး မီးလောင်တိုက်သွင်းသတ်လို့ သေရတာ။

အစိမ်းသေ။

ဘုရားဟောနှင့် ပြောရလျှင် ပရလောကသား . . .

ထားတော့ . . .

အိမ်တစ်အိမ် လူသေသည်နှင့် ဦးတင့်တယ် မိုတင်းရာဆွဲအုန်းကို အိမ်မသန့်၍၊ နတ်မသန့်မှာစိုးပြီး စွန့်ပေးရတယ်ဆိုတာသည်လည်း ကျွန်တော်တို့မြန်မာကျေးလက်တောရွာ မြို့ပါမကျန် မဖြစ်မနေ ပြုလုပ်ပေးနေရသည်။ ရှေးရိုးအမွှေလေ့ဖြစ်လို့ . . .

အိမ်တွင်းအုန်း မဆွဲသူများကျတော့ အဲဒီကိစ္စအယူလည်းမရှိ၊ ဘာမှလည်း မဖြစ်။

သွားလေသူ ပန်းပဲမောင်တင့်တယ် (ခေါ်) အိမ်တွင်းမင်းမဟာဂီရိနတ်ကြီးကလည်း အပြစ်မပြော၊ ဖွေမယူ။

ဒါက နာရေးကိစ္စဖြစ်လာလျှင် အဓိကပြုကြသည့်ဓလေ့။ နာရေးနှင့် ပတ်သက်လာလျှင် ကြောက်ရွံ့စိုးရိမ်သွားပုံများနယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ J ]

❑

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားမျိုးစုံ ရှိကြပါတယ်။ တိုင်းရင်းသားတွေသည်လည်း နာရေးကိစ္စ အိမ်မှာဖြစ်ခဲ့လျှင် သူတို့တိုင်းရင်းသား ဓလေ့ရိုးရာများနှင့် နာရေးကိစ္စများကို ပြုလုပ်ကြရပါတယ်။

နည်းတူပါပဲဗျာ။

ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူဖြူ၊ လူမည်း၊ လူဝါ၊ လူညိုမှသည် ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်နှင့် အခြားသော အယူဝါဒရှိသူများသည်လည်း သူတို့ရဲ့ မိရိုးဖလာ ရိုးရာဓလေ့နှင့် နာရေးကိစ္စကို ပြီးဆုံးသည့်တိုင် ကျင်းပပြုလုပ်သွားကြတာပါပဲ။

စင်္ကာပူနိုင်ငံမှာဆိုရင် ...

ချန်ဂီဆေးရုံမှာရှိတဲ့ စည်းကမ်းရယ် ...

သေသူကို ထုတ်ယူတဲ့အပေါက် သီးသန့်ထားတယ်။ ထုတ်ချင်တဲ့အပေါက်က ထုတ်တာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာမှာဆိုလည်း ရှေးမင်းများလက်ထက်ကတည်းက မသာတော်ထုတ်တဲ့ အပေါက်သီးသန့်ရှိတယ်လို့ သိရတယ်။

အကျဉ်းထောင်မှာ အကျဉ်းသားတစ်ဦးကွယ်လွန်သွားရင် သင်္ဂြိုဟ်ဖို့အတွက် အခေါင်းထုတ်အပေါက် သီးသန့်ထားပေးထားရတယ်။

ဆိုပါစို့ . . .

ရပ်ကွက်ထဲမှာ အသုဘတစ်ခု သင်္ဂြိုဟ်မယ်ဆိုရင် ခေါင်းရင်းဘက်ကနေဆန်ပြီး အသုဘယာဉ်၊ ရထား၊ လှည်း၊ အထမ်းတို့ကို သယ်ယူမသွားရဘူး။

အိမ်ခြေရင်းဘက် လမ်းကနေပဲ သယ်ယူသင်္ဂြိုဟ်ကြရတယ်။

ဘာကြောင့်ဆိုတာ နိုင်နိုင်မာမာ မသိရပေမင့် ဒီမူကို ယနေ့တိုင် ကျင့်သုံးနေကြတာများတာကို တွေ့ရတယ်။

အိမ်ခေါင်းရင်းဘက်ကဆန်ပြီး သင်္ဂြိုဟ်သွားရင် ဘာဖြစ်မှာလဲ။

မကြိုက်ကြဘူး၊ လက်မခံကြဘူး။ ဘာလို့လဲမေးတော့ ရှေးထုံးစံတဲ့။ ရှေးထုံးစံကို ဆန့်ကျင်ရင် ရပ်နာရွာနာဖြစ်ရောလို့ ပြောတာကြားဖူးသလို အများလက်ခံထားတဲ့အတိုင်း သေသူရဲ့အိမ်ခြေရင်းလမ်းကနေ သယ်ယူသင်္ဂြိုဟ်တာကို အားလုံးမြင်ဖူးကြမှာပါ။

သို့သော် . . .

မဖြစ်မနေ ဆန့်ကျင်ရတာ ဖြစ်လာတာပဲ။

အဲဒါ ကိုယ်တွေ့မြင်ဖူးတာပါခင်ဗျ။

သေသူ ကာယကံရှင်ရဲ့အိမ်ခြေရင်းမှာ ထွက်လမ်းမရှိဘူး။ လမ်းပိတ်ကြီး။ တိုက်အိမ်ရဲ့နောက်ကျော အုတ်တံတိုင်းနဲ့ ပိတ်ထားတာ။

ကိုင်း . . . ဘယ်သူ ဘာပြောမလဲ။

သေသူရဲ့ အိမ်ခေါင်းရင်းထွက်လမ်းအတိုင်း အသုဘကို ဆန်ပြီး ချရတာပဲ။ အဲဒီလို ခြေရင်းလမ်းပိတ်နေလို့ ခေါင်းရင်းလမ်းကနေဆန်ပြီး သင်္ဂြိုဟ်တဲ့ အသုဘ နည်းရောလားဗျာ။

ဘာဖြစ်လဲ . . .

ဘာမှမဖြစ်ပေါင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မှလည်း ဝင်မကန့်ကွက်ရဲပေါင်ဗျာ။

သူ့အလိုလို နားလည်ပေးကြရတာပဲ။

သို့သော် နာရေးကိစ္စနှင့်စပ်လျဉ်းရင် ထူးဆန်းတဲ့ဖြစ်ရပ်တွေတော့ ရှိခဲ့ဖူးတယ်။

တိုက်ဆိုင်တာပဲလား၊ နိုက်တာပဲလား မပြောတတ်ဘူး။ ဝမ်းနည်းစရာတော့ ဖြစ်သွားတာပဲ။

ဖြစ်ပုံက ဒီလိုခင်ဗျ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

တစ်နေ့တော့ ထုံးစံအတိုင်း အသုဘချလာတယ်။ သေတဲ့လူက သာမန်လခစားဝန်ထမ်း ဆင်းရဲသားပါ။ ရှေ့ဆုံးက သုသာန်မှာ မြေချတရားနာ သရဏဂုံတင်ဖို့ သံဃာငါးပါးက ကားတစ်စီး။

သူ့နောက်မှာ သေသူကိုရာဟုရဲ့အလောင်းတင်နာရေးကား။

ကြေးစည်သံ ဒူဝေဝေနဲ့။

အဲဒီတုံးက နာရေးကူညီမှုအသင်း မပေါ်သေးဘူးဗျ။ စည်ပင်သာယာက နာရေးတင်နိဗ္ဗာန်ယဉ်ရှိပေမင့် နိဗ္ဗာန်ယာဉ်က ပျက်နေတာများလို့ သိပ်မသုံးကြဘူး။

ဘတ်စ်ကားလိုင်းက ကားဒရိုင်ဘာ၊ စပယ်ယာ၊ ဒါမှမဟုတ် သူ့မိသားစုဝင်ထဲက တစ်ဦးတစ်ယောက်သေရင် အဒီ ဘတ်စ်ကားလိုင်းက ခရီးသည်တင်ဘတ်စ်ကားနဲ့ အလောင်းတင်သင်္ချိုင်းအရောက်ပို့ပေး ကူညီလေ့ရှိကြသလို . . .



www.burmeseclassic.com

www.burmeseclassic.com



ရေနံက ရေနံအလုပ်သမားဝန်ထမ်းတစ်ဦး ကွယ်လွန်ကွယ်လွန်၊ အလုပ်သမားရဲ့မိသားစုထဲကပဲ ကွယ်လွန်ကွယ်လွန် . . .

ရေနံလုပ်ငန်းက သင်္ဂြိုဟ်ဖို့ ကားတစ်စီး ဝန်ထမ်းကို ကူညီပေးလေ့ရှိတယ်။

အဲဒါ ကိုရာဟုရဲ့အသုဘကို ရေနံက အမိုးဖွင့် ကားနဲ့ချလာတာ။ ဖြစ်ချင်တော့ ရပ်ကွက်ထဲက အိမ်တစ်အိမ်ရှေ့မှာ အသုဘကား ရုတ်တရက် စက်ရပ်သွားရောဗျာ။

ရှေ့က အသုဘကားစက်ရပ်သွားတော့ နောက်ကလိုက်ပို့တဲ့ကားတွေလည်း ကျော်တက်မဖြစ်ဘဲ တန်းစီရပ်နေရတာပေါ့။

အဲဒီမှာ အသုဘကားရပ်မိတဲ့ အနီးဆုံးတိုက်ခံအိမ်က အိမ်ရှင်ရယ်ဗျာ ... ဒေါသူပုန်ထပြီး ကြမ်းပါရော။

"ဟေ့ကောင် . . . ဒရိုင်ဘာ မင်း နားမလည်ဘူးလား။ ငါ့အိမ်ရှေ့မှာ ဘာလို့ အသုဘကားကိုရပ်ရတာလဲ။ ခုထွက်စမ်း . . . ထွက်လေကွာ . . . ငါနော်"

ဒီမှာ အိမ်ရှင်ကြီးရဲ့ မိန်းမ၊ ရွှေလက်ကောက် (၁၅)ကွင်းခန့်နဲ့ မိန်းမကြီးကလည်း ခါးထောက်ပြီး အဆဲမျိုးစုံနဲ့ ဆဲပါရော။

"ဟဲ့ . . . နင်တို့ လူကမွေးရင် လူလိုနားလည်ရမယ်ဟဲ့ လူလွန်မသား . . . အမျိုးယုတ်ကောင်တွေရဲ့ ဘုရား . . . ဘုရား . . . ငါ့အိမ်ရှေ့တည့်တည့်မှာ မသာကားကိုရပ်သတဲ့တော် နင်တို့ကို ရဲစခန်းတိုင်မယ်။ လမ်းလူကြီး ကိုသောင်းကို မြန်မြန်သွားခေါ်စမ်း"

"ရုတ်တရက် စက်ချို့ယွင်းသွားလို့ပါ . . . ဦးလေးရာ"

"ဟေ့ကောင် . . . စက်ပျက်တာတို့၊ ချို့ယွင်းတာတို့ ငါမသိဘူး။ ငါ့အိမ်ရှေ့မှာ အသုဘကားရပ်နေတာ နိမိတ်ဆိုးတယ်ကွ။ ဟေ့ . . . ကားပေါ်က ကောင်တွေ ကားကို ဆင်းတွန်းကြ၊ ဆင်းလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အသုဘလိုက်လို့တဲ့ လူအချို့ကရော . . . ကွယ်လွန်သူရဲ့ မိသားစု ကပါ ဒေါသူပုန်ထနေတဲ့ လူကြီးလင်မယားကို ဝိုင်းတောင်းပန် မေတ္တာရပ်ခံကြ သလို . . .

ကားဒရိုင်ဘာနှင့် အကူကလည်း ကားခေါင်းဖုံးဖွင့်ကြည့် . . .

စစ်ဆေး၊ ဟိုနှိုက် ဒီနှိုက်လုပ် . . .

"ဝရှုး . . . ဝရှုး"

"ဝရှုး . . . ဝရှုး . . . ဂျုတ် . . . ဂျုတ် . . . ဂျုတ် . . ."

"ဆင်းတွန်းကြလို့ပြောတာ နားမလည်ဘူးလားကွ၊ မင်းတို့ ပါးစပ်နဲ့ပြော မရရင် တွေ့ကြရောပေါ့ကွာ"

လူကြီး (ဦးကျောက်ပွားဟု ခေါ်ကြပါစို့ဗျာ)

ဦးကျောက်ပွားအိမ်ထဲပြေးဝင် ဝါးတုတ်တစ်ချောင်းဆွဲပြီး အသုဘ ကားမောင်းသူကို ရိုက်မလို့လုပ်တုန်း လမ်းလူကြီးအချို့ရောက်လာပြီး ဆွဲကြ၊ ဖျောင်းဖျကြ လုပ်ကြပါရော။

"မဆွဲနဲ့ . . . ထေိန်"

"မလုပ်ပါနဲ့ . . . ဦးကျောက်ပွားရယ်၊ အခန့်မသင့်လို့ စက်ချို့ယွင်းရတာ ပါ။ အိမ်ထဲဝင်ပါဗျာ"

"ဒါ မဖြစ်ကောင်းတဲ့ ကိစ္စလေဗျာ"

"ဝူး . . . ဝရော . . . ဝူး . . . ဝူး . . ."

"ဟော . . . ရပြီဟေ့ . . . ကောင်းသွားပြီ"

ဒီမှာ ဦးကျောက်ပွားက ကားစက်နှိုးမှ တစ်စခန်း ထပြန်ပါရော။

"မသာရှင် . . . ဘယ်သူလဲဟေ့ . . . ပြောစမ်း"

"ကျွန်မ . . . ကျွန်မပါ . . . ဦးရယ်"

"နင်တို့ ငါ့အိမ်ရှေ့ကို မင်္ဂလာမရှိအောင်လုပ်တာ နင်တို့ ငါ့အိမ်ရှေ့ကို သန့်စင်အောင်လုပ်ဖို့ ကန်တော့ပွဲပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပေး…ပေး…ပါမယ်ရှင် နက်ဖြန်လုပ်ပေးပါ့မယ်…ဦးရယ်"

"ဟေ့…ကားပေါ်တက်ကြ…တက်ကြ"

အသုဘကားစက်နှိုးပြီး သုသာန်သွားတဲ့ လမ်းကြောင်းအတိုင်း တရွေ့ရွေ့ တဖြည်းဖြည်း မောင်းလာလိုက်တယ်။

"သူ့သေမှာ ကြောက်လို့နေမှာပေါ့အေ"

"အဲဒီလူကြီး မြန်မြန်…"

"ဟဲ့…ဟဲ့…မပြောပါနဲ့ဟဲ့"

အိမ်ရှင်လူကြီး ကျေနပ်အောင် သေသူကိုရာဟုရဲ့မိန်းမ မသောင်းရှင့်က အုန်းပွဲတစ်ပွဲနဲ့ တောင်းပန်ပါတယ်။

ဦးကျောက်ပွားတို့လည်း မျက်နှာတင်းတင်းနဲ့ ကျေနပ်လိုက်ပါတယ်။ အိမ်နီးနားချင်း အချို့ကလည်း မြှောက်ပေးကြတာပေါ့။

"ဦးကျောက်လုပ်တာ မှန်တယ်တော့"

"ကျောက်ပဲဟာ လာစမ်းလို့ရမှာလား…ဟင်း"

"ဒါကလေ ကားမောင်းတဲ့ကောင်ကို ပါးတက်ရိုက်ချင်တာအေ"

"ပါးတက်ရိုက်ရင် ဇာတ်လမ်းတွေရှုပ်ကုန်မှာပေါ့…အစ်မကြီးရယ်"

"ဘုန်းကြီးငါးပါးပင့်ပြီး ဆွမ်းကျွေး တရားနာရမှာပဲ"

"ကျွန်မတို့ အိမ်နီးနားချင်းလည်း ဖိတ်ပါနော်…အစ်မ"

"အေးပါအေ"

"မုန့်ဟင်းခါးပဲလား…အစ်မ"

"ဒံပေါက်ကပ်ရင် ကောင်းမလားလို့"

"အဲဒါဆို…ဟိုလေ…အော်ဒါမှာမှာလားဟင်…မမ"

"ကိုယ်မှမချက်တတ်တာ အော်ဒါပဲ မှာရမှာပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ...ဒါ...ဆို...ဟို...ဟို...ဆိတ်သားနဲ့ပါ သုံးလေးပွဲ...မှာ...မှာလိုက်ပါလားဟင် မမ...ဟင်လို့"

"ကြက်သားဒံပေါက် အများစား ညည်းက ဘာလို့ ဆိတ်သားသီးသန့်မှာရတာတုံး...နီလာမြင့်ရဲ့"

"ကျွန်...ကျွန်မက ဆိတ်...ဆတ်...အဲလေ...ဆိတ်သားဒံပေါက် မစားရတာကြာလို့ပါ မမကြီးရဲ့...အဟီး"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

အန္တရာယ်ကင်းပရိတ်တရားနာ ဆွမ်းကျွေးပြီးနောက် တစ်ပတ်အကြာမှာ ဦးကျောက်ပွားမိန်းမ ဒေါ်ကြေးစည် မူးတယ်ဆိုပြီး သေပါရောဗျာ။ ဆွမ်းကျွေးတဲ့နေ့ကလည်း ဒံပေါက်ကို မနက်ရောညရော တစ်ဝကြီးစားတာဆိုပဲ။ ဆရာဝန်ကတော့ နလုံးရောဂါအပြင် ဦးနှောက်သွေးကြောပြတ်ပြီး ကွယ်လွန်တာလို့ မှတ်ချက်ပြုတယ်။

"မဟုတ်ဘူး . . . လုံးဝမဟုတ်ဘူး။ ဒါ ဟိုဘက်နစ်လမ်းကျော် အသုဘတုန်းက သင်းအသုဘကား ငါ့အိမ်ရှေ့မှာ ထိုးရပ်လို့ ဒီလိုဖြစ်ရတာ၊ ငါ့မိန်းမ သင်းတို့ကြောင့် အကောင်းကြီးကနေ ရုတ်တရက်သေရတာ၊ ငါ မကျေနပ်ဘူး။ လုံးဝမကျေနပ်ဘူးကွ ဟီး . . ."

အဲဒါသာ ကြည့်ဗျာ . . .

ဆရာဝန်က နလုံးရောဂါကြောင့် သွေးတိုးကြောင့်သေရတာပြောလည်း။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်ပွားက မယုံ။

ရာဟု အသုဘတင်ကား သူ့အိမ်ရှေ့မှာ ရပ်ထားလို့ နိုက်သွားတာ။ ဒီလို ပဲ စွပ်စွဲတယ်။ သက်ကြီးဝါကြီးများက . . .

"ကျောက်ပွား . . . မင်းမိန်းမ သေနေစေ့လို့ သေရတာ။ ဘယ်သူ့အပေါ် မှ အကုသိုလ်မများနဲ့။ ငါလည်း အချိန်မရွေး သေရမှာပါလားလို့ တရားနှလုံးသွင်း ပြီး နာရေးကိစ္စ ပြီးပြတ်အောင်လုပ်။ အဲဒါ ကုသိုလ်တစ်မျိုး ဖြစ်ရော"

ဆုံးမသည့်ကြားက ပြောသေးတယ်။

"ငါ့မိန်းမ ရက်လည်ပြီးရင် ရာဟုမိန်းမ သေတဲ့နေ့ဖြစ်ရမယ်"

ဟော . . . ဝဋ်လည်ပါရောဗျာ။

ကံကြမ္မာတစ်ပတ်လည်ပါရောဗျာ။

ဦးကျောက်ပွားမိန်းမ အသုဘချတဲ့နေ့ပေါ့ဗျာ။ တစ်ဆွေတစ်မျိုးလုံး ဟစ် ပြီး ငိုကြတာဗျ။

"အမလေး . . . အမေရဲ့သမီးတို့ ဘယ်သူနဲ့နေရမှာတုံး"

ကဲ . . . စဉ်းစား၊ အဖေကျန်နေဥစ္စာ အဖေနဲ့နေပေါ့။

ဒါမှမဟုတ် လင်ယူပြီး ကိုယ့်လင်နဲ့ အတူနေပေါ့။ ဘာခက်လို့လဲ၊

"အစ်မရေ . . . အစ်မရဲ့ အကောင်းကြီးကနေ ဖြစ်ရလေခြင်း အစ်မရဲ့ တစ်လကိုးသီတင်း အိပ်ရာထဲလဲပြီးမှ သေရင် ဖြေသာပါသေးရဲ့၊ ခုတော့ ကျွန်မတို့ ကို ပစ်သွားပြီပေါ့ ဟီး . . . ဟီး . . ."

ငိုကြွေးရည်ပြီး ဖွဲ့နွဲ့တဲ့ မိန်းမတွေဗျာ။

ဘုန်းကြီးပျံမှာ ယောဉ်ကျူးစားဖို့ ကောင်းတယ်။

ဒီလိုနဲ့ အသုဘချလာကြတယ်။ ထုံးစံအတိုင်း ဘုန်းကြီး (၁၀)ပါး ကား ရှေ့က . . .

ဦးကျောက်ပွားမိန်းမ အလောင်းတင် အသုဘကားက ဘုန်းကြီးကား နောက်က အသက် (၅၈)နှစ် ဒေါ်ကြေးစည်ရဲ့အသုကား။

အသုဘကားမှာ ရွှေထီးလေးလက်မိုးလို့။

ရဟန်းအစ်မကြီး၊ ကျောင်းအစ်မကြီးပေါ့။ ခန့်ပုံ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်ပွားက သူ့မိန်းမ အခေါင်းနားက မခွာဘူး။ အသုဘကားပေါ်မှာ မျက်ရည်စို့ရွှဲနဲ့ တရှုံ့ရှုံ့ငိုလို့။ အရမ်းချစ်တာကိုး။

မြင်ရသူတိုင်း မျက်ရည်စို့ချင်စရာပေါ့။

ကြေးစည်ရိုက်သံကလည်း အသုဘကားပေါ်မှာညံလို့။ နောက်မှာလည်း ကုသိုလ်တော်ဝတ်အဖွဲ့က အသံချဲ့စက်နဲ့ မရဏာနုဿတိ သံပေါက်လင်္ကာတွေ ရွတ်ပြီး ပါလာလေရဲ့။

ဒီလိုနဲ့ ကားတန်းကြီး ထွက်လာလိုက်တုန်း . . .

မမျှော်လင့်ဘဲ အသုဘတင်တဲ့ကားက ပိုက်ဆံရှိတဲ့ အိမ်ကြီးတစ်အိမ်ရှေ့ စက်ချို့ယွင်းပြီး ရပ်ပါရောဗျို့။

"ဟ . . . အောင်ရွှေရ . . . ကားကို လုပ်ပါဟ"

"ဘာဖြစ်လို့လဲ မသိဘူးဗျ . . . ခဏလေး"

ရှေ့က အသုဘကား ရုတ်တရက်ထိုးရပ်တော့ နောက်က အသုဘလိုက်ပို့တဲ့ကား အစီးနှစ်ဆယ်ကျော် လမ်းမှာ တန်းစီပြီး လမ်းပိတ်နေပါရော။

ဒီမှာပဲ တိုက်အိမ်ကြီးက ရွှေရောင်တဝင်းဝင်းနဲ့ ထောင်ထောင်မောင်း မောင်း မိန်းမကြီးနဲ့အတူ သားတွေသမီးတွေ တူ၊ တူမတွေ တစ်အုပ်ကြီးထွက်လာ ပြီး ကြမ်းပါရောဗျာ။

"ဟေ့ . . . မသာရှင် . . . ဘယ်သူတုံး"

"မသာရှင် . . . ဘယ်သူတုံးလို့ မေးနေတယ်လေ နားမပါဘူးလား"

"ကျုပ် . . . ကျုပ် . . . ပါဗျာ . . . အပေါင့် . . . အင့်"

"ကားပေါ်ကလူတွေ အကုန်ဆင်း"

"ဟင် . . . ဘာ . . . ဘာလို့လဲဟင် . . . အစ်မကြီး"

"ဟဲ့ . . . နင် မြန်မာလူမျိုး မဟုတ်ဘူးလား။ လူကြီးမဟုတ်ဘူးလား။ သူများအိမ်ရှေ့မှာ မသာကားကို ရပ်ထားရမလား။ ကျက်သရေကို မရှိဘူးဟဲ့။ ရပ်နာ လမ်းနာတယ်။ ခုချက်ချင်း နင်ကိုယ်တိုင် ဆင်းတွန်း"

"ဟို . . . ဟို . . . စက်ချို့ယွင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ . . . ကားပေါ်ကဆင်းတွန်းမလား၊ မတွန်းဘူးလား . . . ပြော . . . မတွန်းရင် အကုန်လုံးကို ရိုက်မယ်"

ရွှေလက်ကောက်မိန်းမကြီးရဲ့ သားချင်းအမျိုးတွေရော အိမ်နီးနားချင်များပါ တုတ်ဆွဲ၊ ဓားဆွဲ၊ အုတ်ခဲကျိုးနဲ့ ဝိုင်းထုမယ်လုပ်ရော . . .

ဦးကျောက်ပွား လန့်ဖြန့်ပြီး ကားပေါ်က ခုန်ဆင်း . . .

ကြေးစည်ရိုက်သူတွေ ခေါင်းထိန်းသူတွေ၊ လိုက်ပို့တဲ့လူတွေ ကားပေါ်က လူယောကျ်ားသားတွေပါ ဆင်းလာပြီး အသုဘကားကို ဝိုင်းတွန်းကြတယ်။

"တောက် . . . လေးလိုက်တာကွာ"

"ကျောက်ပွားမိန်းမ သေတာတောင် ငါတို့ကို ဒုက္ခပေးပါ့ကွာ"

"ကျောက်ပွား . . . ဝင်္ဂလည်တာဗျ။ ဟို ရာဟုဆိုတဲ့လူ သေတုန်းက သူ့အိမ်ရှေ့မှာ ဒါလိုမျိုးဖြစ်တော့ ကျောက်ပွားတို့လင်မယား ကျက်သရေ မရှိဘူးဆိုပြီး ဆဲရေးတိုင်းထွာခဲ့တာ အခု သူ့အလှည့်မှာဖြစ်တော့ ခံပေါ့"

"တွန်းဟေ့ . . . တွန်းဟ"

"ယောကျ်ားဘသား . . . တွန်းဟ"

"အပေါ်က မသာမကြီး ကိုယ်ဖော့ထားပါဗျို့"

"ကျား . . . ကျား . . ."

"ရွေ့လာပြီဟေ . . . တွန်း"

"တွန်း . . . တွန်း အဆင်းရောက်တော့မယ် အားစိုက်တွန်း"

"ဝု . . . ဝု . . . ဂရု . . . ဝု"

"ဝူး . . ."

"ဝရော ..ဟူး . . . ဟူး . . . ဝူး . . ."

"အမလေး . . . သေပါပြီဗျ"

"ဟော့ . . . ဟော့ . . . ကျောက်ပွားကြီး မှောက်လျက်လဲပဟ"

အသုဘကားက ကုန်းအဆင်းမှာ စက်ရှိန်ရပြီး စက်နှိုးလို့ ပြေးဆော့ထွက်ရော ကားတွန်းတဲ့လူတွေလည်း မှောက်ကျကုန်တာပေါ့။

မသာရှင်ဦးကျောက်ပွားရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



အရှိန်နဲ့ပါသွားရင်း မှောက်လျက်လဲလိုက်တာ နာခေါင်းရော ပါးစပ်ရော စုတ်ပြတ်ပြီး သွေးချင်းချင်း ရဲပါရော။

လူတွေက ဦးကျောက်ပွားကို ဝိုင်းပွေ့ထူကြတယ်။

တိုက်အိမ်ကြီးက ရွှေလက်ကောက်မိန်းမ ထောင်ထောင်မောင်းမောင်းကြီးက ဦးကျောက်ပွားအဖြစ်ကိုကြည့်ပြီး ကရုဏာသက်စွာ အော်ပြောလိုက်တယ်။

"သင်းပါ နှစ်လောင်းပြိုင်သကြိုဟ်ရင် ပိုကောင်းတယ်ဟေ့ . . . ငါ့အိမ်က လူတွေ အိမ်ရှေ့နေရာကို ရေဆေးပြီး တံရော်ကင်ပွန်း၊ နွားနို့နဲ့ ဆေးပစ်လိုက်"

အင်း . . . သူ့အလှည့် ကိုယ့်အလှည့် ရှိကြတာပဲဗျ။

နာရေးကိစ္စနဲ့ ပတ်သက်လာရင် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အတိမ်းအစောင်း အမှားအယွင်းကို လူတွေက ကြောက်ရွံ့စိုးရိမ်နေကြတာပဲ။

ဒီကိစ္စ အမြင်ရှင်းအောင် လုပ်ဖို့က အတော်ကို စည်းရုံးလုပ်ဆောင်ဖို့ ကြိုးစားရဦးမှာပဲ။

ဦးကျောက်ပွားတော့ သဘောပေါက်သွားပြီနဲ့ တူပါရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

နာရေးကိစ္စနဲ့ပတ်သက်ရင် အံ့စရာတစ်မျိုး ကြုံရဖူးတယ်။

တစ်ခါတော့ (........)ရပ်ကွက် လူတစ်ဦး ရန်ကုန်က အထူးကု ဆေးခန်းမှာ ဆေးကုသခံယူရင်း သေသွားတယ်။

သေတဲ့အချိန်က ညဥ့်(၁၀း၃၀)နာရီ။

သေသူရဲ့အမည်က ဦးဖိုးရှောင်တဲ့။ ပိုက်ဆံကလည်းရှိတယ်။ ဆွေမျိုးသဂ်ဟကလည်း တောင့်တင်းတယ်။ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေကလည်း သုံးလေးခုရှိတာကလား။

အဲဒါ ရန်ကုန် ရေဝေးသုသာန်မှာ မသင်္ဂြိုဟ်ချင်ကြဘူး။

ဆွေနဲ့မျိုးနဲ့ ကျကျနန (       ) သချိုင်းမှာ သင်္ဂြိုဟ်ချင်တယ်။

အဲဒါနဲ့ သေသူအလောင်းကို မိုးမလင်းခင် အိမ်အရောက်ပြီးပါရပ်ကွက်က မသိအောင် သယ်ယူလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲဝင်တော့ မငိုသေးဘူး။

အိမ်ပေါ်က ခုတင်ပေါ်မှာ နေရာချပြီးမှ ငိုကြပါရော။

ငိုသံကြားတော့ ဦးဖိုးရှောင်သေပြီဆိုတာ သိကြပြီး လာရောက်သတင်းမေးကြ။

"ဟဲ့ . . . မဆိုင် ကိုဖိုးရှောင် ရန်ကုန်က အထူးကုမှာ ဆေးရုံတင်ထားဆိုပဲဟဲ့"

"အမလေး . . . မစိုးကြည်ရယ် . . . ရန်ကုန် ( . . . . . . . . . )မှာ ငွေကုန်ကြေးကျခံပြီး ကုတာပါတော်။ မနေ့ကတော့ ဆရာဝန်က မရတော့ဘူး ပြန်သယ်ယူချင် ယူသွားဆိုလို့ ညတွင်းချင်း ကိုယ့်ကားနဲ့ကိုယ် ပြန်သယ်လာလိုက်တာလေ။ မိုးလင်းကာနီး အမောဖောက်လို့ အောက်ဆီဂျင်သွင်းတုန်းမှာပဲ အမလေး . . . ကိုဖိုးရှောင်ရဲ့ခုတော့ ကျွန်မတို့ကို ပစ်ထားခဲ့ပြီပေါ့ . . . ဟင် . . . ကျေးဇူးရှင်ကြီးရဲ့ ဟီး . . ."

သိတာပေါ့ဗျာ။

ရပ်ကွက်ထဲက လူတွေကလည်း အညံ့တွေမှ မဟုတ်တာ။

ဒါပေမင့် ခေတ်အမြင် ခေတ်အတွေးရှိကြတော့ နယ်ကျော်၊ ကျောင်းကျော်၊ မြို့ကျော်ယူလာတဲ့ မသာကိစ္စ၊ မသိချင်ယောင်ဆောင်နေကြပါတယ်။ သိပ်လည်း မယုံကြပါဘူးလေ။

ဟိုးတစ်ချိန်က နိုင်ငံကျော် ပုဂ္ဂိုလ်ကြီး နိုင်ငံခြားမှာ ကွယ်လွန်တော့ မြန်မာပြည်ကို လေယာဉ်ပျံနဲ့ ကောင်းကင်က သယ်လာသေးဥစ္စာ။ ဘာဖြစ်လို့တုံး ဖြစ်တာပေါ့။ အကြီးအကျယ် ဖြစ်ပြီးပါပကောလား။

ရှေးလူကြီးလူအိုများက စိုးရိမ်ကြတာပေါ့။

မြန်မာ့ဓလေ့ထုံးစံက မြို့ပေါ် ဆေးရုံမှာ ကွယ်လွန်ရင် ရွာထဲ အလောင်းမသွင်းရဘူး။ ရွာပြင်မှာ ဒါမှမဟုတ် သချိုင်းအနီးမှာ အလောင်းစင်ထိုးပြီး ခေါ်တင်ထားကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာပြင်မှာ မြွေကိုက်လို့သေသေ မိုးကြိုးပစ်ခံရလို့သေသေ ရွာပြင်မှာသေရင် ရွာထဲမသွင်းရဘူး။

ရွာနာမှာ စိုးလို့တဲ့။

လူသေမပြောနဲ့ ကျွဲနွားတောင် ရွာပြင်မှာ မြွေကိုက်မိုးကြိုးမှန်လို့ သေရင် ရွာထဲမသွင်းကြဘူး။ ရွာဓလေ့ပဲ။

မြို့ပေါ်ကျတော့ ခြွင်းချက်လေးထားပြီး လုပ်ကြတာရှိတယ်။ အခြားမြို့ ရွာမှာသေပြီး ကိုယ့်မြို့ကိုယ့်အိမ်ပြန်သယ်လာချင်ရင် . . .

မြို့တော်ရှင်ကို ကန်တော့ပွဲထိုးပြီး သယ်ခွင့်တောင်းကြတယ်။ မြို့ထဲ သွင်းခွင့်ပြုပါပေါ့။ အချို့နားလည်စွာ ဂရုစိုက်ပြီး လုပ်ဆောင်ကြတယ်။

သေသူရဲ့ ဝိညာဉ်လည်း မြို့ဝင် ရပ်ဝင်ခွင့်ပြုပါလို့ ပြောကြတဲ့ ဓလေ့ရှိတယ်။

အချို့လူကြီး ရှေးရိုးဝါဒီအချို့ဆို ရပ်မိရပ်ဖ၊ ရပ်စောင့်နတ်များအတွက် ပွဲတစ်ပွဲပေးပြီး ရပ်စောင့်နတ်နဲ့ ရပ်မိရပ်ဖများထံ အပ်ရပြောရတာမျိုး လုပ်ကြတယ်။

ရပ်မနာအောင် ကာယကံရှင် အိမ်ရှင်မိသားစုလည်း မနာရအောင် လုပ်တာတဲ့။ ရှေးမြန်မာ့ယဉ်ကျေးမှု ဓလေ့လေးပါ။ အမြင်သန့်ရှင်းတာပေါ့။ စိတ်သံသယ ကင်းတာပေါ့။

သို့သော် . . .

မြို့ပေါ်မှာ အဲဒါမျိုးလုပ်ခဲတယ်။ လုပ်လေ့သိပ်မရှိကြဘူး။ စတီလောက်ပဲ လူသေသယ်လာရင် မြို့ဝင်ကာနီးကျရင် မြို့တော်ရှင် ရွာတော်ရှင်တို့ ကျွန်တော်တို့၊ ကျွန်မတို့ရဲ့ ( . . . . . . . . )ကို မြို့ထဲရပ်ထဲ သယ်ခွင့်ပြုပါ။ ( . . . . . . . )ရဲ့ ကွယ်လွန်သူ ဝိညာဉ်ကိုလည်း မြို့ဝင်ရပ်ဝင်ခွင့်ပြုပါလို့ ပါးစပ်ကပြောတာမျိုးပဲ လုပ်သူလုပ်ကြတယ်။ ပွဲတွေပါတွေ မထိုးတော့ဘူး။

ခေတ်စနစ်က ပြောင်းသွားတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ် အယူအဆတွေလည်း ပြောင်းလာတာပေါ့။

ပယ်လို့ရတာပယ်ကြတာ အလွယ်ပါပဲလေ။

တိုက်ဆိုင်ပုံများဗျာ . . . ဦးဖိုးရှောင် ရက်လည်ပြီးနောက်နေ့မှာ ဦးဖိုးရှောင်တို့လမ်းထဲ သုံးယောက်ဆက်တိုက်သေသွားတာကို မြင်လိုက်ရတယ်။

ရှေးလူကြီးတွေကတော့ ရှေးရိုးအယူအဆနဲ့တွေးပြီး စိတ်မကောင်းကြဘူးပေါ့လေ။

ခေတ်ရဲ့သဘော၊ တရားသဘောလေး နားလည်သူများကတော့ သေချိန်တန်လို့ သေရတာ။ သေနေ့စေ့လို့ သေကြရတာ။ ဖြစ်ပြီးရင် ပျက်ပဲ။ ဘာတွေ ညာတွေတွေးပြီး သောကများမနေကြတဲ့။

တစ်ခါဗျား . . .

( . . . . . . . . . . . . . )ရွာကြီးမှာဗျ လူရွယ်တစ်ယောက် မြွေကိုက်သေသွားတာ အဲဒါ သင်္ဂြိုဟ်တဲ့နေ့ သချိုင်းကုန်းမှာ အချင်းချင်း နောက်ပြောင်ပြီး ပြောကြတာဗျ။

"ကြိုင် . . . သူငယ်ချင်း မင်း အချစ်ဆုံးသူငယ်ချင်း မောင်ဖေတိုးကိုပါ ခေါ်သွား . . . သူငယ်ချင်းရေ"

"ဟဲ့ . . . ဟဲ့ . . . ကောင်လေးတွေ မပြောကောင်းဘူးဟဲ့ . . . ဖွ . . . ဖွ . . ."

"သူတို့က သောက်ဖော်သောက်ဖက်ဗျ"

"အဲဒါဆို နင်လိုက်သွားပါလား . . . ငထွေးရဲ့"

"မောင်ဖေတို့ လိုက်သွားပြီးရင် ကျုပ်လည်း လိုက်မှာပဲ"

"အမလေး . . . ဖွ . . . ဖွ . . . ဖွ . . . ဘုရား . . . ဘုရား"

ကြိုင်လည်း ရက်လည်ပြီးရော ကြိုင်ရဲ့သူငယ်ချင်း မောင်ဖေတိုးနဲ့ ငထွေးတို့ ညဘက်ကွင်းထဲ အရက်သောက်ပြီး ဖားထွက်ရိုက်တာ။

နှစ်ယောက်စလုံး မြွေကိုက်ပြီး သေပါရောဗျာ။

ဆေးရုံကို အမြန်ပို့ပေးမင့် ဆေးမမီတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံပေါ်မှာ ကယောင်ကတမ်း ပြောကြသေးတယ်။

"ကြေချိုင်ရေ...ငါတို့လာပြီ ဟေ့..."

"ဟေ့ကောင်...ကြေချိုင်...ငါပါကွ...မှတ်မိလား"

အဲလို ကယောင်ကတမ်းပြောပြီး သေသွားတာပဲ။ နာမှုကိစ္စမှာ အပြုအမူ တင်မကဘူး၊ အပြောအဆိုလည်း ဆင်ခြင်ရတယ်လို့ လူကြီးသူမများက တဖွဖွ ပြောခဲ့ကြပေါ့ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

နောက်ဖြစ်ရပ်တစ်ခုကလည်း ဂမ္ဘီရဆန်သားကလားဗျာ။

ဖြစ်သွားတာ မကြာသေးဘူးဗျ။

ကာယကံရှင်နာမည်က ကိုဖျိုင်းရှည်တဲ့။

ကိုဖျိုင်းရှည်က ကျေးရွာဥက္ကဋ္ဌခင်ဗျ။ ကိုယ်စားလှယ်လောင်း (၆)ဦး ပြိုင်တာမှာ ကိုဖျိုင်းရှည်က မဲပိုများလို့ ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သွားတာလေ။

လူက ပညာအခြေခံလည်းရှိတယ်၊ စာလည်း စုံအောင်ဖတ်တော့ မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေး နဲ့နဲ့စပ်စပ်သိတယ်။ အပြောအပြောလေးကလည်း ကောင်းတယ်ဗျ။

( ... ... ... ) ရွာကြီးကလည်း ကိုဖျိုင်းရှည်ကျေးရွာဥက္ကဋ္ဌ ဖြစ်သွားတာကို နှစ်သက်ကျေနပ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖျိုင်းရှည်မှာ ကွန်ဒေါင်းတစ်စီး ရှိတယ်။ ဆိုင်ကယ်သုံးစီး ရှိတယ်။ လယ်ပိုင်ယာပိုင်လည်း ရှိတယ်။

ပြီး . . . သူ့မိန်းမက ( . . . . . . . . . )မှာ မူလတန်းပြကျောင်းဆရာမလေ ဗျာ။ ရွာမျက်နှာဖုံးထဲ ပါတာပေါ့။

ကိုဖျိုင်းရှည်ဟာ ဉက္ကဋ္ဌစဖြစ်ဖြစ်ချင်းမှာပဲ မှတ်မှတ်သားသား အလုပ်တစ်ခု လုပ်ဖို့ ရွာမိရွာဖလူကြီးများနဲ့ လုပ်ဖော်ကိုင်ဖက်များ အသိမိတ်ဆွေများကို အသိပေး လိုက်တယ်၊

ရွှေတစ်ဆစ် သင်္ချိုင်းရဲ့ အဝင်လမ်းမကြီးကို သူ ပြုပြင်မယ်။ ဟုတ်ပဲ့ဗျာ ရွှေတစ်ဆစ်သင်္ချိုင်းက ရွာနီးချုပ်စပ်က ကွယ်လွန်သူများ၊ မြို့ပေါ်ရပ်ကွက်အချို့က ကွယ်လွန်သူများ။ ရွာနဲ့ဆက်စပ်နေတဲ့ မြို့ရပ်ကွက်က ကွယ်လွန်သူများလည်း ဒီ ရွှေတစ်ဆစ်သင်္ချိုင်းမှာပဲ လာမြုပ်နေကြတာကိုး။

သင်္ချိုင်းရဲ့ဧရိယာအကျယ်အဝန်းကလည်း အကျယ်ကြီး။

ရှေးသင်္ချိုင်းကြီးဆိုတာ သက်တမ်းရင်းကုက္ကိုပင်ကြီးတွေက အလွန်ကြီးမား တဲ့ အုတ်ဂူကြီးတွေပေါ်မှာ အုပ်မိုးကိုင်းကျနေပုံဟာ သာယာညလိုလိုနဲ့ လွမ်းစရာ ပေါ့ဗျာ။

ပိုက်ဆံရှိတဲ့သူတွေရဲ့ အုတ်ဂူကြီးတွေများနယ် လက်ခုပ်တစ်ဖောင်မြင့် တာဗျား။

ဂူထုကလည်း အထူကြီးပဲ။ ဂူပေါ်မှာ လူငါးဦး ဖဲထိုင်ရိုက်လို့ရတယ်။ တန်းစီ အိပ်လို့ရအောင်လည်း ကျယ်ပဲ့။

သင့်ရုံမျှ . . . တတ်နိုင်သူတွေရဲ့ အုတ်ဂူလေးတွေ၊ အမှတ်တရ အရိုးအိုး ကျောက်တိုင်လေးတွေကလည်း တန်းစီနေတာပဲ။

စနစ်တကျ လုပ်ပေးထားလို့ ထင်ပါရဲ့ဗျာ။

ဂူကြီးဆို အုတ်ဂူကြီးတန်း။



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဂူအသေးဆို အုတ်ဂူအသေးအတန်း။

ဆင်းရဲသူဆင်းရဲသား သေသူများကတော့ မြေပုံမို့မို့ပေါ်မှာ မှတ်တိုင်လေးတွေ စိုက်လို့ပေါ့။

မြေပုံလေးတွေ မို့မို့လျှားလျှား တန်းစီနေရှိနေပုံက မင်္ဂလာဒုံစစ်သင်္ချိုင်းကို အတုယူလုပ်ထားသလိုပဲ။

သင်္ချိုင်းရဲ မြောက်ဘက်မှာ ဆင်းရဲသားအိမ်ငယ်လေးတွေရှိပြီး မလှမ်းမကမ်းမှာ ကျောက်ရေတွင်းတစ်ခုရှိတယ်။

ရေတွင်းမှာ ရွာသူတွေ ရေခပ်ရေသယ် လုပ်နေကြဗျ။

ခက်တာက သင်္ချိုင်းအဝင်လမ်းပဲလေဗျာ။

ရွာအဝင်လမ်းမကြီးကနေ ရွှေတစ်ဆစ် သင်္ချိုင်းဝင်သည့်လမ်းက မိုးရာသီဆိုရင် ကျွဲနွားတွေပါ အသွားအလာရှိလို့ ဗွက်ထနေတတ်တယ်။

အဲဒါ နိဗ္ဗာန်ယာဉ် ဝင်ရခက်ကရော။ ခေါင်းကိုထုတ်ပြီး ပေနှစ်ရာခန့်ကို ပခုံးနဲ့ ထမ်းသွားရတယ်။

ရွာကျတော့ ခုတင်ပေါ် ခေါင်းတင်ကြိုးနဲ့ ခေါင်းကိုဆိုင်းပြီး ဗွက်လမ်းတစ်လျှောက် လူအင်အားနဲ့ ထမ်းချကြရတာ မိုးတွင်းများ ဗွက်ထပြီး ချော်ကြ လဲကြပါဗျာ။

ပိုဆိုးတာက အလောင်းကို သင်္ချိုင်းထဲရောက်ရင် ကစားတယ်ဆိုပြီး အလောင်းတင်ခုတင်ကို ဟိုဆွဲဒီတွန်း လှည့်ပတ်ဆော့တဲ့ ကိစ္စပဲဗျ။

စဉ်းစားကြည့်စမ်းပါဗျာ ...

လူသေအလောင်း (ခေါင်း)ပါ ခုတင်ကို ကစားကြတာမှ အချိုးများ ခုတင်တစ်စစီကို ဖြစ်သွားပြီး ခေါင်းလည်း မြေကြီးပေါ် ပြုတ်ကျပွင့်ထွက်။

ပုပ်ပွစပြုနေတဲ့ အလောင်းကြီးက မြင်မကောင်းရှုမကောင်းထွက်ကျ။



www.burmeseclassic.com

www.burmeseclassic.com



သေသူရဲ့လင်၊ မယား၊ သားသမီးတွေက ချုံးပွဲချငို။ အချို့ . . . ဒေါသဖြစ်ပြီး ခုတ်ပွဲရိုက်ပွဲဖြစ်ပြီး ဂါတ်ကိုရောက်။

တစ်ခါဖြစ်ပြီးပါရောလား။

ဒေါ်ကြုံတိုင်းဆိုတဲ့ မိန်းမကြီးသေတုန်းက သချိုင်းကုန်းမှာ ကာလသားတွေရော၊ ဒေါ်ကြုံတိုင်းရဲ့ မြေးသားတူသားအမျိုးတွေရော ဒေါ်ကြုံတိုင်း အလောင်းတင် ခုတင်ကို (ဝေး)လို့အော်ပြီး ချာလည်လှည့်ကြ တွန်းကြ၊

"ဟဲ့ . . . ဟဲ့ . . . မလုပ်ကြပါနဲ့"

"ခေါင်းပြုတ်ကျမယ်ဟဲ့၊ ရပ်ကြပါ . . . ရပ်ကြပါ"

"ဝေး . . . ဝေး"

"ဟေး . . . ဟေး"

ပါးစပ်ကလည်း တိုင်ပင်ရေးစပ်ထားတဲ့ သံချပ်တွေကိုထိုးရင်း အလောင်းကို ရှေ့တွန်းနောက်ဆွဲကစားကြတာ။

"ဒေါ်ကြုံတိုင်းကြီး ဒီနေ့သေ . . ."

"မနက်ဖြန်ဆို နတ်ပြည်ရောက်ပဟေ့"

"ဝေး . . . ဟေး ဟေး . . . ဝေး . . . ဟေး ဟေး"

"ဖွားကြုံတိုင်းကြီး ပျော်ဖို့ရာ"

"အလောင်းကိုသာ ရျော့ကြ၊ ဆော့ကြ"

"ဒေါ်ကြုံတိုင်းကြီး ပြန်ရှင်ရင်"

"အမေ့လင်တွေ . . . ဗိုင်းကန်တော့ကြ"

"ဝေး . . ."

"တွန်းဟ . . . ကျား ကျား . . ."

"တောင့်ထား . . . ဘာတဲ့တုံး . . . အောင်မောင်း"

"ဝေ . . . ကျား ကျား"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဘသား"

"ဖြောင်း"

"ဒုန်း . . . ဖြောင်း . . . ဂျွတ်"

"အမလေး . . . ခုတင်ကြီး တစ်စစီ ဖြစ်သွားပါပြီတော့"

"အမေ . . . အမေ . . . အမယ်လေး . . . သေတာတောင် အဖြစ်ဆိုးလှချည်လား . . . အမေရဲ့ . . . ဟီး"

ခုတင်က တစ်စစီ ပြုတ်ထွက်။

ခေါင်းက သချိုင်းမြေပေါ်ပြုတ်ကျပြီး သေသူဖွားကြဲ့တိုင်းက မျက်လုံးကြီးပြူးပြီး လျှာတန်းလန်း။

အဲဒါ မခံမရပ်နိုင်သူ ဆွေမျိုးများက မူးရူးသောက်စားပြီး အလောင်းခုတင်ရော၊ ခေါင်းပါ ပျက်စီးအောင်ဆော့ကြတဲ့ အဘွားကြီးရဲ့ မြေး၊ တူ၊ အပေါင်းအသင်းအုပ်စုကို တွေ့ရာပစ္စည်းနဲ့ ဝိုင်းရိုက်ကြတာ။

သင်းတို့ကလည်း ပြန်ချတယ်ဗျာ။

ဘယ်ရမှာတုံးဗျာ သေသူ ဒေါ်ကြဲ့တိုင်းရဲ့ အမျိုးအုပ်စုကလည်း မနည်းဘူး။ အိမ်နီးနားချင်း လိုက်ပို့သူများကလည်း သင်းတို့အုပ်စုကို ကြည့်မရ၊ တားမရတော့ . . .

အားလုံးဝင်ပြီး သမလိုက်တာ . . .

ခေါင်းပေါက်ထိပ်ကွဲ၊ လက်ကျိုး၊ နားရွက်ပဲ့ပြီး ဆေးခန်းကို ပို့ရတဲ့ အခြေအနေဘဝ ရောက်သွားရော။

ပြဿနာက ကျိုးသွားတဲ့ အလောင်းခုတင်ကိစ္စ။

ဒီ နာရေးကူတင်က ဦးဇင်းအောင်စိန်ကျောင်းက ခုတင်။ မည်သူသေသေ ခေါင်းတင်ဖို့လိုရင် ဒီကူတင်ပဲ သုံးရတာ။



www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့မပို့ဘူး။ ထမ်းပိုမယ်ဆိုလည်း ဒီခုတင်ပဲ သုံးရတာ။ ပန်းလိပ်ပိတ်ဇာကအစ ဦးဇင်းအောင်စိန်ကျောင်းကပဲ ငှားသုံးရတာဗျာ။

အခု ခုတင်လည်း တစ်စစီဖြစ်သွားပြီ။

လိုက်ကာဇာတွေလည်း စုတ်ပြဲကုန်ပြီ။

ဒီသတင်းက မကြာချက်ချင်း ဦးဇင်းအောင်စိန်ထံရောက်သွားရော ဦးဇင်းအောင်စိန် ထားဝယ်ကြိမ်လုံးနဲ့ အသုဘအိမ်ရောက်ချလာတယ်။

"ငါ့ကျောင်းက နာရေးကုတင်ဖျက်တဲ့ကောင်တွေ အားလုံးရှေ့ထွက်"

ဦးဇင်းအောင်စိန်တော့ တစ်ရပ်တစ်ရွာလုံး ကြောက်ကြရတော့ ဟိုမသာလူကြမ်း(၁၀)ယောက် မျက်နှာငယ်ဒဏ်ရာတွေနဲ့ ရှေ့ထွက်ရပ်ကြရတယ်။

"မင်းတို့လား"

"မှန်ပါဘုရား"

"မသာကို ဒီလိုဆော့ရကစားရတယ်လို့ မင်းတို့ကို ဘယ်အမေ့လင်က ပြောတုံး ပြော"

အသံတိတ်နေကြတယ်။ ဘယ်သူမှ မပြောကြဘူး။

"ဟိုကောင် ... ပြောစမ်း"

"မ ... မ ... သိပါဘုရား"

"ဒီကောင်ရော"

"မ ... မသိပါ ဘုရား"

"ဟိုကောင်တွေရောဟေ့"

"မသိပါ ဘုရား"

"သမိုင်းမရှိ၊ ရာဇဝင်မရှိ၊ အစဉ်အလာမရှိ၊ ရိုးရာမရှိဘဲ မင်းတို့ဟာ ကိုယ်ထင်ကျမှ မဟုတ်ဟုတ်က နည်းသစ်တိုးပြီး ကမြင်းကြောထလို့ ငါ့ကျောင်းက နာရေး



www.burmeseclassic.com

www.burmeseclassic.com



ခုတင်လည်းကျိုး၊ ဇာပိတ်စတွေလည်း စုတ်ပြဲ၊ သေသူလည်း သချိုင်းကုန်း လူအများ ရှေ့မှာ မြင်လို့ရှုလို့ တင်တယ်ရဲ့လား။ ကာယကံရှင်တွေလည်း အချုပ်ထဲ မဝင်ရ ရုံတမည် ရှိတော့တယ်။ ငါမေးမယ် မှန်မှန်ဖြေမှာလား"

"မှန်ပါ ဘုရား"

"မင်းတို့အားလုံးမှာ အပြစ်ရှိလား မရှိဘူးလား"

အားလုံး အသံမထွက်ကြဘူး။

ဦးဇင်းအောင်စိန်က အားလုံးရဲ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး . . .

"အ.နေလား . . . ပါးစပ် မပါဘူးလားကွ ဟေ"

"ရှိ . . . ဘုရား"

"ဟိုကောင် . . . ခင်ရွှေ"

"ရှိပါ ဘုရား"

"ကျော်ဝင်၊ စိန်မောင်း၊ လှမောင်၊ ငခွေး . . ."

"အပြစ်ရှိပါတယ် . . . ဘုရား"

"သေချာတယ်နော်"

"မှန်ပါ ဘုရား"

"ခု သေသူက မင်းတို့နဲ့ ဘာတော်စပ်သတုံး"

"အဘွားပါ ဘုရား"

"အဘွားရဲ့အလောင်းကို ဒီလိုလုပ်တာ မှန်သလား"

"မှားပါတယ် ဘုရား"

"ကျိန်းသေမှားတာလား"

"မှန်ပါ ဘုရား"

"မှားမှန်း၊ အပြစ်ရှိမှန်း သိရင် ဟိုဘက်ကိုလှည့်"



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ကာလသားကြီးများ၊ ကလေးအဖေ လူသွမ်းများကို တစ်ယောက် ကြိမ်ငါးချက်စီ ဆော်ပစ်လိုက်တယ်။

ဦးဇင်းအောင်စိန်တော့ သင်းတို့မပြောနဲ့ ရွာထဲက ရှာနီးချုပ်စပ်က လူမိုက်တွေတောင် ဖိန့်ဖိန့်တုန်အောင်ကြောက်ရွံ့လေးစားကြတာ။

အားလုံးကို ငါးချက်စီ ဖျင်းလိုက်တာ။ ကော့နေတာပဲ။

"နောင် အသုဘတွေကျရင် ဒါမျိုးလုပ်ဦးမလား"

"မလုပ်တော့ပါဘူး ဘုရား"

"အေး . . . လုပ်ရင်လည်း ငါ့ကြိမ်လုံးစာနဲ့ နစ်ပါးသွားရမှာပဲ၊ ဒါ ငါတို့မြန်မာရိုးရာဓလေ့ မဟုတ်ဘူး။ ဟို အခြားနိုင်ငံမှာတော့ အသုဘချတုန်း သေနတ်ဖောက်၊ မင်္ဂလာဆောင်လည်း သေနတ်ဖောက်၊ အချို့လူမျိုးကျ ရင်ထုငိုရ၊ ခွေးဖြစ်ပါပြီဆိုပြီး ကျန်ရစ်သူက ခွေးလိုအူပြီး လေးဘက်သွားကြရတယ်။ ငါတို့ မြန်မာလူမျိုးရဲ့ နာမှုဓလေ့မှာ ဒါမျိုးမရှိဘူး။ မလုပ်ရဘူး။ သေတာကို မပျော်ရဘူး။ မတင့်တယ်ဘူး။ သေတာကိုကြည့်ပြီး ငါလည်း သူ့လို တစ်နေ့သေရဦးမှာပါလားဆိုတဲ့ အသိတရား၊ ဉာဏ်တရားထားပြီး အသုဘ မတင့်တယ်သော နာမှုကိစ္စကို သုဘတင့်တယ်အောင် အကျိုးရှိအောင် လုပ်ရတယ် နားလည်ကြရဲ့လား"

"မှန်ပါ ဘုရား"

"ဖွားကြိုင်ယောက်ျား"

"ဘုရား . . . ဦးဇင်း"

"ခုတင်တစ်လုံး ကြည့်လုပ်"

"မှန်ပါ . . . ဘုရား။ နက်ဖြန် လက်သမားနဲ့ စီစဉ်ပြီး ကျောင်းကိုအပ်ပေးပါ့မယ် ဘုရား"

အဲဒါမျိုးတွေလည်း ကြုံခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုအစစ်ကို မယဉ်ကျေးမှုဖြစ်အောင် လုပ်နေကြတယ်။ မယောင်ရာဆီလူး လုပ်နေကြတယ်။

ဒါ ရွာခလေ့လည်း မဟုတ်ဘူး။

ရပ်ခလေ့လည်း မဟုတ်ဘူး။

မြန်မာ့ရိုးရာ နာမှုခလေ့လည်း မဟုတ်ဘူး။

ငမူ၊ ငရူးတွေ သောင်းကျန်းတဲ့ အလုပ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

စောစောတုန်းက ကျေးရွာဥက္ကဋ္ဌအသစ် ဦးဖျိုးရှည်က သချိုင်းအဝင်
လမ်း ပေနှစ်ရာခန့်အရှည်ကို ဂဝံအုတ်ခင်းလမ်းလေး တောင့်တောင့်တင်းတင်း
လုပ်ချင်တယ်။

ဒီမှာ အချို့လူကြီးတွေက ကန့်ကွက်ပါရောဗျာ။

"မောင်ဖျိုးရှည်"

"ဗျာ . . . ဘကြီးအုန်း"

"မင်း ရွှေတဆစ်သချိုင်း အဝင်လမ်းမကြီးကို ဂဝံကျောက်ခင်းလမ်း ...
မလို့ဆို"

"ဟုတ်တယ် ဘကြီးရ။ သချိုင်းအဝင်လမ်းက မိုးရာသီရောက်ရင် ဗွက်
ထပြီး လဲကျချော်ကျ သွားရခက်ဟယ်ဗျ။ နွေဆိုရင်လည်း ဖုန်ထောင်းထောင်း...



www.burmeseclassic.com

www.burmeseclassic.com



အသုဘလိုက်ပို့သူတွေ ဖုန်တွေ ရှူနေကြရလို့ ဂဝံကျောက်ခင်းလမ်း လုပ်ပေး မလို့ဗျာ။

"မောင်ဖျိုင်းရှည် . . . မလုပ်ကောင်းဘူး မလုပ်ပါနဲ့"

"ဗျာ . . . မလုပ်ကောင်းဘူး . . . ဟုတ်လား"

"ရှေးထုံးစံက သချိုင်းအဝင်လမ်းကို သာသာယာယာဖြစ်အောင် မလုပ်ပေးကြဘူး"

"ဘာလို့ . . ."

"လမ်းကောင်းရင် မကြာမကြာ သေသူတွေ လာကြမှာမို့လို့တဲ့"

"ဘကြီး . . ."

"အေး . . . ပြော"

"သချိုင်းအဝင်လမ်း ခုလိုမကောင်းတော့ရော သေသူတွေ မလာဘဲ နေလို့လားဗျာ ဟင်။ အသေစိပ်တာ၊ အသေကျဲတာက သူ့အကြောင်းနဲ့ သူပါ ဘကြီးရာ"

ဒီမှာ အခြား သက်ကြီးနှစ်ဦးကလည်း ဝင်ပြောတယ်။

"မောင်ဖျိုင်းရှည်ရဲ့နိမိတ်လို့ခေါ်တာပေါ့ကွယ်။ ရှင်လမ်းကောင်းရင်လည်း အသွားများကြတာပဲ။ သေလမ်းကောင်းသွားရင် လူသေ များများလာလိမ့်မယ်လို့ ရှေးရှေးလူကြီးများ ပြောတာလည်း ရှိတယ်ကွယ့်"

"ရှိသေးဟ . . . မောင်ဖျိုင်းရ"

"ပြောပါဦး ဦးကုလားကြီးရ"

"သချိုင်းအဝင်လမ်းကို လမ်းကောင်းအောင်ပြင်ရင် ပြင်တဲ့လူ နိက်တာ များတယ်တဲ့"

"ဘယ်သူပြောတာတုံးဗျာ"

"ရှေးစကားပဲကွယ်။ စဉ်းစားပြီးလုပ်ပါ . . . မောင်ဖျိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော် ဂဝံကျောက်တွေဝယ်ပြီး ကုသိုလ်ဖြစ်ခင်းမှာပါ . . . ဘကြီးတို့ရာ။ လမ်းမှန်ရင် သေတဲ့လူသွားတဲ့လမ်း၊ အသုဘချတဲ့လမ်းရော၊ ရှင်နေတဲ့လူတွေသွားတဲ့လမ်းပါ ခလုတ်ကျင်းချိုင့်မရှိဘဲ ချောမွေ့ဖြောင့်စင်းနေနေရင် ကောင်းတာပဲဥစ္စာ လမ်းခင်းလမ်းလုပ်တာ အပြစ်ရှိလားဗျာ"

"သင်္ချိုင်းအဝင်လမ်းကိုပြောနေတာ . . . ဖျိုင်းရ ခက်ပါ့ကွာ"

"ခိုက်ခိုက်သေသေဗျာ . . . ကျွန်တော့်လက်ထက်မှာတော့ သင်္ချိုင်းအဝင်လမ်းကို နွေမိုးဆောင်းသွားလို့ကောင်းအောင် လုပ်ရမှာပဲ။ အဲဒါလုပ်လို့ ကျွန်တော်သေချင်လည်း သေပါစေဗျာ"

"မင်းသဘောပဲ . . . မောင်ရာ။ မင်းက ရပ်ကွက်လူကြီးပဲဥစ္စာ လုပ်ပေါ့"

တကယ်လည်း ကိုဖျိုင်းရှည် လက်တွေ့အကောင်အထည်ဖော်ခဲ့တယ်။ ကျောက်တင်ကားကြီးတွေနဲ့ ဂဝံကျောက်နဲ့ ကျောက်ရင့်တွေကို ဝယ်ပြီး လမ်းခင်းလုပ်သားအုပ်စုနဲ့ သင်္ချိုင်းအဝင်လမ်းကို စ,လုပ်ခဲ့တယ်။

အချို့ကလည်း ဒီလိုလုပ်လို့ အပြစ်ပြောကြတယ်။

ဖျိုင်းရှည် သက်ဆိုးရှည်မှာ မဟုတ်ဘူးတဲ့။

အချို့ ခေတ်လူငယ်လူရွယ်များနှင့် နာရေးကူညီမှုအသင်းက လူတွေကတော့ ဖျိုင်းရှည်လုပ်တာ လုပ်သင့်တဲ့အလုပ်ပဲတဲ့။ ချီးကျူးကြတယ်။

ဖျိုင်းရှည် အရမ်းကာရော မလုပ်ပါဘူး။

ဒီသင်္ချိုင်း အဝင်လမ်းမလုပ်ခင်မှာ ရွာဦးကျောင်းက ဦးဇင်းအောင်စိန်ကို အလျှင်လျှောက်မေးပြီးမှ လုပ်တာပါ။

"လမ်းပြင်မလို့ ဘုရား"

"ဘယ်လမ်းတုံး"

"ရွှေတစ်ဆုပ်သင်္ချိုင်း အဝင်လမ်းပါဘုရား။ မိုးမှာဗွက်၊ နွေမှာဖုံ။ ဆောင်းမှာ ကျင်းခလုတ်တွေဖြစ်နေလို့ပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်လေကွာ"

"ရွာထဲက လူကြီးအချို့က သင်္ချိုင်းအဝင်လမ်းကို မပြင်ကောင်းဘူး၊ ပြင်ရင် အသစ်လုပ်ရင် လုပ်တဲ့လူနိုက်တယ်လို့ ပြောနေတယ်ဘုရား။ အဲဒါ ဟုတ်ပါ့သလား ဘုရား"

"မောင်ဖျိုင်း..."

"ဘုရား..."

"လမ်းပြင်တာ ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့အလုပ်လား"

"ကောင်းတဲ့အလုပ်လို့ မြင်ပါတယ် ဘုရား"

"လူသွားလမ်းတဲ့၊ ဘုရားသွားလမ်းတဲ့၊ သင်္ချိုင်းသွားလမ်းတဲ့၊ နတ်လမ်း ဘယ်လိုလမ်းမျိုးကိုလုပ်လုပ် လုပ်တဲ့လူရဲ့စေတနာမှန်ရင် ကုသိုလ်ရတာပဲ။ အများအတွက်လည်း အကျိုးရှိတာပဲ။ သိကြားမင်း ဦးမာဃလည်း လမ်းမျိုးစုံလုပ်ပြီး သေတော့ သိကြားမင်းဖြစ်သွားခဲ့တယ်၊ ဘယ်လမ်းဖြစ်ဖြစ် ကျင်းချိုင့်ဆူးခြောင့်မရှိအောင် သွားလာလို့ကောင်းအောင်လုပ်ရင် ဒါ ကုသိုလ်ပဲ။ ဒါကို မလုပ်ပါနဲ့လို့ တားရင် အကုသိုလ်ပဲ နားလည်လား"

"မှန်ပါ ဘုရား"

"သွား...လုပ်စရာရှိတာလုပ်၊ ဒါ အများကောင်းကျိုး"

ဒါကြောင့် ရဲရဲလုပ်ပါတယ်။ ယုံယုံကြည်ကြည် လုပ်ပါတယ်။ သေပြီးရင် သိကြားမင်းဦးမာဃနေရာကို လိုချင်လို့ မဟုတ်ပါဘူး။

နာရေးကိစ္စများ ချောချောမွေ့မွေ့ ကားရော၊ လူရော ဝင်လို့ထွက်လို့ ကောင်းပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ။

တစ်ပတ်ပဲ ကြာလိုက်တယ်။

ကားနှစ်စီးရှောင်လို့ရတဲ့ ဂဝံကျောက်ချောလမ်း ရွှေတစ်ဆုပ်သင်္ချိုင်းအဝင်မှာ တင့်တင့်တယ်တယ်ဖြစ်ပေါ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မာမာတင်းတင်း သိပ်သိပ်သည်းသည်းလမ်းပါဗျား။

နာရေးလာကြတဲ့ အသုဘကားရော၊ လိုက်ပို့တဲ့ ကားတွေရော အခု အထဲကို ချောချောမောမော ဝင်လို့သွားလို့ ရသွားပြီ။

ကားတွေရပ်ဖို့ မြေအကျယ်ကို မြက်ခြုံတွေရှင်းထားပေးလို့ အသုဘလာကြသူတွေ ဝမ်းသာကြတယ်။ ကားသမားတွေက ပိုပြီး ကိုဗျိုင်းရှည်ကို ကျေးဇူးတင်ကြတယ်။

ဒါကိုကြည့်ပြီး အလှူရှင်ကုသိုလ်ရှင် ကိုဗျိုင်းရှည် ကြည်နူးလို့မဆုံးဘူး။

ငါပဲသေသေ၊ ငါ့အမေပဲသေသေ၊ ငါ့ဇနီးပဲသေသေ ဒီရွှေတစ်ဆုပ်သချိုင်း အဝင်လမ်းကနေ ဘေးမသီရန်မခ ကားတိမ်းစောင်း လဲပြိုခြင်းမရှိဘဲ လိုက်ပါပို့ဆောင်သွားကြရရင် ဒါ ကောင်းကျိုးပဲ။

ဟော... ကြည်နူးလို့လု မဝသေးပါဘူးဗျာ။

ရပ်ကွက်လူကြီး လမ်းအလှူရှင် ကိုဗျိုင်းရှည် ရုတ်တရက် သေသွားပါရောဗျာ။

သေပုံကလည်း မြန်လိုက်တာ။

မြို့ပေါ်အစည်းအဝေးက ပြန်အလာ ပူလွန်းတာနဲ့ ရေခဲရေနှစ်ခွက်သောက်ပြီး ရေချိုးပစ်လိုက်တာ။

အဲဒီမှာ ဖြုန်းခနဲ ပစ်လဲကျသွားတာပဲ။

"အမလေး..."

"ဝုန်း"

"ဘုန်း"

အသံကြားလို့ သူ့မိန်းမ မသောင်းခင် ပြေးကြည့်ရော ရေအိုးဘေးမှာ မှောက်လျက်လဲပြီး ငြိမ်နေပြီ။

"လာကြပါဦးတော် ... ကိုဗျိုင်း ဘာဖြစ်မှန်းမသိဘူး။ ခေါ်လို့မရတော့ဘူး။ အမလေး လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံအော်သံ ခေါ်သံကြားလို့ အိမ်နီးနားချင်းများ ရောက်လာတော့ ကိုဇျိုင်းရှည် သတိမရတော့ဘူး။

ကားငှားပြီး မြို့ဆေးရုံကို အမြန်ပို့ကြပေမင့် . . .

ဆေးရုံရောက်တော့ အသက်မရှိတော့ဘူး။

နေပူထဲကပြန်လာပြီး ရေခဲရေသောက်၊ ရေကောက်ချိုးလိုက်တော့ အပူနှင့်အအေးဓာတ်ဆန့်ကျင်ပြီး . . .

ကိုဇျိုင်းရှည် သေသွားပြီဆိုတဲ့ သတင်းကြားတော့ ဘကြီးအုန်းတို့၊ ဘိုးငွစာတို့၊ ဦးကုလားကြီးတို့ ရေးလူကြီးအုပ်စုက မျက်နှာကိုမဲ့ပြီး ခေါင်းတညိတ်ညိတ် လုပ်ကြတယ်။

"ငတို့ ကြိုပြောသားပဲ။ သချိုင်းအဝင်လမ်းကို ကျကျနန မဖြစ်ပါစေနဲ့၊ မလုပ်ကောင်းဘူး ခိုက်တယ်လို့"

"သင်းက နားမှမထောင်၊ မနာယူဘဲကိုး"

"ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်း မလွယ်နဲ့တဲ့။ ခေတ်လူငယ်အချို့ ပြောရကျပ်ပါတယ်ကွာ။ ငါက လူကြီးပဲ ငါလုပ်ရင်ဖြစ်တယ်လို့ ငါ . . . ငါ . . . တယ် အထင်ကြီးကြတာကိုး"

အမျိုးမျိုးလည်း ရွာထဲရပ်ထဲ ဝေဖန်ကြပေါ့ဗျာ။

"ကိုဇျိုင်းရှည်ကို ရွှေတစ်ဆစ်သချိုင်းက ခေါ်တာတဲ့"

"ဘာလို့ခေါ်တာတုံးဟဲ့"

"သချိုင်းအဝင်လမ်းကောင်းသွားလို့ ကျေးဇူးဆပ်ချင်လို့ ခေါ်တာတဲ့"

"ကောင်မရဲ့ ဘယ်သူက ခေါ်တာတုံးအေ့"

"ညည်းလင်၊ ညည်းလင် သချိုင်းကုန်းက တစ္ဆေသရဲတွေခေါ်တာဟဲ့"

"ကျေးဇူးတင်လို့ . . . ဘုရား . . . ဘုရား . . . ငါ ဒီတစ်ခါပဲ ကြားဖူးတယ် မိငြိမ်းတုတ်ရယ်။ နင့်လည်း ကျေးဇူးတင်ပြီး ခေါ်ရင်ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . အနာကျမ ဝမ်းတော်လားမရဲ့။ ငါ့ကို ခေါ်မှာမဟုတ်ဘူး။ နင့်လင် သိန်းဝင်းကိုခေါ်မှာ နင့်လင်က ရပ်ကွက်ဥက္ကဋ္ဌကိုဖားပြီး သချိုင်းအဝင်လမ်းလုပ် တုန်းက ဝင်လုပ်အားပေးနေတာ ကျိန်းသေခေါ်တော့မှာ ကောင်မ . . . မုဆိုးမ ဖြစ်ဖို့ နာရီပိုင်းရက်ပိုင်းပဲ လိုတော့တယ်။ အားရအောင် ငိုးကြည့်ကြပေ့"

"ဟဲ့ . . . ဟဲ့ . . . ငြိမ်းတုတ် . . . ဖွ ဖွ . . . ဘုရား . . . ဘုရား . . . သမ္ဗုဒ္ဓေ . . . သမ္ဗုဒ္ဓေ . . . အဲ . . . အဲ . . . နောက် ဘာလဲဟင် . . . ဟင် မိဂျမ်း"

"နောက်အဆက် ကုလားအမေ . . . အုန်းမြတဲ့"

"ဘာ . . ."

"အဋ္ဌဝီ သဥ္စပါဟယ် . . . နင့်လင်ကုလားအမေ အုန်းမြလား။ အဝီစိကို တိုက်ရိုက်ချင်းပစ်ဒုံးပျံနဲ့ လိုက်သွားမည့် အနာကျမ . . . မိဂျမ်းရဲ့"

ပြောနေကြတာပါ။

ရေးရိုးဝါဒီတွေက ရေနွေးကြမ်းဝိုင်းဖွဲ့ပြောနေကြတာပါ။

ဥက္ကဋ္ဌမျိုးရှည်ပြီးရင် သချိုင်းအဝင်လမ်း ဝိုင်းလုပ်ကြတဲ့ သောင်းရွှေ၊ အောင်မောင်း၊ လှဝင်း၊ တင်ဖေနဲ့ ရာအိမ်မှူး ကိုစိုးဝင်းကြီးတို့ လိုက်ရတော့မယ်တဲ့။

ကိုစိုးဝင်းတို့ အစားမပျက်ပေါင်ဗျာ။

ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး (၃၁)ဘုံကို ညစဉ် အမျှပေးဝေနေတာပါ။

သောင်းရွှေတို့ အောင်မောင်းတို့လည်း အသောက်မပျက်ပါဘူး။ ဦးမျိုး ရှည် အသုဘချတဲ့နေ့ကဗျာ စည်ကားလိုက်တာဗျာ။

မြို့ပေါ်က အုပ်ချုပ်ရေးမှူးတွေပါ လိုက်ပို့ကြတာ။

ဦးဖင်းအောင်စိန်ကတော့ မိန့်ပါတယ်။

မျိုးရှည် ခုလောက်ဆို နတ်ပြည်ရောက်ပြီး နတ်သမီးတွေနဲ့ ပျော်နေ ရော့မယ်တဲ့။

မျိုးရှည်မိန်းမ မိမုန်းက . . .

www.burmeseclassic.com



"ဟုတ်ပါ့မလား . . . ဦးဇင်းရယ်"

"မယုံရင် နှင်ပါလိုက်သွားပြီး ကြည့်"

"အမလေး . . . ဖွ ဖွ ဖွ"

ကိုဗျိုင်းရှည်ရဲ့ လမ်းပြင်တဲ့ ဂုဏ်သတင်းက သေသွားပေမင့် မှိန်မသွားဘဲ ပိုပြီး ရှိန်းမွှမ်းလာကြတယ်။

အံ့သြဖို့ကောင်းတာ ပေါ်လာပါရောဗျာ။

သချိုင်းအဝင်လမ်း မပြင်ဖို့ ကန့်ကွက်တဲ့ . . .

ပြီး သချိုင်းပြင်ပြီးမကြာခင် သေသွားတဲ့ ကိုဗျိုင်းကို နေ့စဥ် အမနာပ ပြောပြောဝေဖန်နေကြတဲ့ . . .

ရှေးရိုးဝါဒီကြီး ဦးအုန်း၊ ဗျိုင်းရှည် ရက်လည်ပြီးနောက်နေ့ သွေးတိုးနဲ့ သေတယ်။ ဦးအုန်း ရက်လည်ပြီး နောက်တစ်နေ့ ဦးဂွတို ဝမ်းလျှောပြီး သေပြန်ပါရော။

သူတို့အဖွဲ့က သုံးယောက်ပဲ ကျန်တော့တယ်။

ဦးထွန်းညာ၊ ဖိုးကဆုန်နဲ့ ဦးကုလားကြီး။

အခု သူတို့ တော်တော်လေး လန့်နေကြတယ်။ လူနောက်လူပြောင်တွေကရော ရာအိမ်မှူးစိုးဝင်းကြီးကရော . . .

"ဘကြီးထွန်းညာ"

"အေ . . . ဘာတုံးဟ"

"ဘကြီးလည်း သတိထားဦးဗျာ"

"ဘာကို ငါက သတိထားရမှာတုံး . . . စိုးဝင်းကြီးရ"

"ဘကြီးတို့ အုပ်စုက ပြောမဟုတ်လားဗျ။ သချိုင်းအဝင်လမ်းပြင်တဲ့ ကျုပ်တို့အုပ်စု တစ်ယောက်ပြီးတစ်ယောက် ဗျိုင်းရှည်နောက်ကို လိုက်ရတော့မယ်လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ...ဒါက..."

"အခု ကျုပ်တို့အုပ်စုထဲက မလိုက်ရဘဲ ခင်ဗျားတို့ ရှေးရိုးဝါဒီ အတွေး အခေါ် လွဲချော်နေတဲ့လူတွေပဲ တစ်ယောက်ပြီးတစ်ယောက် ရွှေတစ်ဆုပ်သချိုင်း ရောက်သွားကြပြီ။ ပြီး...သွားလေသူ ဘကြီးအုန်းနဲ့ ဖိုးဝွတိုတို့က နတ်ထိန်းကြီး ဒေါ်နက်ထည်ကို ဝင်ပူးပြောသတဲ့ဗျာ"

"ဘာပြောလို့လဲ"

"ကျန်ခဲ့တဲ့ ဘကြီးထွန်းညနဲ့ ဖိုးကုလားနဲ့ ဖိုးကဆုန်ကို ရက်လည်ပြီး နောက် မကြာခင် ရွှေတစ်ဆုပ်သချိုင်း အရောက်ခေါ်မယ်တဲ့ဗျို့"

"ဟင်း...ဟင်း...ရှာရိုးမသား၊ လူလွန်မသား၊ အမျိုးယုတ်တွေ ကျက်သရေမရှိတဲ့စကား ငါ့လာပြော..."

"ဂီး..."

"အမလေး...မြတ်စွာဘုရား...လန့်လိုက်တာ ငှက်ယုတ်မာရယ်။ ဖွ...ဖွ...ဖွ...ဘုရား...ဘုရား...ဗုဒ္ဓေါ...ဗုဒ္ဓေါ...အဟွတ် အဟွတ် အဟွတ် အရဟံ...အရဟံ"

ဘုရားစာရွတ်ပြီး ပြေးပါရောလား။

အသက်ကြီးနေတာတောင် သေဖို့ကြောက်တုန်းပဲ။

မသေခင် ကောင်းတာလုပ်သူတွေကို အားပေးဖို့ မစဉ်းစားဘူး။ ရိုးရာ မလေ့မဟုတ်တဲ့ အကျိုးမဲ့စကားတွေနဲ့ လူပြည့်မှာ အချိန်ကုန်နေကြတယ်လို့ ဝေဖန်ကြတယ်။

သို့သော်လဲပေါ့လေ...

သက်ကြီးစကား သက်ငယ်ကြားတဲ့။

ရိုးရာပျောက်ရင် လူမျိုးပျောက်မယ်တဲ့။

"နာရေး"ကိစ္စနှင့် စပ်လျဉ်းလာရင်တော့ ယုတ္တိမရှိတာတွေကို သိပ်သည်း အယူမသီးကြပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲစွန့်ပယ်လို့ရတာကို ရဲရဲသာ ပယ်ကြပါ။

ဒါပေမင့် အတင့်တော့ သိပ်မရဲကြနဲ့ပေါ့။ ဘာလို့လဲဆိုတော့ မဖြစ်နိုင်ပါဘူးလို့ မှတ်ယူတွေးထင်ထားတာတွေ မျက်စိရှေ့မှောက်မှာ အမှန်တကယ် ဖြစ်ပျက်သွားတာ ရှိနေလို့ပါ။

အသုဘဆိုတာ (မတင့်တယ်ခြင်း)လို့ အဓိပ္ပာယ်ရပါတယ်။ သုဘဆိုတာက တင့်တယ်တာကို ပြောတာပါ။ မည်သို့ပင်ရှိကြစေ အသုဘ မတင့်တယ်တဲ့ ပတ်သက်မှုတွေကို လူနှင့် လူ့ဝန်းကျင်မှာ (သုဘ) တင့်တယ်အောင်၊ မြင်ကောင်းအောင်၊ အများလက်ခံ သာဓုခေါ်နိုင်အောင် ရိုးရာဓလေ့လည်းမပျက်။ ခေတ်အစွန်းလည်း မရောက်အောင် လုပ်သွားကြရင် စိတ်ရောကိုယ်ပါ ချမ်းသာကြပေါ့ဗျာ နော်။

BURMESE CLASSIC

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com